

ဟေ့ဇော်ပြပါ့
နှလုံးသားမှာ
ငွေးနေသည်


ပေမယ့်မြင့်
နှလုံးသားမှာ
ဆွေးနေသည်
စာပေပကမ္ဘာ
အမှတ်-၈၂၊ ၉၄-လ
ကန်တော်ကလေး၊ ရန်က





## ည(၇)နာရီ[illegible]ပေးပါ
## သင့်ကဲ့သို့အသစ်ဖတ်ချင်သူများ
## စောင့်ဆိုင်းနေသည်။

# ဒို့တာဝန်အရေးသုံးပါး

---

☆ ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

ထိုက်ကိုအောင် • ၁၀[illegible]

[illegible]

[illegible]

# ဟော်ဟာပြှုင်

နှလုံးသားမှာ ခွေးနေသည်

(အသစ်စက်စက် စ–ဆုံး လုံးချင်း)

ထာဝရသတိရနေပါသည် နွေး။

အထူးသဖြင့် သစ်ရွက်တွေမြေသက်ကြွေတဲ့ နွေရက်တွေ ရောက်တိုင်း ပိုလို့သတိရနေမိပြန်ပါတယ်။

နွေးနဲ့ပတ်သက်တဲ့....

တိုက်ဆိုင်မှုတွေ ကြုံကြိုက်တိုင်း ရင်မှာလှုပ်ခတ်မှု ဖြစ်ရတာကိုလဲ ကိုယ့်ဘာသာ သတိထားမိခဲ့ပါတယ်။

သည်တိုက်ဆိုင်မှုတွေဖြစ်တိုင်း နှစ်ပေါင်းများစွာ ကြာခဲ့ပြီးမှ ပျောက်ပျက်ဖို့ကောင်းနေတဲ့ ဝေဒနာတစ်ခုက ပြန်ထလာသလို ခံစားမိတယ်လေ။

နှလုံးသားမှာ ထင်ကျန်ခဲ့တဲ့ အမာရွတ်တစ်ခုကတော့ ကုစားရခက်နေပြီ နွေးရယ်။

အချစ်သစ်တစ်ခုကိုရှာဖို့ ကြိုးစားချင်ပါတယ်။
ဒါပေမယ့် နှလုံးသားက မတိုက်တွန်းဘူးလေ။
အသည်းထဲက စွဲနေအောင်ချစ်ချင်ပါတယ်။
နှလုံးသားက လက်မခံတော့ပါဘူး။

ကိုယ့်အပေါ် ကြည်ဖြူစွာလက်ခံနိုင်မှန်း သိပေမယ့်လဲ နှလုံးသားက ငြင်းပယ်တတ်ခဲ့ပြီ နွေးရယ်။

တစ်ချိန်တုန်းက နွေးလည်း ကိုယ့်အပေါ် လက်ခံနိုင်မယ် ထင်ပြီး ဖြူစင်သန့်ရှင်းတဲ့ ကိုယ့်နှလုံးသားထဲက အချစ်တွေကို တုံ့ပြန်ဖို့ ဆုံးဖြတ်ထားခဲ့တယ် မဟုတ်လားကွယ်။

သည့်အတွက်လည်း တစ်စုံတစ်ယောက်သောဆိုတာကို နွေး လက်မခံခဲ့တာပဲ ဖြစ်ပါမယ်။

တွေ့စကတည်းက ဖြစ်တည်လာတဲ့ ရင်ထဲကအချစ်ကို မျိုသိပ်ထားနိုင်ရင် ကောင်းမှာပါလို့ နောင်တရတဲ့အချိန်မှာ ရင်ထဲမှာတော့ နွမ်းကြေမှုတွေနဲ့ အလွမ်းတွေစုလို့နေပါပြီ နွေး။

ချစ်တဲ့စိတ်ကို မျိုသိပ်ဖို့ကြိုးစားရင်း အဲ့ဒီမျိုသိပ်ဖို့ကြိုးစားတဲ့ စိတ်ကိုပဲ အချစ်စိတ်က ပေါက်ကွဲထွက်သွားစေခဲ့တယ်လေ။

သည်လိုပေါက်ကွဲခဲ့ပြီးမှ မျှော်လင့်တာတွေဖြစ်မလာဘဲ ကိုယ့်အတွက် အလွမ်းချည်းကျန်ခဲ့ပါတယ် နွေး။

( ၁ )

'ဘာလိုလို့နဲ့ ကျောင်းဖွင့်တော့မယ်နော်၊ ရှေ့တစ်နှစ်ကြိုးစားလိုက်ရင် တက္ကသိုလ်ဆိုတဲ့ ကျောင်းကြီးကို တို့တက်ကြရမယ်'

တင်ဝင်းလှ စကားကြောင့် အကြည့်က သူ့ဆီရောက်သည်။ သောက်လက်စ လက်ဖက်ရည်ခွက်ကို အသာချပြီး....

'ဟုတ်တယ်၊ တင်ဝင်းလှ၊ ငါတို့ဘဝကစ်သက်တာကို ဒီအတန်းကပဲ အဆုံးအဖြတ်ပေးမှာ၊ သေသေချာချာ

တော့ လုပ်ရမယ်ကွာ၊ အိမ်ကလဲ ငါ့ကို အားကိုးတကြီးနဲ့ မျှော်လင့်ထားတာ၊ အသက်မွေးဝမ်းကျောင်း တစ်ခုခု တော့ ဝင်မှဖြစ်မှာ'

'မင်းက တော်ပြီးသားပါကွာ၊ အင်း....ကျူရှင်တောင် ဖွင့်တော့မယ်နော်'

ငြိမ်းချမ်းထံမှ စကားကိုကြားတော့ ခေါင်းထဲကို အတွေး တစ်ခု ဖျတ်ခနဲ ဝင်လာသည်။

'ဒါနဲ့ မင်းတို့ကို ငါတစ်ခုပြောရဦးမယ်'

'ဘာကိုလဲ ရဲမင်းသူ'

ငြိမ်းချမ်းက သိချင်စိတ်နှင့် မေးၡ၏။

'ဖေဖေက မနေ့က ငါ့ကိုပြောတယ်၊ ကျူရှင်တက်ဖို့ကိစ္စ တဲ့ သူ့ သူငယ်ချင်း ကျူရှင်ဆရာတစ်ယောက် ရှိတယ်တဲ့၊ ဦးလှမြင့်တဲ့ ကြည့်မြင်တိုင်ကလို့ ပြောတယ်'

'ဟာ....အဲဒါ ငါတို့တက်မယ့်ဆရာကွ'

တင်ဝင်းလူက ဝမ်းသာအားရပြောသည်။

'ဟုတ်လား၊ ဖေဖေနဲ့ ဆရာနဲ့တွေ့ပြီးခဲ့ပြီကွ၊ ငါက သွား တက်ရုံပဲ ဖေဖေ ဆေးပင်စင်နဲ့ အလုပ်ကနားတော့ သူ့ မိတ်ဆွေ သူငယ်ချင်းတွေ လာတွေ့ကြတယ်လေ၊ အဲဒါ ငါ့အဖေနဲ့ ဆရာနဲ့က ကျောင်းကဘည်းက အတူသွား အတူလာခဲ့တဲ့ သူငယ်ချင်းတွေတဲ့၊ ဆရာက ကျူရှင်ပြ နေလို့ အကူညီတောင်းလိုက်တာ'

နိုင်ရှ စာပေ
၄၃၀၊ ဗညားဒလလမ်း၊ တာမွေ



'မင်းအတွက် အရမ်းအဆင်ပြေတာပေါ့ကွ၊ ငါတို့က တော့ ကုန်ဦးမယ်'

ငြိမ်းချမ်းက ညည်းၡပြော၏၊

'မင်းတို့က ချောင်လည်တော့ တော်သေးတာပေါ့ကွာ၊ မင်းဆို အမေတစ်ယောက်တည်းပေမယ့် အဒေါ်တွေက ဖူးဖူးမှုတ်ထားတာ၊ ပြီးတော့ မင်းက သားတစ်ယောက် တည်း၊ ညီအစ်ကိုမောင်နှမလဲ ရှိတာမဟုတ်ဘူး၊ မင်း အတွက် အစစအရာရာပြည့်စုံပါတယ် ငြိမ်းချမ်းရာ၊ တင်ဝင်းလူဆိုလဲအဖေရောအမေရောဝန်ထမ်း၊မောင်နှမ နှစ်ယောက်တည်းဆိုတော့ဒီကောင်ကလဲအဆင်ပြေတာ ပဲ၊ ငါသာ မောင်နှမ လေးယောက်ပြီးတော့ အကြီးဆုံး၊ ဖေဖေကလဲ ပင်စင်နဲ့နားနေ မေမေ့လစာတစ်ခုတည်းနဲ့ လုံလောက်အောင် သုံးနေရတာ ကျောင်းဖွင့်ရင် အငယ် တွေကိုလဲ ကျောင်းအပ်ရဦးမယ်၊ ဒီတော့ ငါ့ကျူရှင် စရိတ်က သက်သာမှဖြစ်မှာ၊ ဖေဖေ့ သူငယ်ချင်းကိုလဲ ငါအရမ်း ကျေးဇူးတင်နေတယ်'

ပြောပြီး လက်ဖက်ရည်ကို ငုံ့သောက်လိုက်၏။

စကားဝိုင်းက ခေတ္တတိတ်ဆိတ်သွားသည်။

အားလုံး၏စိတ်ထဲမှာတော့ အတွေးကိုယ်စီနှင့်....

'ငါ....ဆရာဝန် အရမ်းဖြစ်ချင်တယ်ကွာ'

တိတ်စိတ်ခြင်းကို သူကပင် စတင်ဖြိုခွဲလိုက်၏။

ဘယ်သူမှ စကားမဟခင် စကားကိုဆက်လိုက်သည်။

'ဖေဖေ ဆေးပင်စဝ်နဲ့ နားပြီးကတည်းက သိပ်မကျန်းမာချင်ဘူး၊ ငါ့အဖေကို ငါကိုယ်တိုင် ဆေးကုပေးချင်တယ်ကွာ၊ အခြေအနေက ပေးပါ့မလားမသိဘူး'

'ဘာလို့မပေးရမှာလဲရဲမင်းသူ၊မင်းသာကြိုးစား အမှတ်ကောင်းရင် ဆေးလိုင်းရမယ်၊ အားမလျှော့စမ်းပါနဲ့ကွာ'

တင်ဝင်းလူက အားပေးစကားပြောသည်။

'ဒါနဲ့ ကျူရှင်က နက်ဖြန်ညနေနော်၊ မင်းတို့လဲအပ်ရင်းနဲ့ တစ်ခါတည်း လိုက်တက်ကွာ'

'စိတ်ချ၊ ဘယ်နှစ်နာရီလဲ'

'လေးနာရီစမှာတဲ့၊ သုံးနာရီခွဲလောက် ငါလာခဲ့မယ် အိမ်ကပဲစောင့်နေ'

'အေး....ဒါဆိုပြန်ကြမယ်'

တင်ဝင်းလူ စကားအဆုံး လက်ဖက်ရည်ဖိုးရှင်းပြီး ထလိုက်ကြသည်။

နက်ဖြန်ဆိုသော အနာဂတ်တစ်ခုသည် ဘဝ၏အဆုံးအဖြတ်အတွက် ပထမ ခြေလှမ်းအစဟု တွေးမိလိုက်သည်။

☆

( ၂ )

နောက်တစ်နေ့ညနေ ကျူရှင်ရောက်တော့ သူက ဆရာနှင့် ဝင်တွေ့သည်။ တင်ဝင်းလူနှင့် ငြိမ်းချမ်းက ကျူရှင်စာရေးဆီမှာ ငွေသွင်းပြီး ကျူရှင်ကာဒ်လုပ်နေသည်။

ဆရာက သူ့ကိုဂရုတစိုက်နှုတ်ဆက်ပြီး စာရေးဆီမှာ လိုအပ်သမျှ အကုန်လုပ်ပေးသည်။

ကိစ္စတွေပြီးတော့ သုံးယောက်သားစာသင်ခုံများ၏ အလယ်နားကျကျမှာ ဝင်ထိုင်လိုက်သည်။

ကျူရှင်က ဖွင့်စမို့ လူနည်းနေသည်။ ရေတွက်ကြည့်တော့ သူတို့အပါအဝင် ဆယ့်သုံးယောက်ပဲရှိ၏။

ခဏကြာတော့ ဆရာဝင်လာသည်။ ဆရာ့လက်ထဲမှာ စာအုပ်တွေပါလာတာတွေ့သည်။ ဘာစာအုပ်တွေမှန်းတော့မသိ၊ ဆရာက စကားစသည်။

'ဆရာတို့ ဂရမ်မာ စသင်ရအောင်၊ အခု ဆရာ ဂရမ်မာ စာအုပ်တွေ ရိုက်ထားတယ်၊ လောလောဆယ် ဆယ်အုပ်ပဲ ရှိတယ်၊ သုံးယောက်ကတော့ နောက်မှယူ အတူတွဲကြည့်ကြပေါ့'

ဒီနေ့ အင်္ဂလိပ်ချိန်မို့ ဂရမ်မာစာသင်မည်ဟု ဆရာက ကျူရှင်မတက်မီပြောထားသော စကားကိုပြန်ကြား၏။

ပြီးတော့ အတွေးကဆက်ဝင်သည် မိမိက အလကားတက်သူ၊ သူများတွေက ပိုက်ဆံပေးတက်သူ၊ စဉ်းစားပြီး ဆရာ့ကို လှမ်းပြောဖို့ကြည့်လိုက်တော့ ဆရာက ရှေ့မှာ စာအုပ်ကို မျှတစွာခွဲပေးနေ၏။ အနားရောက်မှ....

'ကျွန်တော့်ကို နောက်မှပေးပါဆရာ၊ ရပါတယ် ကျန်တဲ့သူတွေကိုပဲ ပေးလိုက်ပါ'

'ဟာ....ဘယ်ဟုတ်မလဲ၊ မင်းတို့က သုံးယောက်ဆိုတော့ တစ်အုပ်တော့ ရှိမှဖြစ်မှာ'

ဆရာကပြောပြီး စာအုပ်ကိုလှမ်းပေးသည်။



ထိုစဉ် မိန်းကလေးအတန်းဘက်မှ အသံတစ်သံ ထွက်လာ၏။

'ဆရာ၊ စာအုပ်တစ်အုပ် ဒီမှာပိုသွားပြီ၊ သမီးအစ်မဆီက စာအုပ်ပါလာတာ မေ့နေလို့၊ ပြန်ယူပါဆရာ လိုတဲ့သူ ပေးလိုက်ပါ'

အသံရှင်က ဆရာ့ကိုလှမ်း၍ စာအုပ်ပေးလိုက်သည်။ဆရာ့ကို ကြည့်ရင်း အသံရှင်ဆီလှမ်းကြည့်ခိုက်မှာ မျက်လုံးချင်းဆုံမိသည်။

မျက်လွှာလေး အသာအယာချသွားသောသူ့ကို ကြည့်ရင်းရင်မှာ လှိုက်ခနဲဖြစ်သွားသည်။

'ကဲ....ရော့၊ မင်းတို့နှစ်အုပ်ယူ မလုပ်ပါနဲ့ ရဲမင်းသာယ်တော်ကြာ မင်းအဖေက ငါ့သားကိုအလကားဘက်လို့ နှိမ်တယ်ထင်နေပါဦးမယ်'

'မထင်ပါဘူးဆရာ၊ ကျန်တဲ့လူတွေက ပိုက်ဆံပေးတက်တော့ သူတို့လဲ စာအုပ်အရင်ရချင်မှာပေါ့၊ ဒါကြောင့် ကျွန်တော်က မယူတာပါ'

'ကဲပါကွာ၊ ယူထားလိုက်ပါ၊ ဆရာလဲစာသင်ရဦးမယ်၊ မင်းလဲဆရာ့တပည့်ပဲဟာ အတူတူပေါ့၊ မင်းဘာမှ အားငယ်မနေနဲ့'

ဆရာက သူ့စိတ်ကိုနားလည်စွာပြောပြီး ထွက်သွားသည်။ စာအုပ်နှစ်အုပ်ကိုလှမ်းယူရင်း ငြိမ်းချမ်းနှင့် တင်ဝင်းလူကို လှမ်းပေးလိုက်၏။

'မင်းက စာမသင်ဘော့ဘူးသွား၊ တစ်အုပ်ယူလေ ငါတို့က တစ်အုပ်ဆို ဖြစ်ပါတယ်'

တင်ဝင်းလူက ပြောပြီး တစ်အုပ်ပြန်ပေးသည်။

'မင်းကလဲကွာ တွေးပြီးအားမငယ်စမ်းပါနဲ့၊ ကိုယ်က ဆရာနဲ့သိတယ်ဆိုပြီး ဂုဏ်ယူနေရမှာ'

ငြိမ်းချမ်းက အားပေးစကားပြောသည်။

'ဒီကောင်က အလိုလိုမှ အားငယ်ငယ်ချယ်၊ အခုလဲ အလကားတကာတယ်ဆိုပြီး စိတ်က ဘာတွေဖြစ်နေလဲ မသိဘူး၊ လုပ်မနေနဲ့ ရဲမှင်းသူ မင်းကို ဆရာကပြောသွားတယ်မဟုတ်လား၊ မင်းကလဲသူ့တပည့်ပဲ၊ ကဲပါကွာ စာကိုအာရုံဝင်လိုက် အေးအေးဆေးဆေးပေါ့၊ လျှောက်တွေးမနေနဲ့'

တင်ဝင်းလူ စကားအဆုံး သက်ပြင်းကို ဟင်းခနဲချသည်။ သူပြောသောစကား၊ သူ့အမူအယာတွေကြည့်ပြီး သူငယ်ချင်းတွေ အားပေးနေတာကို နားလည်ပါ၏။

တကယ်ဆို ဘာမှအားငယ်စရာမှရှိပါ။



ငြိမ်းချမ်းပြောသလို ဂုဏ်တောင်ယူရဦးမည်။ ပင်ကိုယ်စိတ်က အားငယ်တတ်တာပဲ ဖြစ်မည်ဟုတွေးပြီး စာထဲမှာ စိတ်ကိုနှစ်လိုက်၏။

စာအုပ်ဆီ အကြည့်ရောက်တော့ ဒီဒီတို့ကို စာအုပ်ပေးသော သူထံ စိတ်ကရောက်သည်။

စိတ်ထဲမှာ ကျေးဇူးတော့ တင်နေမိပါ၏။ ဆရာ့ဆီမှ စာအုပ်တစ်အုပ်သာရလျှင် သုံးယောက်ခေါင်းချင်းဆိုင်ပြီးကြည့်နေရမည်။

အခုကျတော့ အလယ်တစ်ယောက်က ဘေးနှစ်ဘက်မှ မျှကြည့်နိုင်သည်။

တွေးရင်း စာအုပ်ပေးသူကို လှမ်းကြည့်တော့...

သူကတော့ ခေါင်းလေးငုံ့ပြီး စာကိုကြည့်နေပါသည်။

* * *

ကျူရှင်ဆင်းတော့ ယောကျ်ားလေးတွေ အရင်လွှတ်သည်။ ငြိမ်းချမ်းနှင့် တင်ဝင်းလူကို ခဏစောင့်ခိုင်းထားပြီး မိန်းကလေးများ ထွက်လာသည်ကို ရပ်ကြည့်နေမိ၏။

ခဏကြာတော့ သူတို့ကို စာအုပ်ပေးသော ကောင်မလေး ထွက်လာသည်။

'ဒီမှာ'

အနားကပ်ခေါ်ပြီး လွယ်အိတ်ထဲမှ စာအုပ်လေးကို ထုတ်လိုက်သည်။

'ရှင်....'

သူမ ပြန်လှည့်အကြည့်တွင်....

'စာအုပ်ပြန်ပေးမလို့ပါ၊ ဒီနေ့လေ့ကျင့်ခန်းမှမပါတာ၊ ဒီကစာအုပ်မဟုတ်လား၊ မနက်ဖြန်တော့ ဆရာ့ဆီက စာအုပ်တွေရမယ်ထင်တယ်၊ ရော့....ပြန်ယူနော်၊ ကျေးဇူးပါပဲ'

ပြောပြီး စာအုပ်ကိုလှမ်းပေးသည်။

သူမက ငေးကြည့်နေ၏။

'သွားခွင့်ပြုပါဦး'

ပြောပြီး ချာခနဲ လှည့်ထွက်ခဲ့၏။

တင်ဝင်းလူနှင့် ငြိမ်းချမ်းက ကြောင်ကြည့်နေပြီး အနားရောက်မှမေး၏။



'ဘာသွားလုပ်တာလဲ'

'စာအုပ်သွားပေးတာလေကွာ၊ မမြင်ဘူးလား၊ ဒီနေ့ သူက ဆရာ့ကိုပေးလိုက်တဲ့ ဂရုမ်မာစာအုပ်ပြန်ပေးတာ'

'ဘာလို့ ပြန်ပေးတာလဲ မင်းဟာက ရိုးမှရိုးသားရဲ့လား ရဲမင်းသူ'

တင်ဝင်းလူက ပြုံးစိစိနှင့်မေး၏။

'ရိုးသားပါတယ်ကွာ၊ သူ့စာအုပ်မဟုတ်လား၊ သူ့အမေ ဆီက စာအုပ်အဟောင်းပါလာလို့သာ တို့ကို[illegible]၊ မပါရင် သူ့ဲစာအုပ်အသစ် ကိုင်ချင်မှာပေါ့၊ ပြီးတော့ ငါတို့လဲ လိုမှမလိုဘာ နောက်နေ့ဆို စာအုပ်ရချင်ရမှာ'

'မပေးလဲ ရသားနဲ့ကွာ၊ နောက်နေ့ကျ ဆရာက မရသေးတဲ့သူတွေ ပေးမှာပေါ့၊ ပြီးတော့ သူ့မှာလဲ စာအုပ်အဟောင်းရှိနေတဲ့ဟာ၊ မရရင်တောင် ကိစ္စမရှိဘူး၊ မင်းပဲကြောင်ပြီး ပြန်ပေးလိုက်တာ တို့ဆို မပေးဘူး'

ငြိမ်းချမ်းမျက်နှာကို ရဲမင်းသူက ဖျတ်ခနဲကြည့်ပြီး....

'အားနာလို့ကွ'

'ဘာကိုအားနာရမှာလဲ၊ ငါတို့တောင်းတာလား၊ သူက ပေးတာလား၊ မင်းစိတ်ကတစ်မျိုးပဲ ရဲမင်းသူ၊ ဘာလဲ ကျေးဇူးတင်ရမှာမို့လို့လား၊ ကျေးဇူးမတင်လဲ ဟိုက မင်းကို ဂရုတောင်မစိုက်ဘူး'

ငြိမ်းချမ်းက မကျေမချမ်းပြော၏။

'အေးကွာ၊ ဒီကောင့်ကိုကြည့်ရတာ အားမရဘူး၊ ဒီနေ့ စာမသင်ခင်ကတည်းက သူ့ကိုယ်သူ ကျူရှင်အလကား လာတက်တဲ့ကောင်ဆိုပြီး၊ အားငယ်လို့ငယ် အားမနာရ မယ့်ဟာလဲအားနာ၊ ကျေးဇူးမတင်ရတဲ့ဟာလဲ ကျေးဇူး တင်ချင် အဲဒီလိုကောင်မျိုးအပေါ် ကျေးဇူးများရှိရင် အဲဒီကျေးဇူးတွေတင်နေတဲ့လူကို ရဲမင်းသူ သူ့တစ်သက် သပ်လို့ကုန်မှာမဟုတ်ဘူးထင်တယ်၊ အခုလဲကောင်မလေး ဆီက စာအုပ်လေးရတာကိုများ သူ့စိတ်ထဲ ဧကျေးဇူး တင်နေသလားမှမသိကာ၊ အဲဒီတော့ ကျေးဇူးကြာကြာ မတင်ရအောင် ပြန်ပေးတာနေမှာပေါ့၊ မဟုတ်ဘူး လား'

တင်ဝင်းလူက ဝင်ပြောတော့ ခေါင်းငုံ့ပြီး ငြိမ်နေလိုက် သည်။ ပြီးမှ....

'ကျေးဇူးတော့ တင်ပါတယ်ကွာ၊ ဒါပေမယ့် ကြာကြာ မတင့်ရအောင် ပြန်ပေးတာမဟုတ်ပါဘူး'

'တွေ့လား၊ မင်းပဲ ကျေးဇူးတင်နေ ရဲမင်းသူရေ၊ ငါတို့ ကတော့ စာအုပ်ကိုရရင်ကြည့်မယ်၊ မရရင်မကြည့်ဘူး၊ အဲ့....ရ ထားတာကိုတော့ ပြန်မပေးဘူး၊ မင်းဘာသာ ပေးချင်ပေး မပေးချင်နေ'



တင်ဝင်းလူက ငြိမ်းချမ်းကို ကြည့်ပြောပြီး ရဲမင်းသူဘက်လှည့် သည်။

'သူ့မှာ စာအုပ်ဟောင်းရှိပေမယ့် အသစ်ကို တမင် မပေးလဲရသားပဲ၊ ဒါပေမယ့် စာနာမှုနဲ့ပေးတာတော့ ကျေးဇူးတင်သင့်တယ်လို့ ငါထင်တယ်လေ၊ ဒါကြောင့် လဲ ကျေးဇူးတင်လိုက်တာပါ'

'ကဲ....တော်တော့ကွာ မင်းဘာသာမင်း တင်ချင်တင်၊ မတင်ချင်နေ၊ အိမ်လဲရောက်တော့မယ်၊ နက်ဖြန်ညနေ သုံးနာရီခွဲနော်'

ငြိမ်းချမ်းက စိတ်မရှည်စွာ စကားနှင့်တား၏။

'ဒါနဲ့ နေပါဦး၊ ဆရာက မင်းကဒ်မှာ ဘယ်နှစ်ဘာသာ ရေးပေးထားလဲ'

'လေးဘာသာ'

'ဟာ....ဒီကောင့်ကို လေးဘာသာလုံး အလကားတက် ခိုင်းတာပေါ့၊ ကံတရားကတော့ ရဲမင်းသူတို့ဘက်မှာ ရှိပါ့ကွာ'

သူငယ်ချင်း နှစ်ယောက်က သူ့ကိုကြည့်ပြီး ပြုံးနေကြသည်။ ဆရာက ကျူရှင်မတက်ခင် သူ့ကဒ်ပြားမှာ ဆိုင်းထိုးပေးပြီး

တက်ခွင့်ရသည်။ ဘာသာများနေရာမှာတော့ လေးဘာသာ ရေးပေးထားတော့ သူအတိုင်းမသိ ဝမ်းမြောက်ရသည်။ ဆရာ့ ကိုလည်း ကျေးဇူးတင်မိပါ၏။

သည့်လိုအင်အားရပ်များနှင့်တော့ ဆယ်တန်းကို ဂုဏ်ထူးများစွာနှင့် အောင်မည်ဟု ရဲမင်းသူ ကိုယ့်ကိုယ်ကို ယုံကြည်သည်။

'ဟော့ကောင်၊ ဘာတွေတွေးနေတာလဲ၊ ငါပြောတာ ကော ကြားရဲ့လား'

တင်ဝင်းလူ အသံကြားမှ သတိဝင်၏။

'ဘာလဲကွ'

'လုပ်ပြီ မင်းစိတ်က ကျ ရှင်က ကောင်မလေးဆီ ရောက် နေသလား ရဲမင်းသူ၊ နက်ဖြန်စောစောလာလို့ပြောတာ၊ ပြီးတော့ ဒီညသာဦးမှာလားလို့မေးတာ'

ရဲမင်းသူက ခပ်ယဲ့ယဲ့ ကလေးပြုံးပြီး....

'ဒီညမလာတော့ဘူးကွာ၊ နက်ဖြန်တော့ စိတ်ချ စော စောလာခဲ့မယ်'

တင်ဝင်းလူ စကားကိုပြန်ဖြေရင်း စိတ်က ကျူရှင်က အသို မလေးဆီ ရောက်သွားသည်။



စာအုပ်ပြန်ပေးတုန်းက ငေးကြည့်နေသော သူ့မျက်နှာက လှပ၍ ဂုဏ်ခြေရလွန်းသည်ကို ပြန်လည်အမှတ်ရ၏။

သူ့ကိုတွေးရင်း ရင်ခုန်လာရသည့်အဖြစ်ကိုတော့ ရဲမင်းသူ ကိုယ့်ကိုယ်ကိုလည်း အံ့ဩပါ၏။

☆

(၃)

ဖိနပ်ချွတ်ပြီး အိမ်ပေါ်လှမ်းတက်လိုက်၏။

ညှော်ခန်းမှာ ဖေဖေ သတင်းစာဖတ်နေသည်။ ခြေသံကြောင့် ဖေဖေ မိမိကိုလှမ်းမြင်သွား၏။

'ပြန်လာပြီလားသား၊အဆင်ကောပြေရဲ့လား ဖေဖေ့ကို ပြောစမ်းပါဦး'

ဖေဖေ့ကို ပြုံးပြပြီး ရှေ့ထိုင်ခုံလွတ်မှာ အသာဝင်ထိုင်လိုက်သည်။

‘ပြေပါတယ် ဖေဖေ၊ ဆရာဦးလှမြင့်ကလဲ ဂရုစိုက်ပါတယ်’

‘ဒါနဲ့ သား အဲ့ဒီမှာ ဘယ်နှစ်ဘာသာတက်ရမှာလဲ’

‘ဆရာတို့က လေးဘာသာပဲသင်တယ် ဖေဖေ၊ အဲ့ဒီ လေးဘာသာလုံး တက်ခွင့်ရပါတယ်၊ မြန်မာစာနဲ့ ရူပ နှစ်ခုပဲကျန်တယ်၊ မြန်မာစာက ကျက်စာမို့ ကိစ္စတော့ မရှိပါဘူး ရူပလဲ သားလိုက်နိုင်မှာပါ’

‘မလိုက်နိုင်လဲ ကျူရှင်ယူပေါ့ကွာ၊တစ်ဘာသာလောက်တော့ သားကို ဖေဖေတို့ထားပေးနိုင်ပါတယ်’

‘ရပါတယ် ဖေဖေရာ၊ ဒီတစ်နှစ်ပဲဟာ’

‘အေး....အဲ့ဒီတစ်နှစ်ပဲမို့လို့ ပြောနေဘာကွ၊ ဆယ်တန်းဆိုတာကို မင်း ပေါ့သေးသေးတွက်လို့မရဘူး၊ သားကို ဖေဖေတို့ ဘယ်လောက်ထိ မျှော်လင့်ထားတယ်ဆိုတာ သား သိတာပဲဟာ၊ ဆရာဝန်လိုင်းဝင်အောင်လုပ် မဝင်လဲ အသက်မွေးဝမ်းကျောင်း တစ်ခုခုဝင်ရင် ပြီးတာပဲ၊ သားကို အားကိုးပါရစေကွာ’

စကားအဆုံးမှာ ဖေဖေ့ကိုမော့ကြည့်လိုက်၏။

မျှော်လင့်ချက်တို့နှင့် ဖေဖေ့မျက်လုံးအရောင်က တောက်ပြောင်နေပါသည်လေ။



‘စိတ်ချပါဖေဖေ၊ သား အစွမ်းကုန်ကြိုးစားပါ့မယ်၊ ဒါပေမယ့် ရင်ထဲမှာတော့ တစ်မျိုးကြီးပဲ ဖေဖေ’

‘ဘာကို တစ်မျိုးကြီးတာလဲ သားရဲ့’

‘ကျူရှင်ကို အလကားတက်ရတော့ စိတ်ထဲမှာ အားငယ်သလို ခံစားရတယ် ဖေဖေရ’

ဖေဖေ့မျက်နှာ ကွက်ခနဲပျက်သွားတာမြင်သည်။

ဖေဖေက မျက်နှာကို ချက်ချင်းပြန်ပြင်ပြီး....

‘ဘာမှအားငယ်စရာမလိုပါဘူး သားရယ်၊ လှမြင့်ကြီးက သဘောလဲကောင်းတယ်၊ ကျောင်းမှာကတည်းက ဖေဖေနဲ့အတူတူလေ၊ အခုလဲ သူက လိုတဲ့အကူအညီရှိရင် ပြောဆိုလို့ ပြောလိုက်တာ၊ ငါ့သားက အားငယ်စရာမဟုတ်တာကို အားငယ်နေပြန်ပြီ၊ ငါ့ဆရာက ငါ့အဖေ သူငယ်ချင်းပဲဆိုပြီး အား[illegible]ဘက်ရမှာ’

‘သူငယ်ချင်းတွေကလဲ ဒီအတိုင်းပဲပြောပါတယ် ဖေဖေ၊ ဒါပေမယ့် ဖေဖေရာ သား ပင်ကိုစိတ်ကလဲ အရမ်းအားငယ်တတ်တာလားမသိဘူး’

‘အေးလေ....သားစိတ်ကို ဖေဖေသိသားပဲ၊ သားက အားလဲငယ်တတ်တယ်၊အားလဲနာတတ်တယ်၊ ပြီးတော့ ကိုယ့်အပေါ် ကျေးဇူးတင်ခံရမှာကိုလဲ ကြောက်တယ်၊

လောကကြီးမှာ စိတ်ပျက်အားငယ်တယ်ဆိုတာ ဘဝအတွက် အန္တရာယ်ပဲ သား၊ ယောကျ်ားတွေပဲကွာ၊ ဘာအားငယ်စရာလိုလဲ၊ ဖြစ်လာသမျှ ရဲရဲကြီးရင်ဆိုင်လိုက်ပေါ့'

ဖေဖေ့စကားကြောင့် စိတ်မှာ တစ်အားတော့ဖြစ်ရသည်။ တင်းကျပ် ပိတ်ဆို့နေသည့်အထဲမှ လွတ်မြောက်လာသကဲ့သို့ တစ်ကိုယ်လုံး ပေါ့ပါးသွား၏။

'ကဲ....ကဲ....သား သွားနားတော့၊ တော်ကြာ ထမင်းစားမယ်၊ စာတွေလဲ အခုကတည်းက မှန်မှန်လေး လုပ်သွားပေါ့ကွာ'

ဟုတ်ကဲ့ဟု ပြောပြီး ဖေဖေ့အနားမှခွာသည်။

လွယ်အိတ်ကို စာကြည့်စားပွဲပေါ်အတင်တွင် ကျူရှင်အဆင်း စာအုပ်ပြန်ပေးလိုက်သည့်အဖြစ်ကို တွေးမိ၏။တွေးပြီးစိတ်က ရယ်ချင်ချင်ဖြစ်သွားရသေးသည်။ တင်ဝင်းလူတို့ပြောသည့်အတိုင်း မပေးဘဲနေလျှင်လည်း ရပါ၏။ အခုတော့ မိမိ၏ချို့တဲ့နေသောစိတ်ကြောင့်ဟု တွေးမိသည်။

အလှမ်လေးကတော့ ဘယ်လိုထင်မည်မသိ။

တွေးရင်းနှင့် အင်္ကျီကိုချွတ်လိုက်သည်။ ရင်သည် လွတ်လပ်စွာဖြင့် ဟင်းလင်းဖြစ်သွားသည်။ စိတ်မှာတော့ နေရထိုင်ရဘာပေါ့နေသလိုရှိသည်။ ဖေဖေ့ အားပေးစကားတွေကတော့ ရင်အနှံ့ဖြာဆင်းနေသည်။



နောက်ဖေးမှ မေမေ့အသံကြားတော့ ထမင်းစားဖို့ သတိရသည်။ ထွက်သက်ကို ခပ်ပြင်းပြင်းမှုတ်ထုတ်လိုက်၏။

အနာဂတ်အတွက် အားငယ်နေလို့ဖြစ်ပါ့မလား။

ယောကျ်ားတစ်ယောက်ရဲ့မာနဆိုတာ ဘဝနဲ့ လောကကိုရင်ဆိုင်ဝံ့ခြင်းပါပဲလေ။

## ( ၄ )

'ငါ့ပြောသားပဲ၊ မုင်းဘာသာမင်း ဖြစ်ချင်သလိုဖြစ်နေတာ'

နောက်တစ်နေ့ညနေ တင်ဝင်းလူနှင့် ငြိမ်းချမ်းကိုတွေ့တော့ ဖေဖေ့စကားများကို ပြန်ပြောပြသည်။

'အေးကွာ....ငါကလဲ အိမ်အခြေအနေနဲ့ ငါလုပ်ချင်တာတွေနဲ့ နှိုင်းယှဉ်ပြီး အလိုလိုအားငယ်သွားတာလား မသိပါဘူး၊ဖေဖေ့စကားတွေကတော့ ငါ့ဘဝအတွက် အင်အားတွေပါပဲ'

'ဒါပေါ့'

ငြိမ်းချမ်းက လွယ်အိတ်ကိုနောက်သို့ဆွဲဖယ်ရင်း ပြောသည်။

'မနေ့က စာအုပ်ပေးလိုက်တဲ့ကိစ္စလဲ ဘာနှမဟုတ်ဘဲနဲ့ ကြောင်သလိုဖြစ်သွားမသားမသိဘူး'

'အခုမှ တွေးမိသလားကွ၊ စာမေးပွဲဖြေပြီးမှပဲ ဖြေကွး ပါတော့လား'

တင်ဝင်းလူက အရွဲ့စကားပြော၏။

'ငါလဲ ဘယ်လိုဖြစ်သွားမှန်းကိုမသိဘူး၊ ဒီနေ့တော့ စာအုပ်တွေရကောင်းပါရဲ့၊ မရရင်တော့ ပြဿနာပဲ'

'ကိုယ့်ဘာသာပြန်ပေးပြီးတော့၊ ငါ့ကိုနဲ့တော့ လာ မကြည့်နဲ့ ကိုယ့်လူ၊ ငြိမ်းချမ်းနဲ့ ငါနဲ့က နှစ်ယောက် တစ်အုပ်ပဲ'

တင်ဝင်းလူက သူ့ကို ခပ်ဘည့်ဘည့်နှင့်ပြော၏။

နောက်နေမှန်းကိုသည်း သိသည်။

'မသုပ်ပါနဲ့ တင်ဝင်းလူရာ၊ တော်ကြာ ဆရာသာမေး ရင် ငါက် ပြဿနာဘက်မှာ၊ မင်းတို့နဲ့ပဲ ကပ်ကြည့် ပါရစေကွာ'



တောင်းပန်သံနှင့် ပြောတော့ နှစ်ယောက်လုံးက လှည့် ကြည့်၏။

'မင်းကွာ'

'မတွန့်တိုပါနဲ့ကွာ'

'ကြည့်ကွာ...ကြည့်၊ ကျူရှင်ရောက်တော့မယ်၊ တကယ် လို့ ဆရာက စာအုပ်မရသေးဘူးဆို ပြန်တောင်းကြည့် ပေါ့'

'ဘယ်သူ့ဆီမှာလဲ'

'ဟို....ငတိမလေးဆီကပေါ့ဟ'

ငြိမ်းချမ်းက စိတ်မရှည်စွာ အော်၏။

သည်လိုနှင့် ကျူရှင်ရောက်တော့ စာရေးအစ်ကိုကြီး တံခါး ကပ်ပြီး စုံစမ်းရသည်။

စာအုပ်တွေ အဖုံးမချုပ်ရသေးလို့ မပြီးသေးဆိုသောအခါ ရင်မှာ ထိတ်ခနဲဖြစ်၏။

တင်ဝင်းလူနှင့်ငြိမ်းချမ်းက ဘယ့်နှယ်ရှိစ ဟူသော အကြည့် ဖြင့် ကြည့်ရင်း အတန်းထဲဝင်သွားသည်။

နောက်မှကပ်လိုက်သွားရင်း မနေ့က စာအုပ်ပေးသူ၏ အကြောင်းရောက်၏။

သူငယ်ချင်းတစ်ယောက်နှင့် စကားပြောနေသည်ကို တွေ့တော့ သွားတောင်းရကောင်းနိုးနိုး စဉ်းစားရင်း ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

ပြီး မတောင်းတော့ပါဘူးဟု ဆုံးဖြတ်ရင်း လွယ်အိတ်ထဲမှ စာအုပ်ကိုထုတ်၍ မနေ့က ဆရာသင်သောစာများကို ပြန်ကြည့်နေလိုက်သည်။

ထိုစဉ် မျက်ဝန်းထဲမှာ မိန်းကလေးတန်းဘက်မှ အရိပ်တစ်ခုကို လှစ်ခနဲ တွေ့လိုက်သည်။

အပြင်ထွက်မည့်သူပဲဟုထင်ကာ ဘာသိဘာသာနေခိုက် မိ မိ ရှေ့မှာလာရပ်တော့မှ မော့ကြည့်ဖြစ်လိုက်၏။

သူ....

ဟုတ်ပါတယ်လေ....သူပါ၊

သူ့ကို အံ့အားသင့်စွာ ငေးကြည့်မိစဉ်မှာပဲ....

'စာရေးအစ်ကိုကြီးက စာအုပ်တွေမပြီးသေးဘူး ပြောတယ်၊ ဒီစာအုပ်ကို ပြန်ယူထားလေ၊ ပြန်လဲ မပေးနဲ့တော့၊ စာအုပ်တွေရမှပဲ ယူလိုက်တော့မယ်'

အိပ်မက်မှုဟုတ်ဟုလည်း လုံးဝ နားလည်လိုက်၏။



ထပ်မံအံ့ဩရင်း လက်က သူပေးသောစာအုပ်ကို ယူဖြစ်သည်။

သူ လှည့်ထွက်သွားတော့ သူ့ နောက်ပိုင်းအလှကို ငေးကြည့်နေမိလိုက်သည်။

'ဘယ်လဲ အသိုက်သိပါလားကွ'

တင်ဝင်းလူက လက်ကို တံတောင်ဖြင့်တို့ရင်း ပြောသည်။

'ကြားသွားပါဦးမယ်ကွ'

'ကြားတော့ပိုအဆင်ပြေသွားတာပေါ့'

'မင်းကလဲ'

'အင်း....မနေ့က စာအုပ်သွားပေးလိုက်တာ ခပ်ကောင်းကောင်းပဲ၊ ဇာတ်လမ်းလေးဘာလေး စလို့ရတာပေါ့'

တင်ဝင်းလူက ပြုံးစပ်စပ်နှင့်ပြော၏။

'ဘာဇာလမ်းမှ မစဘူး၊ စာပဲစိတ်ဝင်စားတယ်၊ အပိုတွေ ပြောမနေကြစမ်းပါနဲ့ကွာ၊ ဟိုမှာ ဆရာလာနေပြီ၊ စာသင်တော့မယ်'

ဆရာဝင်လာတာတွေ့၍ တင်ဝင်းလူကို စကားဖြတ်လိုက်ရသည်။ တင်ဝင်းလူက....

'အေးပါ၊ အချိန်အခါကို စောင့်ကြည့်ရသေးတာပေါ့'

ပြောပြီး ငြိမ်းချမ်းဘက်လှည့်စကားပြောသည်။

ဆရာစာသင်ပြီး မကြာမီ လေ့ကျင့်ခန်းတွေလုပ်ခိုင်းတော့ အတွေးထဲမှာ စာအုပ်လာပေးသော သူ့ကိုမြင်သည်။

ဖျတ်ခနဲမော့ကြည့်စဉ် နောက်ကို ပေတံလှည့်ပေးသောသူနှင့် အကြည့်ချင်းဆုံသည်။ သူမက ကပျာကယာမျက်လွှာချပြီး ရှေ့လှည့်သွား၏။ ဘေးတိုက်မြင်နေရသော သူ့မျက်နှာကို ငေးနေလိုက်မိသည်။

ထူထဲစွာ ဖြောင့်တန်းသော မျက်ခုံးမွေးတို့အောက်မှာ မျက်တောင် ကော့ကော့တို့ဖြင့် ဖုံးအုပ်ထားသော မျက်ဝန်းက ရှန်းလဲ့နေ၏။ နှာတံက မလုံးမချွန်ဘဲ သွယ်တန်းနေသည်။ နှုတ်ခမ်းပါးကလေးက ရဲနေပါ၏။ ဆံပင်တို့က ရှည်လျားစွာဖြင့် ဖြောင့်စင်းနေသည်။

နဖူးပေါ် ဝဲကျနေသော ဆံပင်များက ပြတင်းပေါက်မှ လေတစ်ချက်ဝှေ့တိုင်း လှုပ်ခတ်နေသည်ကို မြင်ရသည်။

'ရဲမင်းသူ'

အသံကြောင့် ဖျတ်ခနဲသတိဝင်၏။

ဆရာ့ဆီ လှမ်းကြည့်ခိုက် စိတ်ကမလုံမလဲ ဖြစ်ရသေးသည်။



'ဘာတွေ စဉ်းစားနေတာလဲကွ၊ လေ့ကျင့်ခန်းပြီးရင် ယူခဲ့လေကွာ'

ဆရာက အပြုံးနှင့်ပြောသည်။

တပည့်တွေကို ဆက်ဆံတိုင်း ဆရာသည် အပြုံးမျက်နှာမှာ ထာဝရ တပ်ဆင်ထား၏။

'မပြီးသေးဘူးဆရာ'

'ဒါဆို ဘာတွေငေးတွေးနေတာလဲ ရဲမင်းသူကြီးရ၊ စာထဲ စိတ်ဝင်စားပါကွာ။ ပြတင်းပေါက်ကိုငေးပြီး အပြင်ကလူတွေဆီ စိတ်ရောက်မနေနဲ့'

ဆရာက ပြတင်းပေါက်မှ အပြင်သို့ငေးသည်ထင်၍ စိတ်မှာ သက်သာရရသွားပါ၏။

အလှမလေးကို ငေးကြည့်နေမှန်း ဆရာသာသိရင်....

အတွေးနှင့် ရဲမင်းသူ ရင်တုန်နေရပါ၏။

ညည့်နောက် ဆရာ့အသံကို ကြားရသည်။

'ရဲမင်းသူတင်မဟုတ်ဘူး၊ အားလုံးကို ဆရာပြောချင်တယ်၊ ဆယ်တန်းဆိုတာ ဘဝရဲ့အဆုံးအဖြတ်တစ်ခု၊ တစ်နည်းဆိုရရင် မင်းတို့ သူငယ်ချင်းချင်းအဆင့်အတန်း အပိုင်းအခြားခွဲမယ့်အတန်း၊ မင်းတို့လဲ နားလည်ပြီး

‘သွားပါကွာ၊ဆရာပြောချင်တာက ဒီဆယ်တန်းကို မင်းတို့အားလုံး အဆင့်မြင့်မြင့်အောင်အောင် ကြိုးစားဖို့လိုတယ်၊အဲ့ဒီတော့ သင်သမျှဘာသာ သင်သမျှအချိန်တိုင်းမှာ ဂရုစိုက်ဖို့လိုတယ်၊ လွယ်တယ်ဆိုပြီး ပေါ့ပေါ့ထားရင် အဲ့ဒီလွယ်တဲ့ဘာသာကပဲ ကိုယ့်ကို ဒုက္ခပြန်ပေးမှာပဲ၊ အဲ့ဒီတော့ စာသင်ချိန်တိုင်းမှာ စိတ်ကို စာထဲမှာပဲ ရှိနေပါစေ၊ ကဲ....ကိုယ့်လေ့ကျင့်ခန်း ကိုယ်ဆက်လုပ်ကြပါ’

ဆရာ့စကားသံတို့က နား ထဲမှာ စွဲမြဲကျန်ခဲ့သည်။

သူ့ကိုကြည့်မိသည့် အကြည့်အဘွက်တော့ စိတ်မှာအေးသွား ခဲ့ရတာ အမှန်ပါပဲ။

• • •

ကျူရှင်ဆင်းတော့ ငြိမ်းချမ်းက စကားစသည်။

‘ရဲမင်းသူ မင်းစာအုပ်ပေါ်တဲ့ ကောင်မလေးကို ကြည့်နေတာ မဟုတ်လား’

ရင်ထဲကို ထိုးဖောက်သည့်စကား။

မှန်ကန်နေသည့်အဘွက် အံ့ဩရ၏။



‘ဟုတ်တယ်ငြိမ်းချမ်း၊တော်သေးတယ်ကွာ၊သူက မြတင်းပေါက်နားထိုင်နေတော့ ဆရာကငါ့ကို ပြတင်းပေါက်အပြင်ဘက် ငေးနေတယ်ထင်သွားတာ’

ပြောပြီး သုံးယောက်သား ကြည့်မြင်တိုင်လမ်းမကြီးကို ကူးလိုက်သည်။

‘မင်း အရမ်းစိတ်ဝင်စားသွားပြီလား’

တင်ဝင်းလူက ရဲမင်းသူမျက်နှာကို ကြည့်ပြီးမေး၏။

စာမသင်ခင်က စိတ်မဝင်စားဘူးလို့ ပြောခဲ့သည့်စကားကို သာမင်ရွဲ့ပြီး မေးမှန်းသိသည်။

‘အမှန်တိုင်းပြောရမလား’

‘မင်းလိမ်ညာပြောလဲ တို့ကမင်းနှလုံးသားကို ထိုးဖောက်ပြီး မြင်ထားတယ် ရဲမင်းသူ’

ရဲမင်းသူက ပြုံးပြီး....

‘ဟုတ်တယ်ကွာ၊ ငါ စိတ်ဝင်စားနေတယ်’

‘ကိုယ့်ကိုယ်ကို မလိမ်စမ်းပါနဲ့ကွာ၊ တို့နှစ်ယောက်က မင်းစိတ် ယောက်ယက်ခတ်နေတာကိုကြည့်ပြီး သဘောပေါက်ထားပြီးသား’

တင်ဝင်းလူက....

'မင်းကို စာအုပ်ပြန်လာပေးတာကတော့ အရမ်းထူးခြားတယ်'

'အေး....ဟုတ်တယ်၊ သူလာမပေးရင် ငါဆရာ့ကို ပြန်ရှင်းနေရဦးမှာ၊ ငါ့ဒုက္ခကို သူသိထားသလိုပဲကွ၊ စာရေးအစ်ကိုကြီးကိုလဲ မေးထားပုံရတယ်၊ စာအုပ်ပြန်လာပေးတာတောင် မရသေးတာသူသိနေတယ်၊ ပြန်မပေးနဲ့တော့တဲ့၊ နောက်စာအုပ်တွေကျမှပဲ ယူလိုက်တော့မယ်တဲ့'

'အဲဒါနဲ့ အရမ်းစိတ်ဝင်စားသွားရော ဆိုပါတော့'

ငြိမ်းချမ်းက စကားအဆုံး ဝင်ပြော၏။

'ငါ့ကို နားလည်နေသလိုပဲကွာ'

စကားကြောင့် သူတို့၏အကြည့် ရဲမင်းသူဆီရောက်၏။

'အင်း....ရဲမင်းသူ၊ ရဲမင်းသူ၊ အေးပေါ့လေ မင်းကအိမ်မှာအကြီးဆုံးဆိုတော့ အဖေ အမေတွေရဲ့ အယုအယတွေကို အငယ်တွေလို မခံစားရတော့ဘူး။ဒီတော့ မင်းကိုနားလည်မယ့် သူ ယုယမယ့်သူကို ရှာချင်လာတယ် ထင်ပါရဲ့'



တင်ဝင်းလူက လူကြီးတစ်ယောက်၏လေသံနှင့် တစ်ယောက်တည်းပြောသလိုပြော၏။

'ဒီအရွယ်က စိတ်ကစားတတ်တယ် ရဲမင်းသူ'

'ဘယ်လိုကွ တင်ဝင်းလူ၊ စိတ်ကစားရအောင် ငါကမင်းတို့ကို ဒီကောင်မလေးအပေါ် ချစ်သွားကြိုက်သွားပြီလို့ ပြောတာမှမဟုတ်တာ၊ စိတ်ဝင်စားတယ်ပဲ ပြောရသေးတာ'

'မင်းအသိစိတ်က စိတ်ဝင်စားနေတယ်ပြောပေမယ့် မှသိစိတ်ထဲကချစ်ရင်လဲချစ်နေမှာပဲ၊ အချစ်ဆိုတာဆန်းတယ်နော်၊ တွေ့တွေ့ချင်း မြင်မြင်ချင်လဲ ဖြစ်သွားနိုင်တာပဲ၊ နှစ်တွေကြာပြီးမှလဲ ဖြစ်ချင်ဖြစ်လာနိုင်တာပဲ'

တင်ဝင်းလူ စကားအဆုံး ဆရာ့စကားကိုပြန်ကြား၏။

ဆယ်တန်းဆိုတာ ဘဝရဲ့အဆုံးအဖြတ် တစ်ခုဆိုသော ဆရာ့စကားသည် နားထဲမှာ ပဲ တင်ထပ်နေ၏။

'ငါချစ်မိရင်တောင် မျိုသိပ်ဖို့ ကြိုးစားမှာပါကွာ၊ သည်နှစ်အောင်အောင် ငါကြိုးစားရဦးမယ်၊ ဒါတွေစိတ်ကူးလို့မရသေးပါဘူး'

'မထင်ဘူး'

'ဘာကိုမထင်တာလဲ တင်ဝင်းလူ'

'တကယ်ချစ်လာတဲ့ အခါကျမှ မျှိသိပ်ထားဖို့ခဲယဉ်းတယ်၊ သူသိပါစေတော့ သူ့အချစ်မရရင်နေပါစေ၊ ကိုယ်ချစ်နေတာသိရင် တော်ပါပြီဆိုတဲ့လူချည်းပဲ၊ အခြေအနေ အရပ်ရပ်ကိုငဲ့လို့သာ သိမ်းထားမယ်၊ မျှိသိပ်ထားမယ်လုပ်တာ၊ ဖြစ်နိုင်ရင် ဖွင့်ပြောချင်ကြတဲ့လူချည်းပဲ'

စကားတွေက နားထဲသို့ ညင်သာစွာတိုးဝင်သည်။

ငြိမ်းချမ်းကတော့ ငြိမ်ပြီးနားထောင်နေသည်။

ပြီးမှ....

'အေးလေ၊ ဘာပဲပဲဖြစ်ဖြစ် ဆယ်တန်းဆိုတော့ ခဏတော့ ထိန်းသိမ်းထားရမှာပေါ့မဟုတ်ဘူးလား၊ ထိန်းချုပ်ထားနိုင်ရင်တော့ အကောင်းဆုံးပေါ့ကွာ၊ ကဲပါ၊ အဲ့ဒါတွေတွေးမနေနဲ့ ငါတို့နောက်တစ်ပတ်မှ ပြန်တက်ရမယ်နော် သွားမယ်၊ မင်းတို့အားရင် အိမ်လာခဲ့ကြဦးကွာ'

ငြိမ်းချမ်းက နှုတ်ဆက်ပြီးထွက်သွားသည်။



တင်ဝင်းလူနှင့် သူကတော့ အတွေးကိုယ်စီနှင့် စကားမပြောဖြစ်။ တင်ဝင်းလူက သူ့အိမ်နားရောက်တော့ နှုတ်ဆက်ပြီးထွက်သွားသည်။ အိမ်သို့တစ်ယောက်တည်းပြန်ခဲ့၏။

နားထဲမှာတော့ သူငယ်ချင်းတွေပြောခဲ့သော စကားများကို ပြန်ကြားယောင်နေ၏။

* * *

နွေညမို့ အိုက်စပ်စပ်နှင့်ပင် အိပ်၍မပျော်။

ခေါင်းရင်းမှ ပြတင်းပေါက်ကို ဖွင့်လိုက်သောအခါ လရောင်က အခန်းထဲသို့ ထိုးကျလာ၏။

အခုမှ မတ်လပဲရှိသေးသည်။

နောက်ဆို ဒီထက်ပိုပူမှာပဲဟု တွေးလိုက်မိသည်။

ဘာလိုလိုနဲ့ ရှေ့လဆို သင်္ကြန်ကျတော့မှာပါလားဟု ဆက်တွေးမိ၏။

တွေးရင်း ခြံထောင့်က ပိတောက်ပင်ကြီးဆီ အကြည့်ရောက်သည်။

မိုးရွာရင် ပိတောက်တွေပွင့်တော့မှာပါ။

သည် ပွင့်ပိတောက်တွေကို ကျူရှင်က အလှမလေးကိုပေးချင်စိတ်တွေက ဘာလို့ဖြစ်ပေါ်လာရတာလဲ။

မရင်းနှီးသေးပါပဲနှင့် ဖျတ်ခနဲသတိတရ ရှိနေတတ်သော မိမိစိတ်ကို အခါခါအံ့သြရ၏။

တည်ငြိမ်နေသော ရင်မှာ သူမချက်နှာကို မြင်ယောင်တိုင်း လှုပ်ခတ်သွားရသည့်အဖြစ်တွေ။

စိတ်ဝင်စားသော အဆင့်ထက် ကျော်လွန်လို့နေပြီလား။
တွေ့တာနှစ်ရက်ပဲ ရှိပါသေးသည်။
တိကျသော အဖြေတစ်ခုကတော့ ထွက်မလာခဲ့။

ညက သိပ်သည်းစပြုလာ၏။ မြူမှုန်တို့က ဝိုးတဝါး၊ တံခါးကို ပိတ်လျက် အိပ်ဖို့ကြိုးစားသည်။
အတွေးမှာ သူမက တရစ်ဝဲဝဲပေါ်လာပြန်သည်။
ခက်လိုက်တာလေ....

☆

(၅)

နောက်တစ်ပတ် တင်ဝင်းလူတို့နှင့် တွေ့တော့ ကျူရှင်မှ ကိစ္စကို မေ့ထားပြီး တခြားအကြောင်းသာ ပြောဖြစ်ကြ၏။

'ကျန်တဲ့သုံးဘာသာက သင်္ကြန်ပြီးမှဖွင့်မှာလို့ ဆရာက ပြောတယ်နော်၊ သင်္ကြန်ပြီးရင် တို့ ကိုးတန်းအောင်စာရင်းတွေလဲထွက်ပြီ၊ အောင်တော့ အောင်ပြီးသားပါ၊ ကိုယ့်ကိုယ်ကိုယုံလို့ ကြိုတောင်တက်နေသေးတာပဲ'

တင်ဝင်းလူက ကျူရှင်ထဲဝင်ဝင်ချင်း စကားစသည်။

ဆရာက သူ့ဘာသာဖြစ်သော အင်္ဂလိပ်စာကို ကြိုသင်ပေးသည်။

ကျန်ဘာသာတွေက သကြၤန်ပြီးမှဖွင့်မည်ဟု ပြောခဲ့တာအမှတ်ရ၏။

'ဩော်....ဟော့ကောင်တွေ ငါကျူရှင်ဆင်းရင် မြေနီကုန်း သွားစရာရှိတယ်၊ ငါ့အဖေမှာထားတဲ့ စာအုပ်ရှိ မရှိ သွားကြည့်မလို့ လိုက်ခဲ့ကြကွာ'

တင်ဝင်းလူက အဖော်ညှိသည်။

'အားသားပဲ ရတယ်လေ လိုက်ခဲ့မယ်'

ငြိမ်းချမ်းက တင်ဝင်းလူကို လှမ်းပြောသည်။

'ငါတော့ မလိုက်တော့ဘူးကွာ၊အိမ်မှာ မေမေ့ကိုကူလုပ်ပေးလိုက်ဦးမယ်၊ ကျောင်းဖွင့်ရင် ဘာမှကူလုပ်ပေးနိုင်မှာ မဟုတ်ဘူး၊ အခုနေတုန်း တတ်နိုင်သမျှ ကူလုပ်ပေးရမှာ'

'ဒီလိုဆိုလဲ ငါနဲ့ငြိမ်းချမ်းနဲ့ပဲ သွားတော့မယ်၊ ဒီနေ့တော့ မင်းဘာသာပဲပြန်တော့'

ခေါင်းကို အသာညိတ်သည်။

ဆရာစာသင်တော့ အသံတွေအားလုံး တိတ်သွား၏။

ကျူရှင်ဖြုတ်တော့ တင်ဝင်းလူနှင့် ငြိမ်းချမ်းက သွားမယ်ဆိုပြီး ကားမှတ်တိုင်ရှိသည့် လမ်းတစ်ဘက်သို့ကူးသည်။

ရဲမင်းသူက အိမ်ဘက်သို့ဦးတည်ပြီး ဟိုကြည့်သည်ကြည့်နှင့်တစ်ယောက်တည်းပြန်လာခဲ့၏။



တစ်ယောက်တည်းပြန်လာမှ အဖော်ဆိုတာကို စိတ်ထဲမှာနားလည်သဘောပေါက်လာသည်။

စကားပြောဖော်၊ သူငယ်ချင်းအဖော်၊ နှလုံးသားအဖော်သည်အဖော်တွေက ဘဝမှာ အလိုအပ်ဆုံးသောအရာတွေပါလေ။

အတွေးစေခိုက် နောက်ပါးမှခြေသံကိုကြားသည်။

လှည့်မကြည့်မိခင်မှာ....

'ဒီမှာ'

ခေါ်သံကြောင့် လှည့်ကြည့်မိတော့ မိမိအပေါ် ကောင်းရှာသည့် အလှမလေး။

'ဩော်....ဒီနေ့ စာအုပ်တွေပြန်ရပြီပဲ၊ ပြန်လဲမလို့လား ခဏနေဦးနော်'

ပြောလည်ပြော လွယ်အိတ်ထဲမှစာအုပ်ကိုလဲ ရှာသည်။

'မဟုတ်ပါဘူး၊ အကူညီတောင်းချင်လို့'

'ဗျာ....'

'ဟုတ်တယ်၊ အကူအညီတောင်းမလို့၊ ဟိုတစ်ပတ်ကျူရှင်အဆင်းမှာ ဘယ်က အကောင်တွေလဲမသိဘူး၊ လိုက်စကားပြောလို့'

စကားကြောင့် ရင်မှာ ဒိတ်ခနဲခုန်သွားသည်။

သူ့ကိုလိုက်စကားပြောတဲ့သူ အောင် ရှိနေပါသလား။

'အဲ့ဒါဒီက ကို....'

'ကျွန်တော့်နာမည် ရဲမင်းသူပါ'

'ကူညီနိုင်မလားဟင်'

'ကျွန်တော်က ဘာကူညီရမှာလဲ၊ ဘာလဲ လိုက်စကားပြောတဲ့ ကောင်တွေကို သွားထိုးရမှာလား၊ ကျွန်တော် ဘာမှမတတ်ဘူးဗျ'

'အဲ့သလိုလဲ မဟုတ်ပါဘူး၊ နွေးမှာ အိမ်ပြန်အဖော်မရှိလို့ပါ၊ လမ်းကြုံခယ်ဆိုရင် နွေးအောက်က လှည့်ပြန်ပေးပါလို့'

နွေးတဲ့။

သူ့နာမည်ကို စသိရတဲ့နေ့ပါမဲ့။

'နာမည်က နွေးလား'

'ဟုတ်ပါတယ်၊ မွေးကတည်းက နာမည်တစ်လုံးထဲကို မေမေက ပေးထားတာ'

နွေးမျက်နှာကို စေ့စေ့လေးကြည့်နေခိုက်မှာ



'ကူညီမယ်မဟုတ်လား၊နွေးတစ်ယောက်တည်း ပြန်ရမှာကြောက်လို့ပါ'

'နေပါဦး မနွေးက ကျွန်တော့်ကိုယုံလို့လား'

ရှေ့က မတပ်၍ခေါ်တော့ နွေးက မျက်လုံးဝိုင်းကလေးနှင့်ကြည့်သည်။

ပြီးတော့ ပြုံးပါ၏။ ပြုံးရင်းနှင့်....

'မ,တပ်ခေါ်လိုက်တော့ နာမည် လှလှလေးတော်ပျက်စီးသွားပြီး နွေးလို့ပဲခေါ်ပါ'

ရင်မှာ လှိုက်ခနဲဖြစ်သွားရသည်ကို နွေးသိလိမ့်မည်မဟုတ်။

နွေးကို အချိုသာဆုံးတော့ ပြုံးပြလိုက်သည်။

'ကျူရှင်တစ်ခုတည်းမှာ အတူတက်ကြတော့ မောင်နှမတွေဆိုလဲ မမှားဘူးလေ၊ဒါကြောင့် နွေးက အကူအညီတောင်းတာပါ'

'နွေးက ဘယ်လမ်းမှာနေတာလဲ'

ကျွမ်းသိစမို့ တစ်လုံးတည်းသော နာမည်ကို အားယူပြီးခေါ်မိ၏။

နွေးက သူ့[illegible]သွားသည့်လမ်းမကြီး၏ လမ်းသွယ်တစ်ခုဖြစ်သည်ကို [illegible]လိုက်သည်။

'သွားမယ်လေ၊ လိုက်ပြောတဲ့ကောင်တွေ အတင်းကပ်လာရင်တော့ ကိုယ်လွတ်မရုန်းနဲ့နော်'

'ဘာကိုလဲ....ကိုရဲမင်းသူ'

'ဖိုက်ကြရင် ပြောတာပါ၊ ကျွန်တော့်ဘက်ကဝင်ကူပြီး ဖိုက်ဖို့ ပြောတာ'

နွေး အသံလေးထွက်အောင်ရယ်၏။

ရယ်ရင်းနှင့် သူ့ဘေးမှယှဉ်ပြီး နွေး လိုက်လာ၏။

အတူယှဉ်လျှောက်ရင်း နွေး စကားတစ်လုံးမှ ထပ်မပြောတော့။

လျှောက်ရသည်ကို အသက်မဲ့သလိုခံစားရင်း မိမိက စကားစရမည်ကိုလည်း နားလည်လိုက်၏။

'လမ်းကြောင်းတည့်တယ်လေ၊ ဒါကြောင့် နွေးကိုကူ ညီနိုင်တာ'

'ဪ....လမ်းကြောင်းမတည့်ရင် မကူညီနိုင်ဘူးပေါ့'

ပြောလိုက်သော မိမိစကားအဓိပ္ပာယ် မည်သို့သက်ရောက်သွားသည်မသိ။

နွေးစကားကြောင့် ဖျထိတ်တလန့်ဖြစ်သွားရသည်။



'ဟာ.... အဲ့ဒီသဘောမျိုးပြောတာမဟုတ်ဘူး နွေး၊ ကျွန်တော်တတ်နိုင်သမျှကူညီမှာပါ၊ နွေးကိုဆို ပိုပြီး ကူညီသင့်တာပေါ့'

'ရှင်....'

'မျက်လုံးကြီးပြူးပြီးမကြည့်နဲ့နော်၊ ကျွန်တော် ပြောတာက ဒီလိုပါ၊ ဟိုတစ်ပတ်က စာအုပ်ပြန်ပေးတော့ နောက်နေ့ နွေးက ကျွန်တော့်ကိုပြန်ပေးဘာလေ၊ အဲ့ဒီနေ့က နွေးသာပြန်မပေးရင် ဆရာ့ကို ထပ်ပြီးရှင်းနေရဦးမှာ၊ နွေးကိုလဲ ပြန်ပေးပြီးမှ တောင်းရခက်နေတော့ ကျွန်တော် အကျပ်ရိုက်နေတယ်လေ၊အဲ့ဒီလိုဖြစ်နေတုန်း နွေးက စာအုပ်ပြန်လာပေးတော့ ကျွန်တော် အဆင်ပြေသွားတာပေါ့၊ တကယ်ပါဗျာ....အဲဒီနေ့က နွေးကို အရမ်းကျေးဇူးတင်နေတာ'

'နွေးလဲ ကျူရှင်ကိုရောက်ရောက်ချင်း ကျောင်းစာရေး မြှောနေသံကြားလို့ ကိုရဲမင်းသူ စာအုပ်လိုမှာပဲလို့ တွေး မိပြီး ပြန်ပေးတာပါ၊ဒါနဲ့ ကိုရဲခင်းသူက နွေးကိုဘာလို့ စာအုပ်ပြန်ပေးတာလဲ'

စာနာတတ်မှုကို နားလည်လိုက်သည်။

အမေးစကားအတွက်တော့ ခပ်ဝေဝေလေးဖြစ်သွားရ၏။

'ဘာရယ်မဟုတ်ပါဘူး၊ နွေးလဲ စာအုပ်အသစ်ကိုင်ချင် မှာပဲလို့ တွေးမိလို့ပါ'

မိမိအပြေစကားကို မိမိဘာသာ ကျေနပ်နေမိ၏။

တကယ်တော့ အားငယ်မှု အားနာမှုတွေ ရောပြွန်းမနေသည့် ထိုနေ့က မိမိစိတ်ကို အသိမပေးချင်။

စကားတပြောပြောနှင့် နွေးတို့လမ်းထိပ်ရောက်လာ၏။

နွေးက အိမ်ကိုလိုက်ဖို့ခေါ်သော်လည်း အိမ်ပြန်နောက်ကျမည်စိုး၍ မဝင်တော့ဟုပြောကာ အိမ်သို့တန်းပြန်ခဲ့သည်။

လမ်းတစ်လျှောက်မှာ ခြေလှမ်းတွေက သွက်လက်ပေါ့ပါးလှန်းနေ၏။

ပျော်နေသည်ကိုလည်း မိမိကိုယ်ကို သိသည်။

စကားပြောရင်း အကြည့်ချင်းဆုံခိုက် မျက်လွှာလေးချသွားတတ်သော နွေး၏ ပုံရိပ်က မျက်ဝန်းမှာငြိပါလာ၏။

နွေးစကားသံတွေကိုလည်း နားမှာ ပြန်ကြားနေသည်။

အိမ်ရောက်တော့ အပြုံးတွေထင်ကျန်နေသော သူ့မျက်နှာကိုကြည့်ရင်း မေမေက....

'ငါ့သား မျက်နှာရွှင်လို့ပါလား'

မေမေ့ကိုတော့ နည်းနည်းရှက်သွားရ၏။

ဘာမှမဟုတ်ပါဘူး မေမေဟု ပြန်ဖြေရင်း စိတ်ထဲမှာတော့ တင်ဝင်းလူနှင့် ငြိမ်းချမ်းကိုတွေ့ပြီး အကြောင်းစကားတွေ ပြောချင်နေ၏။

နက်ဖြန် သူငယ်ချင်းတွေနှင့်ဆုံရင်....

သည်အကြောင်းစကားပြောလို့ ယုံပါ့မလား။



အို... သူ မလိမ်တတ်ဘူးဆိုတာ သူငယ်ချင်းတွေအားလုံး သိကြတာပဲ။

သည်ည အိပ်လို့တော့ ပျော်ပါ့မလား။

သည်လောက်ထိ နွေးက သူ့ကို ဘာလို့ စိုးမိုးနေရတာလဲ။

☆

စာရွက်များစုတ်ဖြဲယူခြင်းမပြုရန်
လေးနက်စွာမေတ္တာရပ်ခံပါသည်

# ဓာရှက်များရေတိဖြယူခြင်းမပြုရန်
# လေးနက်စွာမေတ္တာရပ်ခံပါသည်

( ၆ )

'အဲ့ဒါနဲ့ ဇာတ်လမ်းက စခဲ့ပြီဆိုပါတော့'

ကျူရှင်အပြန် နွေးနှင့် ပတ်သက် ခင်မဗ်ခွင့်ရခဲ့သည့် အကြောင်းကို နောက်တစ်နေ့ညနေ ကျူရှင်အသွားမှာ တာင်ဝင်းလူတို့ကို ပြန်ပြောပြသည်။

'ဇာတ်လမ်းရယ်လို့ တော့မဟုတ်ပါဘူးကွာ'

ငြိမ်းချမ်းက ပြုံးပြီး....

'ကိုယ်ရံတော်ရာထူးကိုတော့ မင်းရသွားပြီ ရဲမင်းသူ၊ အပြန်ကျူရှင်တော့ မင်း ငါတို့နဲ့ အတူပြန်လို့ မဖြစ်တော့ဘူး'

'ဘာဖြစ်လို့လဲကွ'

'မိန်းကလေးတစ်ယောက် အနား မှာ ပါလာ တော့ စကားပြောရတာ ဘယ် လွတ် လပ်မှု ရှိတော့ မလဲကွ၊ ပြီးတော့ သူ့ကို ရည်းစားစကားလိုက်ပြောတဲ့ကောင် တွေ့ ပြဿနာရှာရင် မင်းဘာသာခံ၊ ငါတို့တော့ မဆိုင် ဘဲနဲ့ ကြားဝင်မခံနိုင်ဘူး'

ပြောပြီး ငြိမ်းချမ်းက မျက်နှာကိုမော့ဘော့တော့လေး လုပ်လိုက်သေး၏။

'ရပါတယ်ကွာ၊ ငါကလဲ မင်းတို့အကူအညီမတောင်း ပါဘူး'

ခင်တည်တည်ဖြင့် ပြန်ပြောလိုက်၏။

'တွေ့လား....မနေ့ကမှ စခင်တယ်၊ ဒီနေ့ ငါတို့ကို ကလန်ကဆန်လုပ်တယ်၊ အေး....နောက်မှ အကူအညီ တောင်းလို့ကတော့ အသေပဲ'

နှုတ်ဆိတ်နေတော့ တင်ဝင်းလူက....

'ဒါနဲ့ ငါတို့ကို မိတ်ဆက်ပေးဦးလေကွာ၊ တို့နဲ့ အဆင် ပြေသွားတော့လဲ....ဟဲ ဟဲ....'



တင်ဝင်းလူကို မျက်မှောင်ကြုတ်ကြည့်လိုက်သည်။ မှုန်သွားသောမျက်နှာကိုကြည့်ပြီး တင်ဝင်းလူက တဟားဟား ရယ်ပါ၏။

'တကယ့်ကောင်ကွာ၊ တို့က နွေးကိုချစ်တယ်လို့ တောင် မပြောရသေးဘူး၊ မျက်နှာကြီးက မှုန်သွားလိုက်တာ ရဲမင်းသူရာ၊ မင်း ဟန်ဆောင်မနေစမ်းပါနဲ့၊ မင်း သူ့ကိုမြင်ကတည်းက ချစ်သွားတာမဟုတ်လား၊မင်းကို ငြိမ်းချမ်းက ဟိုတစ်ခါတုန်းကတားတာ မှတ်မိသေး လား၊ ဆယ်တန်းဆိုတော့ ထိန်းချုပ်နိုင်ရင် အကောင်း ဆုံးပဲ တဲ့၊ ငါ အဲ့ဒီတုန်းက ဘာပြောခဲ့သလဲ၊ ထိန်းချုပ် လို့ မရပါဘူးလို့ မပြောခဲ့ဘူးလား၊ မင်းက စိတ် ဝင်စားတာပဲရှိတယ်ဆိုပြီး အတင်းငြင်းသေးတယ်'

'အေးလေ၊ အခုလဲ ဘာပြောသေးလို့လဲ'

'ပြောတော့မပြောဘူးပေါ့၊ မင်း အ သိစိတ် ထဲမှာ ဆယ်တန်းဆိုတဲ့ ကန့်လန့်ကာကြီးရှိနေတော့ မဖြစ်သေး ပါဘူး၊ ဒါတွေ စိတ်မဝင်စားနိုင်သေးဘူးနဲ့ ငြင်းနေ တယ်၊ မသိစိတ်ထဲမှာတော့ မင်းစိတ်က နွေးကို ချစ်နေ ပြီ၊ ဒါကို မင်းဘာသာ သေသေချာချာပြန်စစ်ဆေး ကြည့်၊ သူနဲ့စတွေ့တည်းက မင်းစိတ်တွေ မရိုးဘူးဆိုတာ တော့ ဝန်ခံပါ'

တင်ဝင်းလူ စကားအဆုံးမှာ အသက်ရှူပင်မှားသလို ဖြစ်ချင် လာ၏။

ဖုံးကွယ်ထားသောအရာတစ်ခုံ တစ်စချင်း တစ်ခုချင်းပေါ်ထွက်လာသလိုပါပဲ။

'ဘယ်လိုလဲ ဝန်ခံတယ်မဟုတ်လား'

'သူ့ကို တွေ့ပြီးကတည်းက အမှတ်မထင်တော့သတိတရ ရှိနေတတ်တာပဲကွာ၊ သူစာအုပ်ပြန်ပေးတဲ့ညကဆို အိပ်လို့ကို မပျော်ဘူး'

'ခြင်ကိုက်လို့လား'

ငြိမ်းချမ်းက ရယ်ရင်းနှင့် ဖောက်၏။

'မင်းကလဲ သူ့ကို မြင်ယောင်ပြီး အိပ်မပျော်တာပါကွာ'

နှစ်ယောက်သား ရယ်ဖြစ်ကြ၏။

ရယ်ပြီးမှ တင်ဝင်းလူက မျက်နှာကိုတည်လိုက်ပြီး....

'မင်းကိုယ်မင်း ညာတာလို့တော့ ငါမပြောချင်ဘူး၊ ဒီကိစ္စမျိုးက ဘေးလူဝင်ပြောမှ ကိုယ့်ဘာသာ ပြန်သတိထားတတ်မိတယ်လေ၊ အခုလဲ ဒီအတိုင်းပဲ ငါက အစဖော် ပေးလိုက်တော့ မင်းဘာတွေဖြစ်နေတယ်ဆိုတာ ဖွင့်ချလာပြီ မဟုတ်လား၊ အရင်တုန်းက မရင်းနှီးခင်ကတည်းက မင်းစိတ်တွေ ယိုင်ချင်နေတာပါ၊ အခုလို ရင်းရင်းနှီးနှီးနေလို့ရပြီဆိုတော့ ပိုဆိုးလာမှာပဲ'



'ငါအတတ်နိုင်ဆုံးတော့ ထိန်းချုပ်ထားမယ်ကွာ'

တင်ဝင်းလူ မျက်နှာကြည့်ပြီး ပြောလိုက်၏။

'လာပြန်ပြီဒီစကား၊ တစ်ခါလဲ ငါပြောပြီးပြီ၊ မင်း မရပါဘူးကွာ၊ အခုဆို အနေနီးတော့ပိုဆိုးမယ်၊ ဘယ်လိုမှ မင်းစိတ်နဲ့ နှလုံးသားကို ထိန်းသိမ်းနိုင်မှာမဟုတ်ဘူး ဘာဖြစ်လဲကွာ၊ ချစ်တာကိုဖွင့်ပြောလိုက်လို့ မင်းမှာ နစ်နာမသွားပါဘူး'

'မဟုတ် ဘူး လေ၊ မင်း အ ရမ်း မြှောက် ပေး မ နေ နဲ့ တင်ဝင်းလူ၊ တက္ကသိုလ်ဝင်နိုင်ဖို့အတွက် အဓိကရင်ဆိုင်ဖို့ အတန်းကြီးက ရှိသေးတယ်မဟုတ်လား'

ငြိမ်းချမ်း ဝင်ပြောတော့ တင်ဝင်းလူကမညင်း၊ ဟုတ်တယ်ဟု ဝင်ပြောပြီး ခေါင်းညိတ်ပြသည်။

'အဲဒါတော့ မင်းစိတ်ပေါ်မှာ မူတည်တယ်လေ၊ ငါတို့က သူငယ်ချင်းအနေနဲ့ ထားသင့်တယ်ထင်လို့ တားပေမယ့် မင်းဘက်က မထိန်းချုပ်နိုင်ရင်လဲလုပ်မှာပဲ၊ ဒါပေမယ့် သူငယ်ချင်းအနေနဲ့ပဲ ထပ်ပြောမယ်၊ ချစ်တယ်ဆိုရင် စိတ်ကိုအတတ်နိုင်ဆုံးချုပ်ကွာ၊ မရတော့ဘူးဆိုရင်လဲ မျိုသိပ်ပြီး ကြိတ်ခံမနေနဲ့ဖွင့်သာပြော၊ အဲ့ဒီမျိုသိပ်ထားတဲ့စိတ်က တစ်နှစ်လုံးစိတ်ကို ကောင်းကောင်းကြီးဒုက္ခပေးနေလိမ့်မယ်'

‘ဖွင့်ပြောပြီး ပြန်မချစ်ရင်ရောကွာ’

ငြိမ်းချမ်းက ကြားဖြတ်မေး၏။

‘ပြန်မချစ်တော့လဲခံစားရမှာပဲ၊ ဖွင့်ပြောထားတာတော့ ပိုကောင်းမယ်ထင်တယ်၊ ဘာလို့လဲဆိုတော့ ဖွင့်ပြောတာက မျိုသိပ်ထားရတဲ့ ဒုက္ခရယ် ပြန်ချစ်မလားမချစ်ဘူးလား တွေးရတဲ့ဒုက္ခရယ်၊ နှစ်ခုတောင်ခံစားရမှာ ဖွင့်ပြောထားတော့ အဖြေက တစ်မျိုးပဲလေ၊ ပြန်မချစ်တာပဲ ဒီကောင်ခံစားရမှာပေါ့၊ ခံစားရတာချင်းအတူတူ ဖွင့်ပြောပြီး ခံစားမယ်ကွာ၊ နှလုံးသားကံကောင်းရင် ချစ်ပါတယ်ဆိုတဲ့အဖြေရချင်ရနိုင်တာပဲ၊ ဒီကိစ္စကို စလိုက်ကတည်းက အနည်းနဲ့အများတော့ ခံစားရမှာပဲ၊ ဒါပေမယ့် နွေးကိုချစ်တယ်ဆိုတာ မင်းဝန်မခံသေးဘူးနော် ရဲမင်းသူ’

‘သူ့ဘာသူ အတတ်နိုင်ဆုံး ထိန်းချုပ်ထားမယ်လို့ ပြောတာ သူချစ်နေတာကို ထိန်းချုပ်ထားမယ်လို့ ပြောတာလေကွာ၊ ဒါ သူဝန်ခံတာပေါ့ ကင်ဝင်းလူရ’

ငြိမ်းချမ်းက ဝင်ပြောတော့ သူဘာပြောရမှန်းမသိ။

‘မဟုတ်သေးဘူးထင်တယ်ကွ၊ သူထိန်းချုပ်တယ်ဆိုတာ နွေးကိုချစ်ချင်တဲ့စိတ်ကို ထိန်းချုပ်ထားတာလား၊ ချစ်တယ်လို့ဖွင့်ပြောမှာကို ထိန်းချုပ်ထားတာလား အဲဒါရှိသေးတယ်ကွ’



‘ဘယ်လိုချစ်ချင်တဲ့စိတ်ကိုလဲ’

ငြိမ်းချမ်းက နားမရှင်းစွာမေး၏။

‘ချစ်ချင်တဲ့စိတ်ကို ထိန်းချုပ်ရင်တော့ ထိန်းချုပ်လို့မရဘူး၊ ရင်ဘက သူ့အလိုလိုဖြစ်လာတဲ့ အချစ်ဆိုတာကို ဘာနဲ့မှ ထိန်းချုပ်လို့မရဘူးလေ၊ အဲ့...ပါးစပ်က ချစ်တယ်လို့ ဖွင့်ပြောဖို့ကျတော့ ကိုယ်မပြောသဲဖြစ်တာပဲ၊ ပါးစပ်က ဖွင့်မပြောတဲ့အပိုင်းက သူ့ရင်ထဲမှာ ချစ်နေပြီဆိုတာ သူ့ဘာသာ အသိပေးပြီးသား၊ ချစ်ချင်တဲ့စိတ်ကို ထိန်းချုပ်တာက သူ့ဘာသာ ဝေခွဲဆုံးဖြတ်မရတဲ့အချိန်မှာ အကြောင်းကြောင်းကြောင့် ချစ်ပါတယ်ဆိုတာကို ကိုယ့်ဘာသာတောင် အသိမပေးနိုင်အောင်ဖြစ်နေတာ၊ အခု ငါက ဒါကိုသိချင်လို့’

တင်ဝင်းလူက သူ့စကားအဆုံး ရဲမင်းသူဘက်သို့လှည့်၏။

‘ငါ့စိတ်ထဲမှာတောင် ဝန်မခံရသေးပါဘူးကွာ၊ အဲဒီတော့ မင်းတို့ကိုလဲ ဖွင့်မပြောသင့်သေးဘူးထင်တယ်၊ ချစ်တယ်ထင်ပြီးဖွင့်ပြောလိုက်မှတကယ်မခံစားလာရရင် ငါ့အဖို့မကောင်းဘူးကွ’

‘ဒါတော့ဟုတ်တယ်ရဲမင်းသူ၊ မင်းကိုယ်တိုင်ဆုံးဖြတ်ပြီးမှ တို့ကိုပြောတာ ပိုကောင်းမယ်လို့ ငါလဲထင်တယ်’

တင်ဝင်းလှုက စကားအဆုံးဝင်ပြော၏။

'ဒီလိုဆို ဒီကောင်က မင်းပြောတဲ့အတိုင်း ချစ်ချင်ဘဲ့စိတ်ကို ထိန်းချုပ်ထားဆဲပေါ့'

ငြိမ်းချမ်းက ရဲမင်းသူကို မေးငေါ့ပြပြီး တင်ဝင်းလှုကို ပြော၏။

'အေးလေ၊ သူ့ပညာရေး အကြောင်းကြောင်းတွေကြောင့် သူ့စိတ်ကို မလွှတ်ရဲသေးဘူးပေါ့'

'ဟာ....ဒီလိုဆို မင်းပြောတဲ့အတိုင်းပဲ သူ့နှလုံးသားကို ဘယ်ထိန်းသိမ်းနိုင်မလဲကွ'

'အေးပေါ့၊ရင်ထဲကအလိုလိုဖြစ်လာပါတယ်ဆိုမှ ဖန်တီးယူတာမှ မဟုတ်တာ၊ ဒီမယ် စိတ်ကိုထိန်းချုပ်လို့ရပေမယ့် နှလုံးသားကို ထိန်းသိမ်းလို့မလွယ်ဘူးကွ၊ အခုနွေးနဲ့သူနဲ့က ခင်မင်တဲ့အဆင့် နီး စပ် နေ သ မျှ တော့ အသည်းနှလုံးက တိုက်တွန်းနေမှာပဲလေ'

'ဒီလိုဆို ရဲမင်းသူက တစ်နေ့ဝန်ခံမှာပဲလို့ ဆိုလိုတာလား'

'ဆိုလိုတာမဟုတ်ဘူး၊ အတိအကျပြောနေတာ၊ သူက ဝန်မခံသေးလို့ သာ အင်း....ချစ်စိတ်ကို ချိုးနှိမ်ဖို့ဆိုတာ လွယ်တာမှတ်လို့ကွာ'



တင်ဝင်းလှုက ပြောလည်းပြော ရဲမင်းသူကိုလည်း ကြည့်သည်။

'မင်းပြောဖူးတယ်လေ၊ ချစ်သွားပြီဆိုရင် ဖွင့်မပြောဘဲ မနေနိုင်ဘူးတဲ့၊ ခုနပြောတော့လဲ ကိုယ့်ပါးစပ်က ဖွင့်မပြောလဲ ရတာပဲတဲ့၊ အဲ့ဒါကျတော့ရော'

ငြိမ်းချမ်းက တင်ဝင်းလှုကို မေးသည်။

'တကယ်ချစ်ပြီဆိုရင်တော့ ဖွင့်ပြောရမှာကွ၊ အဲ့ဒီလိုပြောလို့ ဖွင့်မပြောတဲ့သူက တကယ်မချစ်ဘူးလို့ မထင်နဲ့ဦး၊ မင်းကြားဖူးမှာပေါ့၊ တိတ်တခိုးအချစ်တို့ ဘာတို့ဆိုတာလေ၊ အကြောင်းအမျိုးမျိုးကြောင့် ငုံ့ညှာပြီး သူမသိတဲ့ အချစ်နဲ့ တိတ်တိတ်ကလေး ချစ်ရတာလေ'

ငြိမ်းချမ်းကပြုံးတော့....

'မပြုံးနဲ့ဟေ့ကောင်၊ ဘယ်သူမဆို ကိုယ့်ချစ်သူဆီက ချစ်ပါတယ်ဆိုတဲ့ အဖြေပဲ ကြားချင်တာပေါ့၊ အဲ့ဒီတော့လဲ ဖွင့်ပြောရင်ပြောမှာပဲ၊ အဲ....အများစုကတော့ ဖွင့်ပြောမှာပဲကွ၊ အချစ်စိတ်တွေ အရမ်း ဒီရေတက်နေရင်ပေါ့ကွာ၊ တစ်ခါတစ်လေကျတော့လဲ မရည်ရွယ်ဘဲ ပြောတတ်တာတွေရှိတယ်လေ၊ အဲဒါ အချစ်စိတ်က လှုံ့ဆော်နေတာကွ၊ ဖွင့်မပြောတာကတော့ စောင့်တော့ကို ချုပ်တည်းထားနိုင်မှု၊ ငါ့သဘောဆိုရင်တော့ ချစ်နေရင် ဖွင့်ပြောမယ်'

'မင်းက အချစ်အကြောင်း နောကြေနေပါလား တင်ဝင်းလူ၊ ငါမင်းကို တော်တော်အားကြီးသွားပြီ နေပါဦး မင်းမှာ အချစ်နဲ့ပတ်သက်တဲ့ အတွေ့အကြုံရှိနေလို့လား'

တင်ဝင်းလူက ခပ်ဟက်ဟက်ကလေးရယ်၏။

ရယ်ရင်းနှင့်....

'စိတ်အထင်မကြီးနေနဲ့၊ လက်တွေ့မဟုတ်ဘူး၊စာတွေတွေကို ပြောနေတာ၊ ငါက အားရင်ဝတ္ထုပဲဖတ်တယ်လေ၊ ယနေ့ အချစ်ဝတ္ထုတွေမှာ အချစ်နဲ့ပတ်သက်တဲ့ ဒဿနတွေ အများကြီးကွ'

စကားရှိန်တန့်တော့ ကျူရှင်နားပင် ရောက်လို့လာ၏။

ကျူရှင်ရောက်တော့ စကားတွေကိုဖြတ်သည်။

အခန်းထဲဝင်ဝင်ချင်း နွေးရှိရာကို လှမ်းကြည့်လိုက်တော့ နွေးက သူ့သူငယ်ချင်းနှင့် စကားပြောနေသည်။

နေရာမှာဝင်ထိုင်ပြီး ခဏကြာတော့ နွေးက သူ့ကိုလှမ်းကြည့်၏။

အကြည့်ချင်းဆုံတော့ နွေးက ထုံးစံအတိုင်း မျက်လွှာကို အသာချပြီး ရှေ့ကိုပြန်လှည့်သွားသည်။



ဩော်....ကြည့်ပြီးတော့မျက်လွှာကိုဘာလို့ချရပါသလဲနွေး။ သည်ကလိုပဲ နွေးရင်ခုန်နေမလားဆိုတာကိုတော့ သိချင်ပါတယ်လေ။

* * *

ကျူရှင်ဆင်းတော့ တင်ဝင်းလူနှင့် ငြိမ်းချမ်းကို မိတ်ဆက်ပေးလိုက်သည်။

ရယ်ပြုံး အသိအမှတ်ပြုပြီး သူတို့နှစ်ယောက် ခွဲထွက်ပြန်သွားတော့ နွေးနှင့်ရဲမင်းသူ နှစ်ဦးအတူပြန်ခဲ့ကြသည်။

အတူယှဉ်လျှောက်ရင်း တစ်ယောက်ကိုတစ်ယောက် စကားမပြောဖြစ်။

နွေးကတော့ ဘာတွေတွေးနေသည်မသိ။

ရဲမင်းသူကတော့ သူငယ်ချင်းများပြောခဲ့သည့် စကားများကို နားမှာ အခါခါကြားနေသည်။

အတန်ကြာ လျှောက်မိတော့ နွေးက စကားစ၏။

'ကိုရဲမင်းသူ၊ နွေးနဲ့ပြန်ရတာကို စိတ်ညစ်နေလားဟင်၊ ပြီးတော့ နွေးကို အထင်သေးနေသလား၊ စကားလဲ တစ်ခွန်းမှမပြောဘူး'

နွေး စကားကြားမှ လှုပ်လှုပ်ရှားရှားဖြစ်ရ၏။

'ဟာ....မဟုတ်ပါဘူး နွေး၊ အဲ့သလိုလဲ မတွေးပါနဲ့ ကျွန်တော်က သူငယ်ချင်းတွေနဲ့ ပြောဆိုဘာတွေ လျှောက်တွေးနေတာပါ၊ နေပါဦး ကျွန်တော်က နွေးကို ဘာလို့ အထင်သေးရမှာလဲ'

'မဟုတ်ဘူးလေ၊ နွေးက ယောကျ်ားလေးတစ်ယောက်နဲ့ အတူပြန်ရဲတယ်။ ယောကျ်ားလေးတစ်ယောက်ကို အကူအညီ အထင်းတောင်းတယ်ဆိုပြီး အထင်မသေးဘူးလား'

'လိုအပ်လို့ အကူအညီတောင်းတာပဲနွေးရယ်၊ ကျွန်တော် ကူညီရမှာပေါ့၊ ပြီးတော့ တကူးတကကြီးလဲ မဟုတ်ပါဘူး၊ နွေးနဲ့ကျွန်တော်က အတန်းအတူတက် ကျောင်းသူ ကျောင်းသားချင်းလေ'

'ဒီစကားကြားရတာ နွေး ဝမ်းလဲသာပါတယ် ကိုရဲမင်း သူကို လေးလည်းလေးစားပါတယ်'



နွေးက သူ့ကိုကြည့်ပြီးပြော၏။

'မတွေ့ဘူးနော်'

'ဘာကိုလဲ ကိုရဲမင်းသူ'

'နွေးကို လိုက်စကားပြောတဲ့ ကောင်တွေပါ၊ သူတို့တွေကို နွေးသိလို့လား'

'ဟင့်အင်း မသိဘူး၊ သူတို့စကားလက်ခံရအောင်ကလဲ နွေးက ဒါတွေ လုံးဝထည့်မစဉ်းစားနိုင်သေးပါဘူး'

နွေးစကားကြောင့် အပျော်ကိုလည်း ခံစားရသည်။ အမေ့ကိုလည်း ခံစားရသည်။

အပျော်ဆိုသည်က နွေးနှလုံးသားမှာ နေရာဦးထားသူမရှိပါ ဆိုသည့်အသိနှင့်အပျော်။

အမေ့ကတော့ နွေးသည် မိမိ၏နှလုံးသားကိစ္စကို ဝင်စားမှုရှိနိုင်ပါ့မလားဆိုသည့် အမေ။

'သူတို့က နွေးနဲ့ ပတ်သက်မှု မရှိပါဘူးနော်'

'ဘာကိုလဲ ကိုရဲမင်းသူ'

'ပတ်သက်ခဲ့ရင် ကျွန်တော်နဲ့ ခုကို အတူပြန်တာကို ဟိုကောင်တွေ ဘယ်ကျေနပ်ပါ့မလဲ'

နွေးမျက်နှာတည်သွားသည်ကို သတိထားမိ၏။

'ပတ်သက်ခဲ့ရင် ကိုရဲမင်းသူကို ငုလို အကူအညီတောင်း မတောင်းဘူး'

အသံကဆက်နေသည်ကို သိ၏။

'စိတ်မဆိုးနဲ့နော် နွေး၊ ကျွန်တော် အစိုးရိမ်ကြီးသွားတယ်'

မျက်လုံးကို လှန်ကြည့်သည်။

နွေးထံမှ ပင့်သက်ဖွဖွချသံကိုလည်း ကြားသည်။

အတန်ကြာတော့ နွေးက စိတ်လျှော့လိုက်ဟန်နှင့် အိမ်အကြောင်း မေးလာသည်။

ဘဝတိုပြောပြပြီး နွေးတို့ အဝန်းအဝိုင်းကိုလည်း မေးဖြစ်၏၊

နွေးက အစ်မတစ်ယောက်ရှိကြောင်း၊ အဖေက ရုံးဝန်ထမ်း၊ အမေက အိမ်မှာ စတိုးဆိုင်လေးဖွင့်ထားသည်ဟုလည်း နွေးက ပြော၏။

'မမက တက္ကသိုလ်မှာ ပထမနှစ်လေ၊ နွေးနဲ့ဆို အထက်အောက်ပဲ'

ဟုတ်လားဟု ပြန်ဖြေရင်း စာအကြောင်းပဲ ဆက်ဆွေးနွေးဖြစ်တော့သည်။



စကားတပြောပြောနှင့် နွေးတို့လမ်းထိပ်ကိုရောက်မှန်းမသိ ရောက်လာသည်။

'အိမ်မှာ ဘယ်သူမှမှအားကြဘူး၊ ဆိုင်ဆိုတာကလဲ ကိုရဲမင်းသူ သိတဲ့အတိုင်းပဲ၊ ခွင့်လို့ရတာမဟုတ်ဘူး၊ မသွေးကလဲ.... ဪ.... နွေးမမနာမည်က သွေးတဲ့၊ နွေးတို့ ညီအစ်မနှစ်ယောက်က နာမည်တစ်လုံးစီမှည့်ထားတာ၊ ကြုံရင်တော့ ကိုရဲမင်းသူကို မမနဲ့ မိတ်ဆက်ပေးပါမယ်'

နွေးက သူ့အစ်မနာမည်ပြောပြီး မိတ်ဆက်ပေးမည် ပြောသည်။

'မမသွေးကလဲ ကျောင်းမသွားခင်နဲ့ ကျောင်းအပြန် ဆိုင်ထိုင်ပေးရသေးတာ၊ ဖေဖေကလဲ ပြန်လာတော့ ပင်ပန်းပြီး နားချင်တယ်လေ၊ ဒီတော့ နွေးက ဘယ်သူ့ကိုမှ ကျူရှင်အပို့အကြိုမလုပ်ခိုင်းတော့ဘူး၊ နွေးလဲ ကိုယ့်ကိုယ်ကို ထိန်းနိုင်ပါတယ်လို့ထင်မိတာလဲ ပါတယ်လေ'

နွေး စကားပြောရင်း မီမီဘက်ကိုလှည့်ကြည့်၏။

ရဲမင်းသူကတော့ နွေးမျက်နှာကိုကြည့်ရင်း နားထောင်အမောသက်သက်။

နွေးက ပခုံး ကိုပြန်သက်၏။

'အဲဒါ ကျူးရှင်ဘက် ဘက်ချင်း နောက်တစ်နေ့ပဲ၊ ဘယ်က အကောင်တွေလဲ မသိဘူး၊ စကားလဲလိုက်ပြောတယ်၊ စာလဲ အတင်းပေးတယ်၊ လူကို ခြေဖျားလက်ဖျားတွေ အေးပြီး တုန်နေတာ၊ ဘာလုပ်ရမှန်းတောင်မသိဘူး၊ အရမ်းကြောက်သွားတာပဲ၊ ဆွဲသားရမ်းသားလုပ်ရင် ဒုက္ခပဲလို့တွေးမိတယ်၊ ဒါပေမယ့်အဲဒီနေ့အိမ်ပြန်ရတာ တော်တော်ဘော့ ဇူလည်မြဲပျက်သွားတယ်ရှင်၊ ကိုရဲမင်းသူ တို့ ယောကျ်ားလေးတွေ မကောင်းပါဘူး'

နွေးက ညည်းပြော ပြောသည်။

'ယောကျ်ားလေးတိုင်းလဲမဟုတ်ပါဘူး နွေးရယ်'

'နွေးပြောတဲ့အထဲမှာ ကိုရဲမင်းသူ မပါပါဘူး'

နွေးက သူ့ကိုကြည့်ပြီး အပြုံးနှင့်ပြော၏။

'ဘယ်လိုလုပ်သိလဲ'

ပြန်မေးပြီး နွေးမျက်နှာကိုစေ့စေ့ကြည့်၏။

'လူတစ်ယောက်ကိုကြည့်ရင် ရိုးသားတယ်မရိုးသားဘူး၊ ဖြစ်တယ် မဖြစ်ဘူးဆိုတာ သူ့ရုပ်ရည်မှာထင်ပေါ် နေတတ်တာပဲ'



'ဟန်ဆောင်နေတာဆိုရင်ကော'

နွေးကို သူ ထပ်မေးလိုက်၏။

'ဟန်ဆောင်တာနဲ့ ပင်ကိုက ခွဲခြားသိသာနိုင်ပါတယ်လေ၊ ကိုရဲမင်းသူ ရိုးသားဖြူစင်တယ်လို့ ကျွန်မ ယုံကြည်နေတယ်'

နွေးက တစ်ခါတစ်ခါ သူ့ကိုယ်သူ ကျွန်မဟု နာမ်စားသုံးသည်။

သည်'ကျွန်မ'ဆိုသည့် အသုံးအနှုန်းကိုလည်း နားထောင်လို့ကောင်းနေ၏။

'လမ်းထဲထိ ဝင်နော်'

ခေါင်းကိုညိတ်ပြသည်။

'အိမ်ပေါ် တက်ဦးမလား'

နောက်မှဟု ပြောဖြစ်သည်။

သည်လိုနှင့် နွေးက သူ့အိမ်ရှေ့ရောက်တော့ နှုတ်ဆက်ပြီး အိမ်ထဲဝင်သွား၏။

လှည့်ပြန်ခဲ့ပြီး လမ်းတစ်လျှောက်မှာ နွေးအကြောင်းကိုသာ စဉ်းစားနေမိသည်။

စိတ်တစ်ခုလုံး နွေးထံမှာကျန်ရစ်ခဲ့သည်ကိုလည်း ကိုယ့်ကိုယ်ကို သိ၏။

ဩော်....နွေးရယ်....
နွေးကတော့ စိုးမိုးသူဖြစ်နေပါပြီ။

* * *

ညရောက်တော့ တစ်ယောက်တည်း အတွေးဝင်နေမိသည်။ ငါ သူ့ကိုချစ်မျှားချစ်နေပြီလားဆိုသည့်အတွေး။

စိတ်ဝင်စားနေတာပဲဖြစ်မှာပါဟုကိုယ့်ကိုယ်ကိုဖြေသိမ့်တွေးတွေးသော်လည်း သွားလာလှုပ်ရှားနေသမျှကာလမှာ သူ့မျက်နှာ၊ သူ့ပုံရိပ်တို့နှင့် ထင်ဟပ်နေသည်။

ရင်ထဲမှ သောကအပူစကို သူ မျှယူနိုင်ပါမလားဟု တွေးရင်း ဆက်ပြင်းချမိ၏။

သူနှင့်တွေ့ဆုံချိန် သူ့မျက်နှာကိုမြင်လိုက်ရလျှင် ရင်မှာ တသိမ့်သိမ့်ဖြစ်သွားတတ်တာ မိမိစိတ်က ပျော့ညံ့တာပဲလား။ ချစ်ရသူအတွက် အရှုံးပေးနေခြင်းပဲလားမသိ တွေး၏။



သူ့မျက်နှာကိုမြင်လိုက်ရသော တဒင်္ဂကို မည်သည့်အရာနှင့်မျှ မလဲနိုင်ပါ။

သူ့အပြုံးတစ်ချက်သည် ရင်ကို ထာဝရအေးမြသွားစေသကဲ့သို့ပင် သူ့စကားအသံကို တစ်ခွန်းမျှကြားရလျှင်ပင် နားထဲက ပြန်မထွက်တော့ပါ။

မချစ်ပါဘူးလို့ တင်းထားသောစိတ်သည်။ သူ့ကိုမြင်တိုင်း အရည်ခဏခဏပျော်ခဲ့ပါ၏။

နွေးကိုချစ်နေပြီပဲဟု မိမိဘာသာဝန်ခံလိုက်တော့သည်။

☆

## ( ၇ )

ဝန်ခံစကားကြားတော့ တင်ဝင်းလှူနှင့်ငြိမ်ချမ်းက မျက်နှာကို စေ့စေ့ကြည့်သည်။

‘တကယ်နော်’

‘တကယ်ပါ တင်ဝင်းလှူ၊ ငါနွေးကိုချစ်နေမိပြီကွာ’

‘မင်းကိုယ်မင်း ဝန်ခံတာ အမှန်စကားပဲ ရဲမင်းသူ၊ ဒီတော့ မင်း ဘာလုပ်မယ်စိတ်ကူးလဲ၊ နွေးကိုဖွင့်ပြောမှာလား’

တင်ဝင်းလှူက မေးသည်။

‘စိတ်ထဲမှာ အဲဒီကိစ္စက ဇဝေဇဝါဖြစ်နေတယ်ကွာ’

‘မင်းကို ငါပြောသားပဲ၊ သိပ်ခံစားမနေနဲ့၊ ခံစားတာချင်းအတူတူ မထူးတော့ဘူး၊ ဖွင့်သာပြော’

တင်ဝင်းလူ၏ တိုက်တွန်းစကား။

‘စပြီးမှတော့ဆုံးအောင်လုပ်ပေါ့ကွာ၊ ကျောင်းမဖွင့်ခင် ပြတ်သွားလဲ ပြီးတာပေါ့၊ ရေရှည်ဆို မင်း မလွယ်ဘူးနော်၊ ကျောင်းစာကတစ်ဖက်ရှိသေးတယ်၊ ဒါပေမယ့် မင်းကို ငါတစ်ခုတော့ပြောထားမယ်၊ မင်းစိတ်ကိုမင်းနိုင်ပါစေကွာ၊ အကယ်၍ သူပြန်ချစ်ချင်ချစ် မချစ်ရင်နေ မင်းပညာရေးကို အထိခိုက်မခံဖို့တော့လိုတယ်နော်’

‘ငါ နားလည်ပြီးသားပါကွာ၊ ဖြစ်လာသမျှကို သူ့အပိုင်းနဲ့သူ ငါ ခွဲခြားထားမှာပါ’

တင်ဝင်းလူက မျက်နှာမှအကြည့်ကိုမခွာဘဲ စဉ်းစားဟန်ပြုနေသည်။

ငြိမ်းချမ်းကတော့ နားထောင်ကောင်းဆဲ။

ခဏကြာတော့....

‘မင်း ဘယ်တော့လောက် ဖွင့်ပြောမယ်စိတ်ကူးသလဲ၊ သင်္ကြန်ဆို ကျူရှင်က တစ်ပတ်ပိတ်မှာ’

စဉ်းစားစရာဖြစ်လာ၏။

သင်္ကြန်ကျရင် ကျောင်းကပိတ်ဦးမှာပဲ။ နွေးနဲ့ တစ်ပတ်လောက် အလှမ်းကွာဝေးနေမည်။



သို့သော်လည်း နွေးကိုတွေ့ချင်လျှင် အိမ်သွားလျှင် ဖြစ်ပါ၏။

နွေးက အိမ်ကိုဝင်ခွင့်ထွက်ခွင့်ပေးထားသည်ပဲ။

‘ငါစဉ်းစားဦးမယ်ကွာ၊ ကျောင်းမဖွင့်ခင်တော့ ဖွင့်ပြောမှာပါ’

‘သိပ်လဲစဉ်းစားမနေနဲ့ ရဲမင်းသူ၊ ဖူးစာဆိုတာ ဦးရာသူမှာ ပါတာပဲကွ၊ အားလုံး ကိုယ့်ဘက်သျှင်တဲ့သူတွေချည်းပဲ’

ငြိမ်းချမ်းက ကြားဝင်ပြော၏။

‘ကဲ.... အိမ်ရောက်မှစဉ်းစား၊ စာသင်ချိန်မှာ မင်းနှလုံးသားကိစ္စကို ခေါင်းထဲကထုတ်ထားလိုက်’

တင်ဝင်းလူက စကားကိုဖြတ်၏။

စကားပြတ်တော့ စိတ်ကို စာထဲနှစ်လိုက်သည်။

ဆရာ့ စာသင်သံ နားစည်ကို လာရောက်ရိုက်ခတ်သော်လည်း နွေးကတော့ အတွေးထဲဝင်လာဖို့ကြိုးစားဆဲ။

☆

## (၇)

သင်္ကြန်မကျမီ ကျူရှင်ရက်များတွင်တော့ နွေးနှင့်ရင်းနှီးမှု ပိုလာခဲ့သည်။

နွေးကို သင်္ကြန်တွင်း ရေလာလောင်းမည်ပြောတော့ နွေးက ရပါတယ်ဟုပြောပြီး လာခဲ့ရန်ခေါ်၏။

နွေးတို့အိမ်သို့ သွားရမည်ကို အနည်းငယ်ရှိန်နေသော်လည်း နွေးနှင့်ပတ်သက်မှုကြောင့် အားတွေတာ ပြည့်လာရ၏။

တင်ဝင်းလူနှင့် ငြိမ်းချမ်းကို အဖော်ညှိတော့ လိုက်မယ်ဟု ပြောသည်။

ကျူ၊ရှင်နောက်ဆုံးနေ့မှာ ဆရာက သင်္ကြန်တွင်းခရီးထွက်မည် ဖြစ်၍ ကျူ၊ရှင်ကို နှစ်ပတ်ပိတ်သည်ဟုပြောတော့ စိတ်မှာ ကြေကြေကွဲကွဲလေးဖြစ်သွားရသည်။

နွေးနှင့်တွေ့ဖို့ ဝေးပြီဆိုသည့်အသိကလည်းစိတ်ကိုသုန်ထောင်းနှိပ်စက်၏။

သင်္ကြန်အကြိုနေ့မှာ ဘယ်နှမသွားဖြစ်ခဲ့။

အတက်နေ့ နံနက်မှာတော့ စောစောကဘည်းက နှီးနေသည်။

ပြတင်းပေါက်ကို ဖွင့်လိုက်တော့ ပိတောက်နံ့က နာဝသို့လာထိ၏။

ညက မိုးရွာသည်ဆိုသည့် အသိကဝင်သည်။

နွေးကို ပိတောက်လက်ဆောင် ပေးရမည်ဆိုသည့် အတွေးကလည်း ချက်ချင်းရောက်၏။

မျက်နှာကို မြန်မြန်သစ်ပြီး ပိတောက်ပင်အောက် လျှောက်ခဲ့သည်။ ပြီး ခါးတောင်းကိုကျိုက်ပြီး အပင်ပေါ်သို့ လှသွားခန်ခုန်တက်၏။

ပိတောက်ခက်တွေလှေ....

နွေး ဘယ်လောက် ဝမ်းသာလိမ့်မလဲ။



အတွေးနှင့် ပျော်ဆဲမှာ တင်ဝင်းလူတို့ အသံကိုကြားသည်။

'အန်တီ၊ ရဲမင်းသူမရှိဘူးလား'

'မင်းတို့သူငယ်ချင်းလေ စောစောစီးစီး ပိတောက်ပင်သူများတက်ခူးမှာစိုးလို့ထင်ပါရဲ့၊ ခါးတောင်းကျိုက်ပြီး အပင်ပေါ် တက်နေလေရဲ့'

မေမေ့စကားအဆုံးမှာ တင်ဝင်းလူတို့ အပင်အောက် ရောက်လာ၏။

'ရဲမင်းသူ ဘယ်လိုလဲကွ၊ ဝီရိယကောင်းလှချည်လား'

တင်ဝင်းလူစကားကြားတော့ ခဏနေဦးဆိုပြီး လက်လှမ်းမှီသမျှ ပိတောက်ကိုင်းတွေခုတ်ပြီး အပင်ပေါ်မှ ဆင်းလိုက်၏။

မြေပေါ်ရောက်မှ ပိတောက်ခက်တွေလိုက်ကောက်ပြီး ရေစည် ရှိရာသွားသည်။

တင်ဝင်းလူနှင့် ငြိမ်းချမ်းက သေသေချာချာလိုက်ကြည့်နေသည်။

'ဩော်....ဘုရားလူမယ်၊ကုသိုလ်ပူမယ်လား၊ အခါဘ္ဘ်းဆိုတော့ အေးပေါ့လေ၊အပြစ်ရှိသူ ဘာဆိုတော့ ကောင်းမှုလေး ဘာလေး လုပ်ရတာပေါ့'

'မင်းတို့လိုမျိုးမှတ်နေသလားကွ'

တင်ဝင်းလူကို ပြန်ပေးလိုက်ပြီး အိမ်ပေါ်ကို ပိတောက်ပန်းတွေ တပွေ့တပိုက်နှင့် တက်လိုက်သည်။

မေမေ့ကို ဘုရားပန်းအတွက်ခွဲပေးပြီးမိမိလိုချင်သလောက်ကို ယူလိုက်၏။

ကျန်တာကတော့ မေမေပန်ချင်လဲပန်။ အိမ်နီးချင်းတွေ ပေးချင်လဲပေးဟု ဆုံးဖြတ်ပြီး အိမ်ပေါ်မှဆင်းလိုက်သည်။

အောက်ရောက်တော့ တင်ဝင်းလူက လက်ထဲမှပိတောက်ပန်းများကိုကြည့်ပြီး....

'ငါတို့က ဘုရားကပ်ဖို့မှတ်နေတာ လက်စသပ်တော့ သူက....'

'စွတ်ခြုပြောမနေနဲ့ ဟေ့ကောင်၊ ဘုရားကပ်ဖို့လဲ ထားခဲ့ပြီးပြီ၊ အိမ်အတွက်လဲထားခဲ့ပြီ၊ ဒါက....'

စကားရှေ့မဆက်တော့ ငြိမ်းချမ်းက....

'ဒါက နွေးအတွက်ဆိုပါတော့'

'မင်းတို့ကွာ သိလျက်သားနဲ့ မေးနေရသေးတယ်'

သူတို့မျက်နှာမှာ အရယ်များထင်သည်။



'မင်းတို့ ရေခဲဝယ်လာလား'

'ဝယ်လာပါတယ်ကွ၊ ဒီပုံးထဲမှာ'

ငြိမ်းချမ်းက ပုံးကိုလက်ညှိုးထိုးပြသည်။

သွားကြမယ်ဆိုပြီး နွေးတို့ဘက်ထွက်ခဲ့ကြ၏။

နွေးတို့အိမ်ရှေ့ရောက်တော့ သူတို့အိမ်ဘေးနားမှ မဏ္ဍပ်မှာ နွေး ရေပက်နေတာတွေ့သည်။

သူတို့ကိုမြင်သည်နှင့် နွေး ရေပက်မဏ္ဍပ်မှ အပြင်ဘက်သို့ ထွက်လာ၏။

ငြိမ်းချမ်းဆီက ပုံးနှင့်ဖလားကိုတောင်းတော့....

'မင်း ရေလောင်းမလို့လား'

'ရေမလောင်းလို့ ရေချိုးပေးရမှာလားကွ'

'ကြည့်လဲလုပ်ဦး မဏ္ဍပ်ထဲကကောင်တွေ တို့ကို ထွက်သမလိုက်မှ ညနေစောင်ဝေးသွားမယ်'

'မင်းကသဲ ကာယကံရှင်ကိုယ်တိုင်က တို့ဘက်မှာပါ'

နွေး ထံပါးသို့ လျှောက်သွားသည်။

'နွေး'

တိုးညင်းစွာခေါ်တော့....

'ရေလောင်းမလို့မဟုတ်လား'

'ပိတောက်ပန်းတွေလဲ ပေးချင်တယ်'

'ယူမှာပေါ့ ကိုရဲမင်းသူရယ်၊ ဘုရားလဲတင်မယ် နွေးလဲပန်မယ်'

ပိတောက်ပန်းခက်တွေကို နွေးလက်ထဲထည့်သည်။

နွေးလက်ထဲမှာ ပိတောက်ပန်းတွေ တပွေ့တစ်ပိုက်နှင့်ရှိခိုက် နွေးကို ဖလားထဲမှရေနှင့် ညင်သာစွာလောင်းသည်။

'ဟယ်....ရေခဲရေတွေ၊ အေးလိုက်တာ ကိုရဲမင်းသူရယ်'

နွေးကပြောပြီး သူ့ကိုမော့ကြည့်သည်။

အကြည့်ချင်းဆုံခိုက်မှာ ဝေသီနေသည့် မိမိမျက်ဝန်းအစုံ စိုက်ကြည့်မိသည်ကို နွေးက မျက်လွှာလေး အသာအယာချသွားသည်။

ရင်မှာ သိမ့်သိမ့်လေးခုန်လှုပ်မှုနှင့်အတူ....

'နွေး'

ခေါ်သံကြောင့် နွေးက အသာအယာမော့ကြည့်သည်။

'နွေးကို ကျွန်တော်ချစ်တယ်ဗျာ'

'ရှင်'



အသံကလေး ပွင့်အထွက်တွင် ရဲမင်းသူကိုယ်ကို ချာကနဲလှည့်လိုက်သည်။

လှမ်းအထွက်မှာ နွေးသည် မိမိကို မုက်တောင်မခတ်တန်ကြည့်နေပါလိမ့်မည်။

တင်ဝင်းလူတို့ဆီရောက်တော့ စကားမဆိုဖြစ်။

ခုန်နေသော ရင်က တည်ငြိမ်မှုမရှိသေး။

တင်ဝင်းလူနှင့် ငြိမ်းချမ်းက ဘေးမှကပ်လိုက်လာသည်။

'ဘယ်လိုလဲ ငြိမ်လှချည်းလှား နည်းနည်းပါးပါးပြောပြပါဦးကွ၊ ပန်းပေးပြီးနေလောင်းတဲ့ ဟန်ကလေးအတော့ တကယ့်ကို ကြည့်လို့ကောင်းတယ် ရဲမင်းသူ'

ရဲမင်းသူ သက်မျှင်းကို ဟင်းကနဲချသည်။

ပြီးမှ....

'ငါ ချစ်တယ်လို့ သူ့ကို ဖွင့်ပြောလိုက်တယ်'

'ဟာ....မြန်လှချည်လား'

ငြိမ်းချမ်းက အံ့သြဟန်ဖြင့်ဆို၏။

တင်ဝင်းလူကတော့ စဉ်းစားနေသည့်ပုံစံဖြင့် ခေါင်းကိုညိတ်သည်။

‘အေးလေ၊ မင်းရင်ထဲမှာ ပေါ့သွားတာပေါ့၊ ပြီးတာပဲဒါများကွာ၊ စကားတောင်မပြောနိုင်ဘဲ သက်ပြင်းတွေဘာတွေ ချနေရသေးလား’

‘ငါ့ကိုများ စိတ်ဆိုးသွားလား မသိဘူးကွာ’

အတွေးနှင့်ပင် ရင်က မောလာရ၏။

စကားပြောရင်း နွေးတို့ချောက်ဘက် ပြန်ကြည့်လိုက်တော့ မကျွပ်ထဲမှာ နွေးကိုမတွေ့။ ရှက်ပြီး နွေးအိမ်ပြန်သွားပြီလား မသိ။

‘အဲဒါတွေ တွေးမနေစမ်းပါနဲ့ကွာ၊ ရင်ထဲမှာ ချစ်နေတာကို ချစ်တယ်လို့ ဖွင့်ပြောရမှာ မင်းတာဝန်ပဲလေ၊ အခုပြောပြီးသွားပြီပဲ၊ သူ စိတ်ဆိုးတာတို့ ပြန်ချစ်တာတို့ မချစ်တာတို့က သူတို့အပိုင်း၊ သူတို့ခေါင်းနဲ့စဉ်းစားရမယ့်ကိစ္စ၊ ခေါင်းကိုက်တွေးမနေနဲ့ ဘာဆက်လုပ်မယ်ဆိုတာသာ စဉ်းစားထား’

‘အခုရက်ပိုင်းအတွင်းတော့ သူ့ကို မတွေ့ချင်သေးဘူးကွာ၊ မတွေ့ရဲဘူးဆိုရမလား၊ ဘာဘယ်လို စိတ်မဆိုးတဲ့ပုံဆိုရင်တော့ အခြေအနေကြည့်ပြီး၊ ခရီးရှေ့ဆက်ရမှာပဲ’



ပြောပြီးစော့ နွေးနှင့်တွေ့ဖို့ရက်ကိုတွေးပြီး ရင်ခုန်ချင်နေမိ၏။

ချစ်ပါတယ်ဆိုတဲ့ အဖြေတစ်ခုသာ ပေးပါတော့ နွေးရယ်ဟု စိတ်ထဲကပြောဖြစ်သည်။

အိမ်ရောက်သည်အထိ ရင်ခုန်က မပြယ်ချင်သေး။

( ၉ )

မြတင်းပေါက်အပြင်ကို ငေးကြည့်ရင်း နဖူးပေါ်ဝဲကျနေသည့် ဆံပင်ကို သပ်တင်လိုက်၏။

လေပြည်တစ်ချက် ဖေ့ခနဲအတိုက်မှာ ရှင်းသန့်သည့်လေကို အားရစွာ ရှူသွင်းလိုက်သည်။

မှုန်းကျပ်လှသော နေ့ညဉ်၏အပူကအအိပ်ပျက်အောင်နှိပ်စက်နေပြန်သည်။

မှုန်ဝါးဝါးမြူခြည်တွေကြားမှာ စိုးရွံ့အားငယ်မှုတွေပြည့်နေသော မျက်ဝန်းတစ်စုံကို သတိရနေမိသည်။

ဆရာနှင့်ပြောနေသောစကားများအရ ဆရာ့သူငယ်ချင်းသား ဖြစ်နိုင်၏ဟု ကျူရှင်စတက်သည့်နေ့ကတည်းက ကောက်ချက်ချခဲ့မိသည်။

အင်္ဂလိပ်(ဂရမ်မာ) စာအုပ်ကို သူများတွေအား ပေးခိုင်းနေသော သူ့အသံ သူ့မျက်ဝန်းတို့သည် အားငယ်မှု၊ အားနာမှုတွေ ရောပြွန်းနေသည်ပဲလားမသိ။ မှိုင်းညို့ညို့နှင့် တွေဝေနေသလိုပါပဲ။

ဆယ်တန်းအောင်သွားသော အစ်မဆီမှာ ဂရမ်မာစာအုပ်အဟောင်းတစ်အုပ်ရှိ၍ ထည့်ယူလာခဲ့မိခြင်းသည် သူနှင့်ပတ်သက်ဆက်နွယ်ဖို့များ ဖန်တီးလာသလားမသိ။

ကျူရှင်အဆင်း စာအုပ်ပြန်လာပေးသောအခါ သူ့စိတ်ကို နားမလည်နိုင်စွာ အံ့ဩရပြန်သည်။

မိမိကို အားနာငဲ့ညှာ၍ပဲလား။

တစ်ပါးသူ၏ကျေးဇူးအဘင်မခံလို၍ပဲလား။

ထိုနေ့က ကျေးဇူးဘင်ပါဘယ်ဆိုသော စကားတစ်ခွန်းကိုတော့ ပြောသွားခဲ့သေးသည်။

ညိုသောအသားရေနှင့် မျက်ခုံးကောင်းကောင်း၊ နှာတံဖြောင့်ဖြောင့်၊ နှုတ်ခမ်းအနည်းငယ်ထူသော သူ့မျက်နှာသည် ယောကျ်ားပီသလွန်းသည်ဟု တွေးမိ၏။



ဘေးခွဲသွားသောဆံပင်တိုတိုနှင့်မို့ သူ့မျက်နှာက ထာဝရရှင်းသန့်လို့နေသည်။

အရပ်မြင့်မြင့်နှင့် ယောကျ်ားပီသသော ကိုယ်အနေအထားက မိန်းကလေးတစ်ယောက်အဖို့ အားကိုးချင်လောက်အောင်ပင်။

နှုတ်ဆက်ပြီး လှည့်ထွက်သွားသော သူ့အကြောင်းကို အဲ့ဒီနေ့က မတွေးမိဘဲ မနက်ဖြန် စာအုပ်မရရင် သူ ဘာနဲ့ကြည့်ပါ့မလဲလို့ တွေးမိတဲ့စိတ်ကို အံ့ဩခြင်းကြီးစွာ ဖြစ်ရပါသေးသည်။

နောက်တစ်နေ့မှာ ကျူရှင်စာရေးအစ်ကိုကြီးနှင့် ကျောင်းသားတစ်ယောက် ပြောနေသံကြား၍ စာအုပ်မရှိသေးကြောင်း သိရသည့်အခါ သူ့အတွက် နားလည်စွာဖြင့် စာအုပ်သွားပေးခဲ့မိသည်ကို စိတ်ကပျော်နေခြင်းသည်မိမိ၏အားနည်းချက်တစ်ခုပေပဲလားမသိ၊ အံ့ဩစွာငေးမောကြည့်နေသော သူ့မျက်ဝန်းမှာ ဝမ်းသာမှုနှင့်ပြည့်နေသည်ကို မြင်ရခိုက် ရင်မှာသိမ့်သိမ့်ကလေး ခုန်ရသည်လေ။

လျှပ်တစ်ပြက် ခဏတာအကြည့်ချင်းဆုံခိုက်မှာ ရင်တွေခုန်အောင် ကြည့်နိုင်စွမ်းတဲ့ သူ့အကြည့်ကို မကြည့်မိအောင် သတိထားရင်း အဲ့ဒီအကြည့်တွေကိုပဲ နှစ်သက်ခုံမက်လို့ ဘမ်းတနေတတ်ပြန်ပါသည်။

ဆုံလိုက်သောအကြည့်ဘိုင်းမှာလည်း မိမိက အရှုံးပေးမျက်လွှာချပစ်ခဲ့ရသည်သာ။

အဲသည်နေ့ ကျူရှင်အဆင်း ဘယ်ကမှန်းမသိသော ကောင်နှစ်ကောင် စာပေး၊ စကားလိုက်ပြောခြင်းဘည် သူနှင့် ပတ်သက်ဆက်နွယ်ပုံမှန်း မသိခဲ့။

မိန်းကလေးတစ်ယောက်၏ ဣန္ဒြေကို ပျက်စေသည်အထိ အနှောင့်အယှက်ပေးနေသော ကောင်နှစ်ကောင်ကို တားဆီးနိုင်ဖို့ အားကိုးအားထားရှာခဲ့သည်မှာ ဘယ်သူ့ကိုမှမတွေ့။ ဖွင့်စကျူရှင်မို့ မိန်းကလေးချင်းလည်းကျွမ်းသိခြင်းမရှိ၊ သိကျွမ်းမှုရှိပြန်တော့လည်း အပြန်ခရီးက မတူကြ၊ ကျူရှင်မှာ ယောကျ်ားလေးက မိန်းကလေးထက်ပင် ပိုနည်းနေသေး၏။

သည်လိုနှင့် နောက်တစ်ပတ် ကျူရှင်တက်ချိန် သူ့ကိုမြင်မှ သူ့ကို အကူအညီတောင်းခံဖို့ စိတ်ထဲကဆုံးဖြတ်လိုက်မိသည်။ သူ့သူငယ်ချင်းနှစ်ယောက်နှင့်မို့ အိမ်အပြန် လမ်းချင်းတူလျှင် ကောင်းမည်ဟုတွေးပြီး ကျူရှင်အဆင်း အကူအညီတောင်းလိုက်သည်။

သူ့သူငယ်ချင်းနှစ်ယောက်ကတော့ လမ်းချင်းမတူသည် ပဲလား မသိ၊ အပြန်မှာမတွေ့၊ သူနှင့်မိမိ ရင်းနှီးပြီးချိန်မှာလည်း အတူမပြန်။

သူ့ကို ယုံကြည်အားကိုးနေမိတဲ့စိတ်ကို အပြစ်တင်ချင်သည့်တိုင် နည်းနည်းမှ တင်ခွင့်မရ၊ သူရိုးသားသည်ကိုတော့ အလိုလို ယုံကြည်နေမိသည်။



နောက်တစ်နေ့မှာ သူနဲ့အတူပြန်တော့ နှုတ်ဆိတ်နေတဲ့ သူ့ကိုကြည့်ရင်း မိမိအပေါ် အထင်သေးစိတ်များဝင်သွားပြီလားဟု စိုးရိမ်စိတ်ကလေး ဖြစ်ခဲ့ရသေးသည်။

စကားပြောရင်းနှင့် သူ့ မိသားစုအကြောင်း၊ သူ့ကို အကြီးဆုံးဖြစ်၍ မည်မျှမျှော်မှန်းထားကြောင်း၊ သူ့မိသားစု၏ စားဝတ်နေရေး အကြောင်းရာများကို ရိုးရိုးသားသားနှင့် ပွင့်လင်းစွာပြောပြသွားသည့်အခိုက် သူ၏ ဟန်မဆောင်တတ်သော ရိုးသားမှုကို အသိအမှတ်ပြုဖြစ်ပြန်၏။

ထို့ကြောင့်လည်း အဲ့ဒီနေ့က သူရိုးသားဘာ ယုံကြည်နေ တယ်ဆိုတဲ့ စကားကို နှုတ်မှဖွင့်ဟခဲ့မိသည်။

သူနှင့်တွေ့ရသော အချိန်တိုင်းမှာ သူ့ကိုလေးစားစိတ်၊ ယုံကြည်စိတ်တွေက ဖြစ်ပေါ်နေစမြဲ။

သင်္ကြန်ကျရင် ရေလောင်းမယ်ပြောတုန်းက လာလောင်း လေလို့ ဖိတ်ခေါ်ခဲ့မိသည့်အခါ ဝင်းပသွားသည့် သူ့မျက်နှာကို ကြည့်ရင်း ရင်က ကြည်နူးနေခဲ့မိဘာ ဘာကြောင့်မှန်းမသိ။

အချစ်ဆိုတာလွားဟု စဉ်းစားမိတိုင်းမရေရာ။

သင်္ကြန်အတက်နေ့ ရေလာလောင်းတော့ ပိတ်တောက်ပန်း စွေ့ တပွေ့တပိုက်နှင့် သူ့ပုံရိပ်ကို ယခုတိုင်မြင်နေဆဲ။

ရေလောင်းပြီး မထင်မှတ်ဘဲပြောသွားသော စကားတစ်ခွန်းက နှလုံးသားကို တုန်ခါသွားစေခဲ့တာ သူသိမည်မဟုတ်။

ပြောပြီး လှည့်ထွက်သွားသော သူ့ကျောပြင်ကိုကြည့်ရင်း ရှက်ရှက်နှင့် အိမ်ထဲပြေးဝင်ခဲ့သော ထိုနေ့ကအဖြစ်ကို သူသိမှ သိပါစဟုတွေးမိတိုင်း ချက်ချင်းလှည့်ထွက်သွားသော သူ့ကို စိတ်ဆိုးချင်နေခဲ့မိသည်။

နောက်နေ့တွေမှာ ရောက်လာဦးမလားလို့မျှော်တိုင်း သူ ရောက်မလာခဲ့။

မိမိကိုမတွေ့ရ၍ပဲလား၊ ရှက်၍ပဲလား။

သကြံန်ပြီးတော့လည်း သူ့ကိုပဲ မျှော်နေခဲ့မိသေးသည်။ နောက်တစ်ပတ်မှာ ကျောင်းကမဖွင့်သေး။

သူရောက်လာမလားမသိဘူးဟု မျှော်ရသည်က စိတ်၏ အားနည်းချက်။ ပြောညံ့ချက်ပဲ ဖြစ်မည်ဟုတွေးသော်လည်း သူ့ကို ချစ်မိနေလို့ နေမှာပေါ့ဟုလည်း တွေးဖြစ်၏။

ထိုသို့တွေးတိုင်း အတွေးမှာ သူ့ကိုမြင်ပြီး ရှက်ချင်နေပြန်သည်။

ရက်၏ သတ္တမဆိုသည်မှာ မကြာသော်ငြား စိတ်ထဲမှာတော့ ရှည်လျားလွန်း၏။

အိပ်မရသော ယခုလိုညမျိုးမှာပင် သူ့အကြောင်းတွေးရင်းနှင့် အခါခါ သတိရနေတတ်ပြန်သည်။

တစ်ရစ်ပြီးတစ်ရစ်နှင့် ချည်နှောင်လာသော သမုဒယပိုးကြိုးတို့က တိုး၍တင်းကျပ်ခိုင်မာနေစေပြန်သည်။



သူ့ရည်မှန်းချက်တွေကို မိမိကြောင့် ပျက်ပြားစေချင်ပါ။ မိမိအပေါ် တိမ်းညွတ်နေသော သူ့စိတ်ကို ထိန်းကျောင်းပေးရင်း မိန်းကလေးတို့ ဣန္ဒြေကိုစောင့်စားရင်း သူ့ကိုပြောဖို့ စကားတစ်ခွန်းကို ကြို၍ဆုံးဖြတ်ထားလိုက်တော့သည်။

သို့သော် သူမသိသော မိမိ၏ ဒိုင်ယာရီစာအုပ်ထဲမှာတော့ ‘သူ့ကိုချစ်တယ်’ ဟူသော စာတစ်ကြောင်းကို ရေးချခဲ့ပါ၏။

☆

## ( ၁၀ )

ကျူရှင်ဆင်းဆင်းချင်း ငြိမ်ချမ်းနှင့် တင်ဝင်းလူက ပြန်သွားသည်။

နွေး ထွက်အလာကို ရပ်စောင့်ရင်း ရင်ခုန်နေ၏။ ကျူရှင်စတက်ကတည်းက နွေးကိုမကြည့်ဘဲ တစ်ချိန်လုံး ခေါင်းကိုသာငုံ့ထားနေမိသည်။

'ကိုရဲမင်းသူ သွားမယ်လေ'

အသံကြားမှ နွေးထံပါးသို့ရောက်လာတာ သတိပြုမိသည်။

ပြီးတော့ နှစ်ယောက်သား ထွက်လာခဲ့ကြသည့်တိုင် စကားမဆိုဖြစ်ခဲ့။

စက္ကန့်တော်တော်များများ လွန်မြောက်မှ မိမိကပင် စကား စလိုက်သည်။

'နွေး ကျွန်တော့်ကို စိတ်ဆိုးနေပြီလားဟင်'

အားငယ်မှုများနှင့် ရောနေသောအသံကို သတိထား ဖြစ် လိုက်သည်။

'ဘာကို စိတ်ဆိုးရမှာလဲ ကိုရဲမင်းသူရဲ့၊ နွေးလဲ မသိပါ လား'

'သကြၤန်အတက်နေ့ကိစ္စလေ'

ပြောပြီး နွေးကိုလှည့်ကြည့်ဖြစ်သည်။

နွေးက ခေါင်းကို ငုံ့ရင်း စကားစသည်။

'ကိုရဲမင်းသူ မှတ်မိမလားမသိဘူး၊ ကိုရဲမင်းသူကို နွေး ဘာလို့အကူအညီတောင်းသလဲဆိုတာ'

သူ့ကို ကောင်နှစ်ကောင် စကားလိုက်ပြော၊ စလိုက်ပေး၍ အကူအညီတောင်းခဲ့သည်ကို အမှတ်ရသည်။

'ဒီလိုဆို နွေးက ဒီကိစ္စကို လုံးဝစိတ်မဝင်စားသေးဘူး ပေါ့၊ အဲဒီလိုတော့မလုပ်ပါနဲ့ နွေးရယ်၊ ကျွန်တော် ကာယ္ပါကားတဲ နေးအဘောထားတစ်ခုကို ပြတ်ပြတ်



သားသားသိပါရစေ၊ ကျွန်တော့် အချစ်ကို နွေးမယုံလို့ လားဟင်၊ ကျွန်တော် နွေးကို တကယ်ချစ်တာပါဗျာ၊ နွေး ကျွန်တော့်ကို နားလည်ပေးပါနော်'

'နွေးယုံပါတယ်၊ ဒါပေမယ့် ကိုရဲမင်းသူရယ်၊ နွေးတို့ ပညာရေးဆိုတာကို ဦးစားပေးရဦးမယ်လေ'

'ကျွန်တော်နားလည်ပါတယ်၊ ကျွန်တော် နွေး အဖြေ တစ်ခုတည်းပဲ သိပါရစေဗျာ၊ ကျန်တာတွေကို ခဏဖယ် ထားလိုက်ပါဦး၊ နွေး ကျွန်တော့်ကို အားမနာပါ ဖြေပါ၊ နွေးဆီကအချစ်ကိုမရလို့ ကျွန်တော် မကျည်ဘဲ မနေပါ ဘူး၊ နွေးနဲ့ပတ်သက်ရင် အချစ်ကိုမရလဲ ရှေတန်းကပဲ နေမှာပါ၊ ဘူငယ်ချင်းအဖြစ်နဲ့ ဆက်ခင်သွားမှာပါ၊ ကျွန်တော့် ဝေဒနာတွေကို ကျွန်တော် ကြိုးစားဖြေသိမ့် သွားမှာပါ'

နွေးဆီကအချစ်ကို မမျှော်လင့်နိုင်ပြီလားဟု ထင်မိ၍ ရင်ထဲ မှာရှိနေသော စကားတို့ကို ဆိုဖြစ်သည်။

'အရေးကြီး အစိကကျတဲ့ စာမေးပွဲကြီးဖြေပြီးမှ နွေးတို့ ဒီကိစ္စကို စဉ်းစားကြရအောင်နော်၊ နွေးလည်း ကြိုးစား မယ်၊ ကိုရဲမင်းသူလဲ ကြိုးစားပေါ့'

'မဟုတ်ဘူးလေ နွေးရယ်၊ ကျွန်တော် စာမေးပွဲဖြေဒါလဲ ဖြေဒါပေါ့၊ ဒီကြားထဲ ကျွန်တော့်အချစ်ကို နွေး အသိ အမှတ်ပြု စဉ်းစားပေးပါဦးလို့'

မိမိစကားပင် မဆုံးလိုက်ရ၊ နွေးက တည်ကြည်သော မျက်နှာလေးဖြင့်။

'ကိုရဲမင်းသူတို့ နွေးတို့ဟာ ငယ်ရွယ်ကြပါသေးတယ်၊ အချစ်ဆိုတဲ့ ဘာသာရပ်ကို၊ စဉ်းစားဆွေးနွေးနိုင်တဲ့ အသိဉာဏ် မရင့်ကျက်သေးပါဘူး၊ နွေးတို့ရဲ့ နုနယ်တဲ့ နှလုံးသားထဲမှာ အချစ်ကြောင့် မခံစားစေချင်ဘူး၊ မညှစ်နွမ်းစေချင်ဘူး၊ ပညာရေးမှာ အချစ်ရေးဝင်လာရင် ဘယ်လိုပဲ သီးသန့်စီထားတယ်ပြောပြော ထိခိုက်လာမှာ အမှန်ပဲ၊ နွေးက ပညာရေးကို လုံးဝအထိခိုက်မခံနိုင်ဘူး၊ ဒါကြောင့် ပညာသင်ချိန်မှာ ဒီကိစ္စတွေ မစဉ်းစားပါရစေနဲ့'

နွေး၏ ပြတ်သားသောစကားကြောင့် ရှေ့ဆက်ပြောမည့်စကားတို့ မပြောရဲတော့။

ရင်ထဲကတော့ မွန်းကျပ်နေ၏။ နှုတ်ဆက်ပြန်သွားသော နွေးကိုကြည့်ရင်း ရင်မှာ လပ်ဟာမှုဖြင့် ကြေကွဲရပြန်သည်။

ဩော်....နွေးရယ်
နွေးစကားက....
ပျော်ရသည်းခက်
မပျော်ရလည်း အခက်ပါလားကွယ်။

* * *



'အဲဒါ နွေးက မင်းကိုတကယ်ချစ်လို့ပေါ့ ရဲမင်းသူရ'

ညရောက်တော့ တင်ဝင်းလူနှင့် ငြိမ်းချမ်းကို လက်ဖက်ရည်ဆိုင်ခေါ်ပြီး ညနေကိစ္စကို ပြောဖြစ်သည်။ စကားကို နားထောင်ပြီး တင်ဝင်းလူက ကောက်ချက်ချ၏။

'မစဉ်းစားသေးပါဘူးလို့ ငြင်းနေတာ၊ ဘယ်လိုလုပ်ပြီး ချစ်တာဖြစ်နိုင်မှာလဲကွ'

စိတ်ပျက်သံဖြင့်ပြောတော့ တင်ဝင်းလူက ရဲမင်းသူမျက်နှာကို သေသေချာချာကြည့်၏။

'မင်းဟာ အရေးကို မ သိ တတ် တဲ့ ကောင် ပါလား ရဲမင်းသူ၊ မင်း ငါပြောတာ သေသေချာချာနားထောင်၊ မင်းဖွင့်ပြောလိုက်လို့ နွေးက မင်းကိုစိတ်ဆိုးသွားသလား'

'မဆိုးဘူး'

'မင်းကို မချစ်ဘူးလို့ကောပြောသလား'

'မပြောဘူး'

တင်ဝင်းလူရယ်တော့....

'မချစ်ဘူးလို့ မပြောတာနဲ့ ငါ့ကိုချစ်တယ်လို့ ဘယ်ပြောလို့ရမလဲကွ'

'ငါ့စကားဆုံးအောင် နားထောင်ပါဦး ရဲမင်းသူ၊ မင်းကို မချစ်ရင် စာမေးပွဲပြီးချိန်အထိတောင် အချိန်ဆွဲမထားဘူး၊ သူမင်းကိုချစ်တယ်၊ ဒီကြားထဲမှာ တို့ဘဝတွေကို အဆုံးအဖြတ်ပေးမယ့် စာမေးပွဲကရှိတော့ နှစ်ဦးလုံး ပညာရေးကိုငဲ့ပြီး မင်းကိုလဲ့ ကြိုးစားခိုင်းတယ်၊ သူလဲ ကြိုးစားမယ်ပြောတယ်၊ မင်းကိုချစ်ပါတယ်လို့ ပြောလိုက်ရင် ပညာရေးတစ်ပိုင်းတစ်စနဲ့ မင်းစိတ်သွတ်သွားမှာစိုးလို့ ဒီအတိုင်းပဲနေရအောင် ပြောတာပဲလို့ ငါထင်တယ်၊ ဒီအတိုင်းနေရတာရယ်၊ စာမေးပွဲပြီးမှ စဉ်းစားရအောင်နေဘ်လို့ ပြောတာရယ်က မင်းကို စာမေးပွဲပြီးမှ ချစ်ပါတယ်ဆိုတဲ့အဖြေကို ပေးမယ်လို့ သွယ်ဝိုက်ပြောတာကွ၊ မင်းမှာ မျှော်လင့်ချက်အပြည့်ရှိတယ်၊ စိတ်မပျက်နဲ့'

ပြောပြီး ရေနွေးကြမ်းခွက်ကို မော့သောက်သည်။ ပြီး စကားကို တင်ဝင်းလူ ပြန်ဆက်၏။

'ငါ့သုံးသပ်ချက်ပေါ့ ရဲမင်းသူ၊ နွေးက မင်းကို တကယ်မချစ်ရင် အဲ့ဒီ မစဉ်းစားသေးဘူးဆိုတာကို ဖြေသင့်တယ်လို့ ငါထင်တယ်၊ မင်းအတွက် သူသည့်စဉ်းစားတာ မင်းမရိပ်မိအောင် ပြောသွားတာကိုက မင်းကို သူချစ်နေတယ်ဆိုတာကို တစ်ဖက်လှည့်နဲ့ ဖြေသွားတာပဲ၊ ငါတော့ နွေးကို ချီးကျူးတယ်၊ မင်းကတော့ အတင်းပဲ အဖြေလိုချင်နေတယ်ဆိုတော့ ဘယ်ရိပ်မိနိုင်မလဲ၊ တာပဲ



ပြောပြော ဒီနှစ်စာမေးပွဲဟာ မင်းဘဝအတွက်ရော၊ နှလုံးသားအတွက်ပါ ဆုံးဖြတ်ပေးနိုင်တယ်လို့ ငါထင်တယ် ရဲမင်းသူ၊ မင်းသာကြိုးစားပေတော့'

တင်ဝင်းလူ စကားအဆုံး ရင်ထဲမှာတက်ကြွလာသည်။

တကယ်တော့ မိမိကိုနားလည်မှုနှင့် ဖေးမနေသော သူငယ်ချင်းတွေကို ကျေးဇူးတင်မိသည်။

ဆိုးတိုင်ပင် ကောင်းတိုင်ပင်မို့ သူငယ်ချင်းတွေက အားကိုးလို့လည်းရပါ၏။

ယခုလည်း ကိုယ်တွေမဟုတ်သည့်တိုင် ကြုံဖူးတွေ့ဖူးသောဟု သုတနှင့် ပြောနေသော တင်ဝင်းလူ စကားတွေက ဘဝအတွက်ရော နှလုံးသားအတွက်ပါ တကယ် အားအင်တွေပါပဲ။

နွေးသည် ဘဝအတွက် မျှော်လင့်ချက်ကိုပေးထားသည်ဟု စဉ်းစားမိတိုင်း ရင်မှာ အင်အားရပ်များ ဖြစ်တည်ရ၏။

ဘဝအတွက် ရည်မှန်းချက်ကြီးသော မိမိကို နွေးကထိန်းသိမ်းပေးခဲ့သည်လေ။

ဩော်....အတွေးများနှင့် နွေးကို ထပ်မံအထင်ကြီးနေမိပါသည်။

☆

# (၁၁)

ကိုးတန်း အောင်စာရင်းတွေ ထွက် ပြီး တော့ ကျန်သော ဘာသာများ စ၍ဖွင့်သည်။

နွေးရော သူတို့အုပ်စုပါအောင်၍ ရွှေ့နှစ်ကို တက္ကသိုလ်ဆိုသည့် ကျောင်းကြီးကို လှမ်းမျှော်နိုင်ကြပါပြီ။

ကျူရှင်ကို အင်နှင့်အားနှင့်တက်ပြီး နွေး၏မျက်နှာအလှကို ဖူးတွေ့နေရသည်ကိုလည်း စိတ်ကကျေနပ်နေမိပါ၏။

နွေးက ရူပဗေဒကို တခြားမှာတက်သည်ကိုတော့ သိသည်။

မြန်မာစာကို နွေးက ကျူရှင်မယူ။

မီမီက မြန်မာစာ့ရော ရူပဗေဒပါ နှစ်ဘာသာစလုံးမယူ ကျောင်းဖွင့်ရင်တော့ အဆင်ပြေမှာပါဟု တွေးဖြစ်ခဲ့၏။

သည်လိုနှင့် ရာသီတစ်ခုဖြုတ်ခနဲကြွေသွားသည်။

ပူပြင်းခြောက်သွေ့သောနေရာမှာ စိုစွတ်မှုတို့ အစားထိုးလာ၏။

ထီးတည်းကျန်နေသော ကိုင်းခြောက်တို့မှာ ပုရစ်နု ပုရစ်ဖူးတွေ စီလာသည်။

ဝန်းကျင်တစ်ခွင်လုံး အစိမ်းရောင်သမ်းလာသည်။

တိုက်ခတ်လာသောလေပြည်တွင် မိုးငွေ့တို့ပါစပြုလာ၏။

အရာရာတိုင်းက မိုးကို ငံ့လင့်နေသယောင်ပါပဲ။

နေ့ရက်များလွန်မြောက်ရင်း မိုးစက်တို့ တပွဲပွဲနှင့်ကျရောက်လာသည်။

သုံးလေးလမျှငြိမ်သက်နေသော ကျောင်းတော်ကြီးသည် လှုပ်ရှားသက်ဝင်စပြုလာ၏။

ဩော်....ကျောင်းတွေဖွင့်ပြီပေါ့။

* * *



ကျောင်းဖွင့်စကတည်းက စာကို ဂရုတစိုက်နှင့် သင်ကြားသည်။ ကျက်မှတ်သည်။

ထိုသို့ လေ့လာကျက်မှတ်နေသည့်ကြားမှ ရူပဗေဒမှာ သူများထက်ကျန်နေသည်ကို သိသည်။

အိမ်စာပေး၍ တွက်ခိုင်းလိုက်လျှင် ဘယ်တော့မှ အဆင်မပြေ၊ ကျောင်းရောက်သော့ တိုက်ကြည့်လျှင် တစ်ခုခုကလွဲနေသည်။

သည်လိုနှင့် ကြာတော့ မရတာတွေက များလာ၏။

အကူအညီကို တင်ဝင်းလူနှင့် ငြိမ်းချမ်းဆီမှာတောင်းဖို့ကလည်း သူတို့လည်း မိမိနည်းတူပါပဲ။

သို့သော် သူ မရှင်းသမျှဖြေနိုင်သူ တစ်ဦးတော့ရှိပါ၏။

သူက မင်းဇော်။

ကိုးတန်းတည်းကဲ ရဲမင်းသူနှင့် ပြိုင်ဘက်။

စာနှင့်ပတ်သက်လာလျှင် သူတို့ အမြဲတမ်းပြိုင်ခဲ့ကြသည်။

ပြိုင်ဘက်ချင်းဖြစ်သော်လည်း သူတို့မှာ ခန့်တိုမှုတော့ ကင်းပါ၏။

မနာလိုစိတ်သည်း မရှိ။

ကိုးတန်းကတည်းက မိမိ နားမလည်တာရှိလျှင် သူ့ကို ရှင်းခိုင်း၊ သူ မရှင်းလျှင် မိမိကပြန်ရှင်းပြနှင့် နေခဲ့ကြသည်။

မင်းဇော်က သူတို့နောက်ဘက်ကလမ်းမှာ နေသည်။

သို့သော် သူတို့က ခြံနှင့်ဝင်းနှင့်နေသော ချမ်းသာသူတွေမို့ တင်ဝင်းလူတို့ ငြိမ်ချမ်းတို့လို သိပ်မတွဲဖြစ်။

မင်းဇော်အဖေက ဆရာဝန်ကြီး။

ဆရာဝန်ကြီးမှ ရိုးရိုးဆရာဝန်တော့မဟုတ်ပါ။

မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု။

အမေက ဘာမှမလုပ်သော်လည်း အထွေထွေကစီးပွားရေးလုပ်ငန်းများကို ကိုယ်စီပိုင်ဆိုင်မှုရှိကြသည်။

ကားဆိုတာကတော့ ထည်လဲပါပဲ။

မကြေညက်သည်များကို မင်းဇော်ဆီ အမေးများလာတော့ အခြေအနေကို မင်းဇော်က နားလည်လာသည်ထင်ပါ၏။

'ရဲမင်းသူ....မင်း ဖစ်ဆစ်ကို ကျူရှင်ဘယ်မှာယူလဲ'

'ဘယ်မှာမှမတက်ဘူး၊ ဘာဖြစ်လို့လဲ'

'မင်း ဒီအတိုင်း တစ်နှစ်လုံးသွားနေရင် မလွယ်ဘူး ဟေ့ကောင်၊ ငါ ရှင်းပြတယ်ဆိုတာလဲ ဆရာလိုတော့ အတိအကျကြီးဖြစ်မှာမဟုတ်ဘူး'



'ငါ ရပါတယ်ကွာ၊ ငါနားလည်ရင်ပြီးတာပဲ၊ ဘာလဲ.... မင်း ငါ့ကို စိတ်ညစ်နေပြီလား'

'ဟာ.... အဲ့ဒီသဘောနဲ့ ငါပြောတာ မဟုတ်ပါဘူး၊ မင်း ငါ့ကို တစ်နှစ်လုံးမေးနေဦး၊ ငါ ရှင်းပြမှာပဲ၊ ဒါပေမယ့် ဆရာတစ်ယောက်က သူ့ပုံစံနဲ့ သေသေချာချာ သင်တာလောက် နားစွဲပါ့မလားလို့ ငါစိုးရိမ်လို့ပါ၊ ဒီနှစ်က အရေးကြီးတယ်လေကွာ'

ခေါင်းကို အသာညိတ်သည်။

စိတ်တစ်ခုလုံးကတော့ ဝေနေရပါ၏။

အိမ်ကို ဖွင့်ပြောလျှင်တော့ သူ့ကို ကျူရှင်ထားပေးမှာ သေချာသည်။

စဉ်းစားကြည့်တော့ အိမ်အခြေအနေက စားလောက် သောက်လောက်ရုံပဲရှိသည်။

သူ့ ကျူရှင်စရိတ်က အနည်းဆုံး ငါးဆယ်တော့ ပေးရမည်။

ဒါတောင် ပထမဆုံးလဆို ဝင်ကြေးက အစိတ်ယူချင်ယူသည်၊ ငါးဆယ်ယူချင်ယူသည်။

တွေးရင်း မွန်းကျပ်လာသောရင်မှ သက်ပြင်းကို ချဖြစ်သည်။

'ဘာတွေစဉ်းစားနေတာလဲ ရဲမင်းသူ၊ ဒီလိုလုပ်ကွာ… အိမ်မှာ ငါခြောက်ဘာသာလုံး ဝိုင်းသင်နေတာ မင်းသိသွားပဲ၊ အဲ့ဒီ ခြောက်ဘာသာထဲမှာ ဖစ်ဆစ်ရယ်၊ မြန်မာစာရယ်၊ ဘိုင်အိုရယ်က အရှင်တုန်းက လူနည်းနည်းလေးရယ်၊ ငါတို့အိမ်ကပဲ အဲဒီ ဆရာတွေအတွက် လူရှာပေးခဲ့ရတယ်၊ ဆရာတွေက ကျေးဇူးတင်ပြီး ငါ့ကို ပိုက်ဆံမပေးနဲ့တောင်ပြောတာ၊ ငါက ခေါင်းခါပြီး ပေးတာ၊ အခု ငါ့အစား မင်းတက်ကွာ၊ ဆရာတွေက သဘောကောင်းပါတယ်၊ပြီးတော့ မင်းက တစ်ဘာသာပဲ တက်မှာပဲဟာ၊ ဖစ်ဆစ်ဆရာကိုပြောကြည့်မယ်ကွာ၊ ရရင် ငါတို့နဲ့တက်၊ ဘာဖြစ်လဲ'

'ငါက မင်းတစ်ယောက်တည်း သင်တယ်ထင်နေတာ'

'အရှင်တုန်းကဟုတ်တယ်၊ ဖေဖေက ငါတစ်ယောက်တည်း သင်ဖို့ခေါ်တာ၊ နောက်ပိုင်းကျ ဆရာတွေက လူလိုချင်တာရယ်၊ မအားတာတွေရယ် ဖြစ်လာတယ်လေ၊ ဆရာတွေက တစ်ယောက်တည်းအတွက် အချိန်ပေးရမှာ ခက်နေတယ်ထင်တယ်ကွ'

'မင်းအတွက်တစ်ယောက်ခကို ဆရာတွေကျနပ်အောင် ပေးတယ်မဟုတ်လား'



'ပေးတာပေါ့၊ ဖေဖေဆို ငါ့အတွက် တစ်လနှစ်လမှာ နှစ်ထောင်ကျော်လောက် ကုန်နေပြီ၊ ဒါနဲ့ ငါလဲ စဉ်းစားပြီး ပိုက်ဆံလဲကုန်တယ်၊ တစ်ယောက်တည်း သင်လဲ ဒီစာပဲ၊ အများနဲ့သင်လဲ ဒီစာပဲဆိုပြီး ဖေဖေ့ကိုပြော လူရှာပေးလိုက်တာ၊ ဖေဖေ့ကိုတော့ ငါပြောပြလိုက်တယ်လေ၊ သားတို့က တစ်ဝိုင်းမှ ဆယ်ယောက်လောက်ရှိတာပဲ ဖေဖေရဲ့၊ သင်လို့ဖြစ်ပါတယ်လို့၊ ဖေဖေက ငါ့ကို လူအများကြီးနဲ့မသင်စေချင်ဘူး၊ ငါလဲ အဲ့ဒီလောက်ထိမလိုပါဘူးကွာ၊ ကိုယ်နားလည်အောင် ရှင်းပြနိုင်ရင် ပြီးတာပဲလို့ ထင်တာပဲ'

'အေးလေ….'

'ဒါနဲ့ ငါလဲ အိမ်မှာ ဝိုင်းနဲ့ လူဆယ်ယောက်လောက်နဲ့ပေါ့ကွာ၊ ငါအိမ်ပြန်ရောက်ရင် ပြောပေးမယ်၊ မင်းဘာမှအားမနာနဲ့၊ လိုက်သာလိုက်တက်….ဟုတ်လား'

မင်းဇော်စကားတွေက အားတက်သရော။

စိတ်ထဲမှာတော့ အရမ်းကျေးဇူးတင်နေမိသည်။

မင်းဇော်ပြောသည့်အတိုင်း အဆင်ပြေလျှင် အနာဂတ်ခရီးသည် ဖြောင့်ဖြူးမှာပဲဟု တွေး၏။

အဆင်ပြေပါစေလို့ပဲ ဆုတောင်းရတော့သည်။

☆

## (၁၂)

နောက်တစ်နေ့ကျောင်းရောက်တော့ မင်းဇော်က ဝမ်းသာအားရ စကားဆိုသည်။

'မင်း ဝမ်းသာတော့ ရဲမင်းသူ၊ အားလုံးအဆင်ပြေတယ်၊ မင်း တက်ဖို့ပဲကျန်တော့တယ်၊ ရော့....ဒီမှာ အချိန်စာရင်း၊ တခြားကျူရှင်တွေနဲ့လဲ တိုက်နေဦးမယ်၊ သေသေချာချာကြည့်ဦး'

ပြောပြီး လက်ထဲကို အချိန်စာရင်းစာရွက်လေး ထည့်သည်။

ရင်ထဲမှာ ဝမ်းသာမှုတွေနှင့် မင်းဇော်ကို ဘာပြန်ပြောရမည်မသိ ဖြစ်နေသည်။

'ကျေး.... ကျေးဇူးပါပဲကွာ၊ ငါ မှင်းကို အရမ်းကျေးဇူးတင်နေတယ် မင်းဇော်'

ပြောဖြစ်သည့်စကားမှာ အသံကတုန်ခါနေ၏။

ရှေ့ဆက် ရင်ဆိုင်ရမည့် ဘဝအကြောင်းကို တွေးရင် အင်အားရပ်တွေက ရင်မှာဖြစ်တည်လာရသည်။

ကျောင်းကပြန်တော့ ဖေဖေ့ကို ကျူရှင်ကိစ္စပြော ပြလိုက်သည်။

'ဒီလိုဆို မင်းသူငယ်ချင်းက တကယ့်သူငယ်ချင်းစိတ်ရှိတာပေါ့၊ မင်းနဲ့ပြိုင်ဘက်၊ ပြီးတော့ ဘဝတစ်ခုလုံးကို အဆုံးအဖြတ်ပေးမယ့်အချိန်ကျမှ ကူညီတာ၊တကယ်ဆို သူ့ဘာသာ မသိသလိုနေလဲ ရနိုင်သားနဲ့၊ ဒီသူငယ်ကိုတော့ သား လေးလေးနက်နက် ကျေးဇူးတင်ထိုက်တယ်'

'ဟုတ်တယ် ဖေဖေ၊ တကယ်ဆို သူက သားကို ပြိုင်ဘက်ဆိုပြီး ထားခဲ့ရမှာ၊ အခု သူ့ကိုကျော်သွားမှာတို့၊ သူ့ထက် ပိုတော်သွားမှာကို စိုးရိမ်တာတို့ မရှိဘူး၊



ဒီကောင့်မှာ မနာလိုဝန်တိုစိတ်မရှိဘူး ဖေဖေ၊ သားအပေါ် ဒီကောင် အရမ်းသဘောကောင်းတယ်'

'လူမှာ ကျေးဇူးတရားကိုနားလည်ဖို့ အရေးကြီးတယ်သား၊ ကဲ....သားမှာ အဘက်ဘက်ကအဆင်ပြေနေပြီ၊ ဖေဖေတို့ မျှော်မှန်းထားတဲ့ ပန်းတိုင်ကို သား အရောက်သွားနိုင်ဖို့ပဲ လိုတော့တယ်'

'စိတ်ချ ဖေဖေ၊ အောင်စာရင်းထွက်ရင် ဂုဏ်ထူးတွေတစ်သီတစ်တန်းကြီးပါလာရစေ့မယ်'

ရင်ကော့ပြီး ပြောဖြစ်သည့်စကား။

ဖေဖေကတော့ ပြုံးနေ၏။

တကယ်ပါဖေဖေ....

သားလူရှော်မဟုတ်ပါဘူး။

လူတော်ပါ။

* * *

သည်လိုနှင့်ပါပဲ....

လပတ်စာမေးပွဲများ၊ ပထမအစမ်း၊ ဒုတိယအစမ်းတို့တွင် ရဲမင်းသူ၏ အမှတ်များတက်လာသည်။

မင်းဇော်က မြန်မာစာနှင့်ပတ်သက်၍လည်း လိုအပ်သော စာရွက်စာတမ်းများပေးသည်။

အဆင့်ဆိုလျှင်လည်း မင်းဇော်နှင့်သူက ရှေ့ဆင့်နောက်ဆင့် မင်းဇော်က တစ်မရလျှင်သူကတစ်၊ သူကတစ်မရလျှင် မင်းဇော်ကတစ်၊ တစ်ကျောင်းလုံးမှာ သူတို့ဆယ်တန်းအေ သတင်းက မွှေးနေသည်။

ဆရာတွေကလည်း သူတို့နှစ်ယောက်ကို အားထားကြ၏။ ကျောင်းဂုဏ်ကိုဆောင်နိုင်ဖို့ ပို၍ကြိုးစားဖို့ တိုက်တွန်းကြသည်။

မင်းဇော်က သူ့မိဘများ မျှော်လင့်ထားမှုအတိုင်း ဖြစ်သော်လည်း သူကတော့ ဘဝအတွက်နှင့် နှလုံးသားအတွက်ဖြစ်သည်။

သည်တစ်ထစ်ကို ကျော်နိုင်လျှင် နွေး၏အချစ်ကို ရမည်ဆိုသည့် မျှော်လင့်ချက်တွေ။

ဤသို့နှင့်ပင် နောက်ဆုံးစာမေးပွဲကြီး ဖြေဆိုပြီးခဲ့ကြသည်။

စာမေးပွဲမဖြေခင် ကျူရှင်အချိန်တိုင်းမှာ နွေးနှင့်သူတို့ တစ်ယောက်ကိုတစ်ယောက် အားပေးခဲ့ကြသည်။



စာအကြောင်းဆွေးနွေးခဲ့ကြသည်။

သူငယ်ချင်းတစ်ယောက်က ကူညီခဲ့သည်ဆိုသည့်အကြောင်း ပြောပြတော့ နွေးက ကိုယ်စားကျေးဇူးဝင်တင်ပါသေး၏။

စာမေးပွဲအပြီးမှာ နွေးနှင့်မတွေ့ဖြစ်တာ ကြာသွားသည်။

တစ်နှစ်လုံးပင်ပန်းလာသမျှ အတိုးချ၍နားသည်။

စာမေးပွဲကို အကောင်းဆုံးဖြေဆိုနိုင်ခဲ့သည်မို့ ရင်မှာ စိတ်ချလက်ချတော့ ဖြစ်ရပါ၏။

ကျူရှင်အချိန်တိုင်း တွေ့နေရသော နွေးကို မတွေ့ရ၍ တွေ့ချင်လာသည်။

သည်နေ့ နွေးဆီသွားတွေ့ဦးမှပဲဟု ဆုံးဖြတ်ရင်း တင်ဝင်းလူတို့ အိမ်ဘက်ထွက်ခဲ့၏၊ အိမ်ရောက်တော့ ငြိမ်းချမ်းပါရောက်နေသည်ကိုတွေ့သည်။

'ငါတို့ အနေပဲလာတော့မလို့၊ ငြိမ်းချမ်းက မင်းဆီသွားမယ်ဆိုတာနဲ့ ငါကစောင့်ခိုင်းထားတာ'

ဝင်ဝင်ချင်း တင်ဝင်းလူက ပြောသည်။

'သွားမယ်လေ၊ ငါလဲ မင်းတို့ဆီထွက်လာတာ'

တင်ဝင်းလူက အင်္ကျီလဲသည်။

ပြီး သုံးယောက်သား ထွက်လာခဲ့ကြ၏။

'ဘယ်သွားမလဲ လက်ဖက်ရည်ဆိုင်လား'

'လက်ဖက်ရည်ဆိုင်ကို နောက်မှထိုင်မယ်ကွာ၊ အခု ငါ နွေးဆီသွားချင်တယ်'

ငြိမ်းချမ်းအမေးကို ပြန်ဖြေတော့ နှစ်ယောက်စလုံးက သူ့ကို ခပ်တည်တည်နှင့်ကြည့်၏။

'လုပ်လာပြီ၊ အေးလေ မင်းတို့က တစ်နှစ်လုံးမတွေ့ရကြ ရှာပဲကို'

တင်ဝင်းလူ၏ အချွဲ့စကား....

ရဲမင်းသူက ပြုံးရင်း....

'လိုက်ခဲ့ပါကွာ၊ ကျောင်းပိတ်ထဲကမတွေ့တာ နှစ်ပတ် သုံးပတ်လောက် ရှိသွားပြီ'

တောင်းပန်သည့် လေသံကြောင့် သူတို့မျက်နှာ ပြုံးရိပ်သန်း လာ၏။

'အေးလေ၊ လိုက်ဆိုမှတော့ လိုက်ရမှာပေါ့၊ အပြန်ကျ ရင်တော့ လက်ဖက်ရည်ဒကာမင်းပဲ'

'ရပါတယ်ကွာ'

သုံးယောက်သား နွေးတို့အိမ်ဘက် ထွက်ခဲ့ကြသည်။



နွေးတို့လမ်းထဲရောက်တော့ နွေးနှင့် အစ်မကြီးတစ်ယောက် လျှောက်လာတာ တွေ့ရသည်။

သူတို့ဘက်ကို လျှောက်လာနေမှန်းသိ၍ ဆက်မသွားတော့ပဲ ရပ်စောင့်နေလိုက်ကြ၏။

အနားရောက်တော့ နွေးက အံ့သြစွာနှင့်....

'တူ ပါ တယ် လို့ ကြည့် နေ တာ၊ ဘယ် လာ တာ လဲ ကိုရဲမင်းသူ'

'ပျင်းတာနဲ့ သူငယ်ချင်းတွေခေါ်ပြီးလမ်းလျှောက်ထွက် လာတာ'

နွေးကိုကြည့်ပြီး ပြောလိုက်၏။

'ဟေ့ကောင်'

ကြားဖြတ်ဝင်လာသည့် တင်ဝင်းလူအသံ။

လှည့်ကြည့်တော့....

'ဝေ့ လည်ကြောင်ပတ် လုပ်မနေနဲ့ အမှန်အတိုင်း ပြော လိုက်လေကွာ'

ရှင်မှာ အေးခနဲဖြစ်သွား၏။

နွေးမျက်နှာကိုလည်း ထိတ်ထိတ်ပျာပျာလေးကြည့်မိသည်။

'ဒါဖြင့် ဘယ်ကိုလာတာလဲ'

နွေးကမေးတော့ သူဘာဖြေရမှန်းမသိခင် တင်ဝင်းလူက....

'လက်ဖက်ရည်ဆိုင်သွားမလို့ပါဗျာ'

မျက်နှာ ရယ်ကျဲကျဲနှင့် ဖြေသည့်စကား။ ဘာပဲဖြစ်ဖြစ် သက်ပြင်းကိုတော့ တင်းခနဲချသည်။

တင်ဝင်းလူဆိုသည့်ကောင်က ခပ်တည်တည်နှင့် နောက်တတ်သည့်ကောင်။

'မိတ်ဆက်ပေးရဦးမယ်'

နွေး၏ နှုတ်ခမ်းလှုပ်ရှားမှုကို လိုက်ကြည့်နေဆဲမှာ....

'ဒါ....နွေးအစ်မလေ မမသွေးတဲ့'

နွေးက သူ့မမနှင့် မိတ်ဆက်ပေး၏။

'တွေ့ရတာ ဝမ်းသာပါတယ်မမ၊ နွေးကို ညီမလေးတစ်ယောက်အဖြစ်ချစ်သလိုကျွန်တော်တို့ကိုမောင်လေးတွေလိုသဘောထားပြီး၊ အမြင်မတော်တာရှိရင် ဆုံးမနိုင်ပါတယ် ခင်ဗျာ၊ ကျွန်တော့်နာမည်က ရဲမင်းသူပါမမ'

'ဩော်'



'သူ့နာမည်က တင်ဝင်းလူ၊ သူကငြိမ်းချမ်း ကျွန်တော်တို့က နွေးသူငယ်ချင်းတွေပါ'

နွေးက မိတ်ဆက်မပေးခင် ကိုယ်တိုင်ပဲ မိတ်ဆက်လိုက်၏။
မမသွေးက ပြုံးပြီးအသိမှတ်ပြုသည်။

'ဒါနဲ့ နွေးတို့ဘယ်သွားမလို့လဲ'

'မမေမေခိုင်းလိုက်လို့ ကိုရဲမင်းသူ၊ ဟိုဘက်လမ်းထဲ ခဏသွားမလို့၊ ကိုရဲမင်းသူတို့ လက်ဖက်ရည်ဆိုင် သွားကြမယ်မဟုတ်လား၊ သွားလေ၊ နွေးတို့လဲ သွားလိုက်ဦးမယ်၊ ကိုတင်ဝင်းလူနဲ့ ကိုငြိမ်းချမ်း သွားမယ်နော်'

နွေးကနှုတ်ဆက်ပြီး အပြုံးနှင့်ထွက်ခွာသည်။
ရဲမင်းသူ ပင့်သက်ကို ဟူးခနဲချလိုက်၏။
သုံးယောက်သား လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြသည်။
ဆိုင်ရောက်တော့ လက်ဖက်ရည်သုံးခွက် လှမ်းမှာပြီး လှမ်းတက်ကျသည့် စားပွဲမှာဝင်ထိုင်လိုက်ကြ၏။

'မင်း နွေးဆီကအဖြေကို ဘယ်တော့လောက် တောင်းမယ် စိတ်ကူးလဲ'

တင်ဝင်းလူက အကြမ်းပန်းကန်လုံးကို ရေနွေးနှင့် ကျင်းဆေးရင်း မေးသည်။

'ငါကတော့ အခုရအခုလိုချင်တာပေါ့ကွာ၊ ဒါပေမယ့် နှစ်ယောက်ချင်းမှ မတွေ့ရသေးတာ'

'တွေ့ရင်တောင်းမှာလား'

ငြိမ်းချမ်းက ဖြတ်မေး၏။

'ဆုံးဖြတ်ထားတယ်၊ ရင်ထဲမှာ သိမ်းဆည်းထားရတဲ့ ဒုက္ခ ဘယ်လောက်ကြီးသလဲ၊ စာမေးပွဲအောင်မှာပါ' ငြိမ်းချမ်းကိုကြည့်ရင်း ဖြေသည်။

'မင်း ဂုဏ်ထူးလေးဘာသာကော မမျှော်လင့်ဘူးလား၊ ဘယ်နှစ်ဘာသာလောက် မှန်းထားလဲ'

'မှန်းတော့ မှန်းဘာပေါ့ကွာ၊ မြန်မာစာရယ်၊ အင်္ဂလိပ်စာရယ်၊ သင်္ချာရယ်က ပါနိုင်မယ်ထင်တာပဲ၊ နောက်ပြီး ဖစ်ဆစ်ကိုလဲ မျှော်လင့်ထားတယ် ကမ်မက်စ်ထရိန့် ဘိုင်အိုတော့ သိပ်မမှန်းရဲဘူး'

'ဒီလိုဆို လေးခုလောက်ပါမှာပေါ့'

မှန်းဘာပဲလေဟု ပြန်ဖြေရင်း လာချပေးသော လက်ဖက်ရည်ကို တစ်ငုံမော့သောက်၏။

'ဒါနဲ့ မင်းတို့နှစ်ကောင်ကော'

'ဖြေတော့ ဖြေနိုင်ပါတယ်ကွာ၊ဘိုင်အိုတော့ အကျေနပ်ဆုံးပဲ ငြိမ်းချမ်းလဲ ငါ့လိုပဲ'

'ပျော်စရာပေါ့ကွာ၊ တို့တွေ ဂုဏ်ထူးတွေလဲ တစ်သီတစ်တန်းကြီးရ၊ ဘွဲ့ရင်းနဲ့တောင် ပျော်စရာကြီး' တက်ကြွနေသည့် မျက်နှာကို တင်ဝင်းလူကကြည့်ပြီး....

'မင်းက ပိုပျော်မှာပေါ့ကွာ၊ မှန်းထားသလို ဖြစ်လာရင် ဆရာဝန်လိုင်းလဲဝင်မယ်၊ နွေးဆီက အဖြေလဲရမယ်၊ မင်းလောက် ကံကောင်းတဲ့ကောင် တို့သူငယ်ချင်းတွေထဲမှာ ရှိမယ်တောင်မထင်ဘူး'

ငြိမ်းချမ်းက လက်ဖက်ရည်ခွက်ကို အသာယူရင်း....



'ဒါနဲ့ မင်းဇော်ကရော'

'ဒီကောင်ကတော့ အထူးပေါ့ကွာ၊ ငါ့ထက်လဲ ပိုတော်တယ် ငြိမ်းချမ်း၊ စေ့စပ်တာတို့ သပ်ရပ်တာတို့ကျတော့ ငါတို့ လိုက်မမှီဘူး၊ဒီကောင်က သင်္ချာဘာရိန်းသဲကောင်းတယ်၊ ကျက်စာကျတော့လဲ ဒီကောင်ကပိုင်တယ်၊ ငါ သူနဲ့မတွေ့တာတောင်ကြာပြီ၊ သွားတော့တွေ့ဦးမှပဲ၊ ဒီကောင့်ကျေးဇူးတွေ ငါ့အပေါ်မှာရှိတယ် ငြိမ်းချမ်း၊ ငါ ဖစ်ဆစ်ဘွဲ့ ဖြေနိုင်တာလဲ ဒီကောင့်ကြောင့်ပဲ'

'အေး....အဲဒါတော့ဟုတ်တယ်၊မင်းဇော်ကို မင်းတကယ် ကျေးဇူးတင်သင့်တယ် ရဲမင်းသူ၊ မင်း အခက်အခဲကို ဒီကောင်ရှင်းပေးသွားတာပဲ'

ခေါင်းကို လေးနက်စွာညိတ်ပြပြီး မင်းဇော်ကို သတိရနေမိသည်။

မင်းဇော်နှင့် မဆုံဖြစ်သော်သည်း သူ့ကျေးဇူးတရားတွေကို ရင်မှာ အမှတ်ရနေပါ၏။

သူပြုခဲ့ဘူးသည့် ကျေးဇူးတွေ....

သည်ကျေးဇူးတွေကို တစ်နေ့ပြန်လည်တုန့်ပြန်နိုင်လိမ့်မယ်ဟု စိတ်က ယုံကြည်နေ၏။

★

( ၁၂ )

ဟောင်းနွမ်းစပြုနေသော ဒိုင်ယာရီစာအုပ်၏ စာမျက်နှာပေါ်တွင် ရေးထားသော စာတန်းလေးကို အကြိမ်ကြိမ်အထပ်ထပ် ပြန်ဖတ်နေမိသည်။

ရေးထားသည့် စာကြောင်းလေးသည် တစ်နှစ်တာကာလကို ဖြတ်ကျော်ခဲ့ပြီးဖြစ်ပါ၏။

အတွေးတွေ ဝေ့နေဆဲမှာ တံခါးဖွင့်သံကိုကြားသည်။
လှည့်ကြည့်တော့ မမသွေး ဝင်လာတာကိုတွေ့၏။
စာအုပ်ကိုပိတ်ပြီး စာအုပ်ပုံထဲ ထိုးထည့်လိုက်သည်။

'ဘာစာအုပ်မို့လို့ မမကို အသိမပေးချင်တာလဲနွေး'

မမက သူ့ကိုကြည့်ရင်း မေးသည်။

ပြီး....သူ့စားပွဲဘေးမှ ခုတင်ပေါ်တွင် ဝင်ထိုင်ပြီး သူ့ကို မျက်နှာချင်းဆိုင်စေ၏။

'မမကိုမှာ ဒီညီအစ်မနှစ်ယောက်ဘည်း ရှိဘာနော်'

'ဘာဖြစ်လို့လဲ မမ'

'မမကိုတောင် အသိမပေးချင်တော့ဘူးလားလို့ပါ'

'မဟုတ်ပါဘူး မမရယ်'

အသံခြောက်သွေ့နေသည်ကို ကိုယ့်ဘာသာကိုယ်သိ၏။

'ဒီလိုဆိုပြောလေ'

ပင့်သက်ကို ဖွဖွချသည်။

ပြီးတော့ ဒိုင်ယာရီစာအုပ်လေးကိုယူပြီး မမ လက်ထဲထည့်လိုက်၏။

ရဲမင်းသူနှင့်စတွေ့သည့်နေ့မှ ကျောင်းမဖွင့်ခင်ထိအကြောင်း တွေ ရေထား၍ ခေါင်းကိုငုံ့ထားလိုက်မိသည်။

မမက သူ့ကိုမကြည့်ဘဲ စာကိုဖတ်နေသည်။

အတန်ကြာမှ....

'သူဆိုတာ ဘယ်သူလဲညီမလေး'



'မနက်က မမနဲ့တွေ့တဲ့ ကိုရဲမင်းသူပါမမ'

'ဟို....ဆံပင်တိုတိုဘေးခွဲနဲ့ အရပ်ရှည်ရှည် ကောင်လေး လား'

ဟုတ်ကဲ့ဟုပြန်ဖြေရင်း စိတ်မှာတုန်လှုပ်နေမိ၏။

စာအုပ်ကိုပြမိတာ မှားပြီလားဟုတွေးသည်။ စိတ်မှာ မလုံ မလဲမို့ မမရှေ့မှာ နေရထိုင်ရတာ ကျဉ်းကျပ်လာသလိုရှိ၏။

ထိုင်ခုံမှထပြီး ပြတင်းပေါက်မှာ သွားရပ်နေမိသည်။ မမ ခြေသံရွေ့လျားသံကိုကြားပြီး ထံပါးမှာလာရပ်တာသိ၏။

မမက သူ့ဆံပင်ကို နောက်မှကိုင်၍ ကြင်နာစွာဖွပေးသည်။

'ညီမလေးကို မမ မဆူးပါဘူးကွယ်၊ စာမေးပွဲပြီးတဲ့ အချိန်ထိထိန်းသိမ်းထားတဲ့ ညီမလေးရဲ့ စိတ်ဓာတ်ကို မမက ချီးကျူးနေပါတယ်'

ရင်မှာ နွေးထွေးသည့်စကား....

အပျော်စိတ်နှင့် မမကို လှည့်ကြည့်လိုက်သည်။

'တကယ်နော်မမ၊ မမ ညီမလေးကို စိတ်မဆိုးဘူးပေါ့ နော်၊ နွေး အရမ်းဝမ်းသာတာပဲ မမရယ်'

'မမမှာ ဒီညီမလေးတစ်ယောက်ပဲရှိတာလေ'

မမက ပြုံးရင်းပြော၏။

နွေးက မမမျက်နှာကို စူးစူးစိုက်စိုက်ကလေးကြည့်သည်။ မမက နွေး၏အကြည့်ကို ညင်သာစွာလွှဲသွားရင်း...

'ညီမလေးရေးထားတာတွေ အမှန်ပဲလား'

'ဟုတ်ပါတယ်မမ၊ မမဆီက ဂရမ်မာစာအုပ်အဟောင်း ယူသွားတာလေ၊ အဲဒီကနေ သံယောဇဉ်စလာတာ မမ'

'ဒါနဲ့ ညီမလေးကို ကောင်လေးတွေ လိုက်စကားပြောတုန်းက ဘာလို့ အိမ်ကိုမပြောတာလဲ'

'မိသားစု စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးလို့ပါ'

မမထံမှ သက်ပြင်းချသံကို ကြားသည်။

'ညီမလေး ရဲမင်းသူကို အဖြေပေးပြီးပြီလား'

'မပေးရသေးပါဘူး၊ သူကလဲ မတောင်းသေးလို့ပါ၊ မနှစ်ကတော့ စာမေးပွဲဖြေပြီးရင် ပေးမယ်လို့ ပြောခဲ့တယ်၊ သူနဲ့လဲ နှစ်ယောက်ချင်း မတွေ့ရသေးဘူး မမ၊ မနက်ကတွေ့တာ စာမေးပွဲအပြီးမှာ ပထမဆုံးတွေ့တာ'

'မမမေးမယ်နော်'

'မေးပါမမ'

'ညီမလေး သူ့အကြောင်း ဘယ်လောက်သိသလဲ'



'သူပြောပြလို့ သူ့မိသားစုအကြောင်း နွေးသိခဲ့ပါတယ် မမ၊ သူကရိုးသားတယ်၊ လေးစားဖို့လည်းကောင်းတယ်၊ နွေးအတွက်ရော သူ့မိသားစုအတွက်ပါ စာကြိုးစားတယ်'

မမက ပြတင်းပေါက်ဘက် လှည့်နေရာမှ သူ့ဘက်သို့ ပြန်လှည့်လာ၏။

'မမ တစ်ခုမေးမယ်၊ ညီမလေး မှန်မှန်ဖြေ၊ ညီမလေးကို ရဲမင်းသူက အဖြေတောင်းပြီတဲ့၊ ညီမလေး သူ့ကို ဘယ်လိုအဖြေမျိုးပေးမလဲ'

'နွေး ဒိုင်ယာရီထဲမှာရေးထားတဲ့အတိုင်းပဲ ဖြေမှာပါ' ပြောပြီး ခေါင်းငုံ့လိုက်၏။

မမကိုရှက်သည့်စိတ်ကလေးကတော့ ရင်မှာဝင်သည်။

'မမ နောက်တစ်ခုသိချင်သေးတယ်၊တကယ်လို့ ရဲမင်းသူက စာမေးပွဲမအောင်ပါဘူးတဲ့၊ အဲ့သလိုဆိုရင်ကော'

'နွေး ဒိုင်ယာရီထဲကရေးထားတဲ့စာဟာ နွေးအတွက်ကိုရဲမင်းသူကို တစ်သက်လုံးထားနိုင်တဲ့ သဘောထားပါ မမ၊ သူ ဆယ်တန်းမှာ စိတ်လေမသွားအောင်သာ စာမေးပွဲပြီးမှဖြေမယ်လို့ ပြောထားခဲ့တာ၊တကယ်တော့ နွေးက သူ့အပေါ် ဘာမျှော်လင့်ချက်မှမရှိပါဘူး၊ သူ စာမေးပွဲအောင်တာ ကျတာ နွေးနဲ့မဆိုင်ပါဘူး၊ သူ ဘယ်လိုပဲဖြစ်နေနေ နွေး သူ့ကို ချစ်နေမှာပါ မမ'

'မမ ဝမ်းသာပါတယ်'

စကားကြောင့် မမမျက်နှာကို ဖျတ်ခနဲကြည့်သည်။

မမ ပြုံးနေ၏။

'ညီမလေး စိတ်အမှန်ကိုစမ်းကြည့်တာပါ၊ ရဲမင်းသူကို ကြည့်ရတာလဲရိုးသားမယ့်ပုံပါပဲ၊မမကတော့ ညီမလေး ဘက်ကနေ အမြဲစိုးရိမ်နေရမယ်လေ၊ ဒါပေမယ့် ညီမလေး စိတ်နဲ့ ညီမလေး ဆုံးဖြတ်နိုင်ပြီမဲ၊ ဘယ်လောက်ပဲ အဆီးတားရှိရှိ ညီမလေး ရဲမင်းသူကို လက်ခံမှာပဲ မဟုတ်လား'

'နွေး သူ့ကို တကယ်ချစ်မိတာပါ'

'မမ ယုံပါတယ်'

မမကပြောပြီး သူ့ပခုံးကို ညင်သာစွာ ဆုပ်ဖက်သည်။

နွေးထွေးသော မမရင်ခွင်မှာ ခေါင်းအပ်ရင်း မျက်ရည် တစ်ပွင့် ကြွေကျရသည်။

တကယ်တော့ မမသည် နွေးရဲ့ အစ်မဆိုလည်းဟုတ်၊ သူငယ်ချင်း ဆိုလဲ ဟုတ်နေတာပါပဲလေ။

☆

(၁၃)

သည်နေ့ မင်းဇော်ဆီသွားမည်ဟု ဆုံးဖြတ်ရင်း ထမင်း စောစောစားလိုက်သည်။

ထမင်းစားသောက်ပြီး မင်းဇော်တို့ အိမ်ဘက်သို့ ထွက်ခဲ့၏။

မင်းဇော်နှင့်သူက တစ်လမ်းပဲခြားသည်။

သို့သော်လည်း လူနေမှုအဆင့်အတန်းကတော့ ကွာဟလွန်းပါ၏။

သူတို့ရပ်ကွက်မှာ လက်လုပ်လက်စားတွေ များသလောက် မင်းဇော်တို့ဘက်မှာ ကုန်သည်တွေ အရာရှိအရာခံတွေများသည်။

ခြံဝရှေ့သို့ရောက်တော့ ဒေါက်တာ ဦးတင့်ဇော် ဆိုသော အမည်နှင့် အောက်မှာ ဘွဲ့တွေပါသော ကြေးဆိုင်းဘုတ်ကို တွေ့ရသည်။

ဝင်းတံခါးဟထားတာတွေ့၍ အသာလေး တွန်းဝင်လိုက်သည်။

အိမ်ရှေ့ဆင်ဝင်အောက်ရောက်တော့ မင်းဇော့်အစ်ကိုတွေစီးနေကျ ပတ်ဘလစ် ကာ ကားအဖြူလေးရပ်ထားသည်ကို တွေ့ရ၏။

လူခေါ်ဘဲလ်ကို အသာနှိပ်တော့ မင်းဇော်မေမေ အန်တီဒေါ်လေးကြည် ထွက်လာသည်။

သူ့ကို ပြုံးပြပြီး တံခါးဖွင့်ပေးသည်။

'လာ....သား၊ မင်း သူငယ်ချင်းတော့ ခုနလေးတင် ဆိုင်ကပြန်လာတယ်'

'ဒီကောင် ဆိုင်လိုက်ထိုင်နေတာလား အန်တီ'



'ဟုတ်တယ် ရဲမင်းသူ၊ ဒါကြောင့် ငါမင်းဆီကိုမရောက်နိုင်တာ'

ဖြတ်ဝင်လာသည့်စကား။

ဆတ်ခနဲလှည့်ကြည့်တော့ မင်းဇော်ကိုတွေ့သည်။

'ငါလဲ မင်းနဲ့မတွေ့တာကြာလို့ လာခဲ့တာ'

'အန်တီတောင် မင်းအမေနဲ့ ဈေးမှာတွေ့သေးတယ်'

အန်တီကြည်က ကြားဖြတ်ဝင်ပြောသည်။

'ဟုတ်တယ် အန်တီ၊ မေမေ မနက်က ဈေးကပြန်လာတုန်းကတောင် ပြောနေသေးတယ်၊ အန်တီနဲ့ တွေ့တယ်တဲ့'

ကားပွဲနေစဉ်မှာ အခန်းထဲမှ မင်းဇော့် ဖေဖေ ထွက်လာ၏။

'မောင်ရဲမင်းသူပါလားကွ၊ မင်းလဲ အနေမှုပဲ ပေါ်လာတော့တယ်၊ ဘယ်လိုလဲ.. စာမေးပွဲဖြေနိုင်ရဲ့လား၊ မင်းသူငယ်ချင်းကတော့ အကုန်ရတယ်ပြောတာပဲ'

'ဖြေနိုင်ပါတယ် အန်ကယ်၊ မင်းဇော်ကြီးက ကျောင်းမှာ စာအရမ်းတော်တာ၊ အောင်စာရင်းထွက်ရင် 'ဒီ' တွေ တန်းစီနေမှာပဲ'

မင်းဇော်ကိုပြုံးပြရင်း ဖြေသည်။

မင်းဇော်က....

'အသင်ကြီးရဲ့လိုက်တာကွာ၊ မဆိုးပါဘူး....လောကကြီးထဲမှာ ငါ့ကိုအသင်ကြီးတဲ့သူတစ်ယောက်တော့ ရှိနေသေးပဲ'

မင်းဇော့်ဖေဖေက သူ့သားစကားကို သဘောကျစွာဖြင့် ရယ်ပါ၏။

'ဒါနဲ့ မင်းဖေဖေကော နေကောင်းရဲ့လား၊ အန်ကယ်က မေးတယ်လို့ပြောနော်'

'ဖေဖေ နေကောင်းပါတယ် အန်ကယ်၊ ဖေဖေကလဲ အန်ကယ့်ကိုမေးပါတယ်'

ခေါင်းတညိတ်ညိတ်ပြုသည်။

အန်ကယ်ဦးဘင့်ဇော်နှင့် အန်တီဒေါ်လေးကြည်တို့ အပေါ် ထပ်တက်သွားတော့ မင်းဇော်က....

'သကြန်ကျရင် ငါတို့ လျှောက်လည်မယ်'

'ကားက....'



'အိမ်ကကားနဲ့ပေါ့၊ အဲဒါ မင်းလိုက်ခဲ့'

'တကယ်လား၊ ဘယ်သူတွေပါသေးလဲ'

'ငါ့အစ်ကိုတွေရယ်၊ ငါတို့သူငယ်ချင်းတွေရယ်ပဲ'

'ဒါဆို တင်ဝင်းလူနဲ့ ငြိမ်းချမ်းပါ ခေါ်ခဲ့မယ်'

'ခေါ်ခဲ့လေကွာ၊ သူငယ်ချင်းတွေပဲဟာ၊ ယောကျာ်းလေးတွေချည်းပဲဆိုရင် ပိုတောင်လျှောက်လို့ကောင်းသေးတယ်'

သည့်နောက် ရောက်တတ်ရာရာစကားတွေသာဖြစ်ပါ၏။

မင်းဇော်က လက်ဖက်ရည်ဆိုင်ထိုင်ဦးမလားလို့မေးတော့ ခေါင်းကို အသာယမ်းခါပြပြီး....

'နောက် နေ့မှထိုင်မယ်၊ ငါပြန်ဦးမယ်'

'နေဦး....ဟော့ကောင်၊ မင်း ငါ့ဆီလာတာ အထူးကိစ္စများရှိလား'

'မရှိပါဘူး၊ မင်းနဲ့မတွေ့တာကြာလို့၊ မင်းလဲ အားရင် တို့ဘက်လျှောက်လာဦးကွာ'

'အင်း....ငါလဲ ခုတလော ညဘက်လောက်ပဲအားတာ ရဲမင်းသူ၊ တစ်နေကုန် ဆိုင်ထိုင်နေရတာ'

'သူဌေးတွေက လောဘကြီးလိုက်တာကွာ'

မင်းဇော်ကပြုံးပြီး လက်မောင်းကို လက်သီးဆုပ်နှင့် ဖွဖွထိုးသည်။

'အဲဒီ သူဌေးဆိုတဲ့လူတွေ ငွေကောင်းကြောင်း အရမ်းသိလို့ လောဘတက်နေကြတာကွ'

ပြုံးပြီး နှုတ်ဆက်ပြန်ခဲ့သည်။

ပထမ တင်ဝင်းလူတို့ဆီ ခြေဦးလှည့်ဖို့ ကြံစည်မိသေးသည်။ နောက်မှတွေ့တော့မယ်ဟု ဆုံးဖြတ်ပြီး အိမ်ဘက်ပြန်လှည့်ခဲ့၏။

* * *

'ကိုကြီး....ကိုကြီး....ဖေကြီးရယ် မေ့လဲသွားလို့ ဆေးခန်းခေါ်သွားတယ်'

ခြေလှမ်းတွေ တုန့်ဆိုင်းသွားသည်။

ညီမလေးမျက်နှာငိုမဲ့မဲ့။



'မေမေရော'

'မေမေပါ လိုက်သွားတယ်၊ ကိုကြီးလိုက်သွားလေ'

'ဘယ်ဆေးခန်းလဲ'

'သပြေဆေးခန်း'

'ကိုကြီးလိုက်သွားမယ်၊ ညီမလေး အိမ်စောင့်နေနော်၊ ဟိုကောင်နှစ်ကောင်ကော'

'ကိုလတ်နဲ့ကိုငယ် ကာတွန်းဆိုင်သွားတယ်ကိုကြီး'

'ဒီနှစ်ကောင်ပြန်လာရင် အိမ်မှာနေခိုင်း၊ ကိုကြီးသွားမယ်'

ညီမငယ်ကိုမှာကြားပြီး ဆေးခန်းသို့ အပြေးကလေးလိုက်လာခဲ့၏။

ဆေးခန်းရောက်တော့ ဆရာဝန်က ဖေဖေ့ကို ဆေးထိုးပေးနေသည်။

မေမေက လှည့်အကြည့်မှာ သူ့ကိုမြင်တော့ အခန်းထဲဝင်ဖို့ခေါ်သည်။

မြွေသံမကြားအောင် အနားကပ်သွားပြီး မေမေ့ ကို တိုးတိုးမေး၏။

'ဘယ်လိုဖြစ်တာလဲ မေမေ၊ သတိကောရပြီလား'

'သတိတော့ရပြီ ဆရာဝန်က ဆေးထိုးပေးပြီး ခဏမှေးခိုင်းထားတာ၊ သားသွက်သွားပြီးမကြာဘူး အိမ်ရှေ့မှာ သတင်းစာဖတ်နေရင်း မူးတယ်မူးတယ်ပြောပြီး လဲကျသွားတာပဲ၊ ဆရာဝန်ကတော့ အားနည်းနေလို့ပါတဲ့၊ စိုးရိမ်စရာမလိုဘူးလို့တော့ ပြောတာပဲ'

ဖေဖေ့ ကို လှမ်းကြည့်သည်။

ဖေဖေ မျက်လုံးကိုစုံမှိတ်ပြီး မှေးနေတာတွေ့၏။

ဆရာဝန်က သောက်ဆေးတွေရေးနေ၏။ထိုစဉ် ဆေးခန်းရှေ့မှာ ကားတစ်စီးရပ်သံ တံခါးဖွင့်သံနှင့်ပိတ်သံကိုလည်းကြားလိုက်ရသည်။

အခန်းဝမှာ လူရိပ်ကိုမြင်တော့ မော့ကြည့်လိုက်၏။

'ဟာ....အန်ကယ်'

မင်းဇော် ဖေဖေ့ ကိုတွေ့သည်။

'ဟင်....မောင်ရဲမင်းသူ၊ သားအမိသားအဖတွေပါလား ဘယ်သူဘာဖြစ်လို့လဲ'



'ဖေဖေ မူးလဲလို့အန်ကယ်'

'စောစောကတင် မင်း အိမ်မှာ သားနဲ့ရှိနေတဲ့ဟာ'

'ဟုတ်တယ် အန်ကယ်၊ အိမ် ပြန် ရောက် ရောက် ချင်း ညီမလေးပြောပြလို့၊ ကျွန်တော် ဆေးခန်းကို ပြေးလိုက်လာတာ အန်ကယ့်ကိုတွေ့ရင် ဖေဖေအရမ်းအားရှိသွားမှာပဲ'

'ဒါက အန်ကယ့် သူငယ်ချင်း ဒေါက်တာ စိုးနိုင်လေ၊ ဘာမှ မစိုးရိမ်ပါနဲ့လေ၊ရောဂါအခြေအနေကို အန်ကယ် မေးကြည့်ပါဦးမယ်'

ပြောပြီး အန်ကယ်ဦးတင့်ဇော်က သူ့ သူငယ်ချင်းဒေါက်တာကို အကျိုးအကြောင်းမေးသည်။

သူနှင့် မေမေကတော့ ဖေဖေ့ အနားမှာ ရပ်စောင့်နေသည်။ ဖေဖေက ခဏကြာတော့ မျက်လုံးကိုအသာဖွင့်သည်။

ဒေါက်တာနှင့် အန်ကယ် ဦးတင့်ဇော် အနားသို့ရောက်လာသည်။

'ဘာမှ မပူပါနဲ့ကွာ၊ မင်းအဖေက နှလုံးအားနည်းတဲ့ ရောဂါအခံရှိလို့ပါ၊ အခုမူးလဲတာကလဲ စာဖတ်ရင်းမို့ အားနည်းပြီး မိုက်ခနဲဖြစ်သွားတာပါ၊ အိမ်ရောက်ရင် ဆရာဝန်ပေးတဲ့ အညွှန်းအတိုင်းဆေးတိုက် ဖူးတော်လွှား'

အန်ကယ် ဦးတင့်ဇော်က သူတို့ကိုပြုံးပြီးပြောသည်။ ခုမှ ဖေဖေ့အတွက် အနည်းငယ် စိတ်အေးရပါ၏။

ဆရာဝန်က မေမေ့လက်ထဲ ဆေးထုပ်ကလေးတွေအပ်တော့ မေမေက သူ့ပိုက်ဆံအိတ် အရှည်ကလေးကို ဖွင့်သည်။

'ရပါတယ်ဗျာ၊ မပေးပါနဲ့'

'အို....မဟုတ်တာရှင်'

'ကိုတင့်ဇော် မိတ်ဆွေဆိုရင် ကျွန်တော့် မိတ်ဆွေပါပဲ' အန်ကယ် ဦးတင့်ဇော်က ပြုံးရင်း....

'ကဲ....ကဲ အိမ်ကို ကျုပ်ကားနဲ့ပြန်လိုက်ပို့ပေးမယ်၊ ကဲ... ရဲမင်းသူမင်းနဲ့ အန်ကယ် မင်း ဖေဖေကို တွဲလိုက်ကြ အောင်'

'ကျွန်တော် တစ်ယောက်တည်းနိုင်ပါတယ် အန်ကယ်'

'နှစ်ယောက်အားဆိုတော့ ပိုပြီးအဆင်ပြေတာပေါ့ကွာ' ဖေဖေ့ကို ဝင်တွဲထူသည်။

'အားနာဖို့ကောင်းနေပြီရှင်'

မေမေ့ စကားကို အန်ကယ် ဦးတင့်ဇော်က ပြုံးလို့သာ နေပါ၏။



အိမ်ရောက်တော့ အန်ကယ် ဦးတင့်ဇော်က ဖေဖေ့အတွက် လိုအပ်တာတွေ မှာသည်။ ကျန်းမာရေးကို ပြန်စမ်းသပ်ပေး သည်။

ဪ....သည်ကျေးဇူးတွေကို ဘဝမှာ မေ့မေ့ ပျောက် ပျောက်ထားလို့ ရပါ့မလားလေ။

☆

## ( ၁၄ )

နောက်တစ်နေ့ညနေမှာ မင်းဇော်၊တင်ဝင်းလူနှင့်ငြိမ်းချမ်းတို့ ရောက်လာသည်။

မင်းဇော်က ဖေဖေသောက်ဖို့ဆိုပြီး ဖျော်ရည်ပုလင်းတွေ ယူလာပေးသည်။

တင်ဝင်းလူနှင့် ငြိမ်းချမ်းက မုန့်ထုပ်ဝယ်လာ၏။

'ဒါတွေ မလိုပါဘူးကွာ၊ မင်းတို့လာမေးဖော်ရလို့ ငါက ကျေးဇူးတောင် တင်နေရတာပါ'

'ဘယ်ဟုတ်မလဲ သူငယ်ချင်းရာ၊ ကူညီရိုင်းပင်းမှုမှာ သည်လိုသိတတ်မှုလေးတွေလဲ ရှိရဦးမှာပေါ့'

မင်းဇော်က သူ့လက်ထဲမှုန့်တွေ ပုလင်းတွေထည့်ပြီးပြောသည်။

သူငယ်ချင်းတွေ၏ ခင်မင်မှုနှင့် ကျေးဇူးတရားကို တော်တော်ဝရနားလည်နေရပါသည့်လေ။

မင်းဇော်က စကားပြောရင်း နာရီကိုကြည့်ကြည့်လုပ်တော့....

'မင်းမှာ အလုပ်ကိစ္စတွေ ရှိနေသေးတယ် မဟုတ်လား မင်းဇော်၊ ပြန်ရင်ရတယ်နော်၊ သူငယ်ချင်းတွေ ဘာမှ အားနာစရာမလိုဘူး'

'ဟုတ်တယ် ရဲမင်းသူ၊ ဦးအိပ်ချင်လဲ အိပ်နေပါစေ မနေ့က ဖေဖေပြန်လာတော့ ငါ့ကိုပြောပြလို့သိရတာ၊ တင်ဝင်းလူနဲ့ ငြိမ်းချမ်းကို ဝင်ခေါ်ပြီးလာခဲ့တာ၊ ဆိုင်ကိုပြန်သွားရဦးမယ်'

တင်ဝင်းလူနှင့် ငြိမ်းချမ်းကိုပါနှုတ်ဆက်ပြီး မင်းဇော် အိမ်ပေါ်မှဆင်းသည်။

ကားစက်သံကြားသဖြင့်....



'ကားနဲ့လာတာလား'

'ဟုတ်တယ် ရဲမင်းသူ၊ ဒီကောင် ကားနဲ့လာခေါ်တာ'

တင်ဝင်းလူက သူ့စကားကိုဝင်ဖြေ၏။

'ဒါနဲ့ မင်း သင်္ကြန်လည်လို့ဖြစ်ပါ့မလား'

ငြိမ်းချမ်းက သူ့ကိုကြည့်ရင်းမေးသည်။

'ဘာဆိုင်လို့လဲကွ'

တင်ဝင်းလူက စိတ်မရှည်သည့် လေသံဖြင့်ပြော၏။

'မဟုတ်ဘူးလေ၊ သူ့အဖေက အခုလောလောဆယ် အိပ်ရာထဲမှာ မဟုတ်လား ဒါကြောင့်ပါ'

'ဦးက တစ်ရက်နှစ်ရက်ဆို အကောင်းပကတိဖြစ်သွားမှာပါကွ၊ မင်း သင်္ကြန်က တစ်ပတ်လောက်လိုသေးတာ'

တင်ဝင်းလူနှင့် ငြိမ်းချမ်း စကားတစ်ယောက်တစ်ပြန်။

'မင်းတို့ကို မင်းဇော် ပြောပြီးပြီလား'

ရဲမင်းသူက မေးလိုက်သည်။

'အေးလေ....ကားပေါ်မှာပြောလာတာ'

သူ့အမေးကို တင်ဝင်းလူက ဖြေ၏။

'မင်းတို့ကို ငါလာပြောမလို့ပဲ၊ ဖေဖေ့ဝေဒနာ ပေါ်လာလို့ ငါ ရောက်မလာတာ၊ မင်းတို့ လိုက်မယ် မဟုတ်လား'

'လိုက်မှာပေါ့ကွ၊ ကိုယ့်သူငယ်ချင်းကား အလကားလဲ စီးရဦးမယ်၊ ပျော်ဖို့လဲကောင်းမယ့်ကိစ္စ၊ဟော ကောင်.... ခေတ်ဆီဈေးတွေဘက်နေတယ်၊ လိုက်သာလိုက်....ငြင်း မနေနဲ့'

'အေးကွ....၊ ကားတွေက တစ်ရက်တည်း တောင် နှစ်ထောင်လောက်ပေးနေရတာ၊ ဒါတောင် ဆီက ကိုယ့်ဘာသာထည့်ရတာကိုယ့်လူ၊ ငါတို့တော့ လိုက်မှာ ပဲ၊ မင်းဇော်ကိုတော့ အရမ်းကျေးဇူးတင်တယ်....မဆိုး ဘူးကွ၊ သူငယ်ချင်း တစ်ယောက် ကြီးပွားတော့လဲ အပေါင်းအသင်းတွေ အဆင်ပြေတာပေါ့'

ငြိမ်းချမ်းစကားက တက်ကြွနေ၏။

သူ့စကားအဆုံးမှာ အပြင်ကိုအကြည့်ရောက်၏။



အတွေးမှာ နွေးက ပေါ်လာသည်။

မတွေ့တာကြာပြီဟုလည်း တွေးမိ၏။

'မင်းပါမှဖြစ်မယ် ရဲမင်းသူ၊ သောကတွေဝင်မနေစမ်း ပါနဲ့ကွာ၊ မင်းအဖေ နေကောင်းသွားမှာပါ'

တင်ဝင်းလူကို လှမ်းကြည့်ပြီး....

'ငါ လိုက်သင့်မလိုက်သင့် စဉ်းစားနေတာက အဲဒါ မဟုတ်ဘူး၊ နွေးကို ရေသွားလောင်းချင်လို့'

'ဟာ....အေပေး'

လက်သီးနှစ်လုံးက ပခုံးတစ်ဖက်စီပေါ် ကျလာသည်။

'ငါတို့ကတော့ သူ့အဖေအတွက် နေရစ်ခဲ့မှာလား ထင်ပြီး ပြောနေတာ၊ သူက နွေးကို ရေလောင်းချင် လို့တဲ့၊ တော်တော်ကောင်းတဲ့ကောင်၊ ရေလောင်းတာ နွေတိုင်း သွားလောင်းမလို့လား၊ တစ်ရက်လောက် လောင်းရင် တော်ပြီပေါ့ကွ'

'မတွေ့တာကြာလို့ အတိုးချပြီးတွေ့မလားလို့ပါ'

ရဲမင်းသူက မျက်နှာရယ်ကျဲကျဲနှင့် ပြောသည်။

'မတွေ့တာတစ်ပတ်လောက်ပဲရှိသေးတယ် ရဲမင်းသူရား အဖြစ်သည်းမနေစင်းပါနဲ့၊ ဒီရက်ပိုင်းအတွင်းသွားတွေ့ ချင်လဲ တွေ့လို့ရတာပဲ'

'ငါဒီရက်ပိုင်း အပြင်ထွက်လို့ရမှာမဟုတ်ဘူး၊ မေမေ့ကို ကူလုပ်ပေးရဦးမယ်၊ အငယ်ကောင်တွေကဘာမှဖြစ်မှာ မဟုတ်ဘူး၊ ဒါနဲ့ မင်းဇော်က သုံးရက်လုံးလည်မှာလား မသိဘူး'

'ဟုတ်တယ်....တစ်နေကုန်ပဲ၊ ထမင်းစားပဲပြန်မယ်တဲ့၊ သုံးရက်လုံး ဒီအတိုင်းပဲ၊ ဒီလိုလုပ်ပါလား ရဲမင်းသူ'

တင်ဝင်းလူစကားကို နားစွင့်ထား၏။

'မင်း နွေးကို အကြိုနေ့ညနေ ရေသွားသောင်း၊ သူများ တွေ မလောင်းခင် ဦးအောင်လောင်းနိုင်တော့ ပိုပြီး အမှတ်တရဖြစ်တာပေါ့ကွ၊ အဲဒါဆို သုံးရက်စလုံး လည်လို့ရပြီ၊ မင်း နွေးကို ရေလောင်းဖို့ ဘာမှ နောက်ဆံငင်နေစရာမလိုတော့ဘူး'

'အေး....မင်းအစီအစဉ်ကောင်းတယ်တင်ဝင်းလူ၊အကြို နေ့ ညနေကို ငါ နွေးဆီသွားမယ်'



သည့်နောက် သကြီးနှင့်တေင်ဆက်သည့် အပျော်တွေပြော ကြသည်။

အချိန်တော်တော်ကြာမှ အားလုံး လမ်းခွဲလိုက်ကြသည်။

ကြော်... အတွေးနှင့်ပင် အပျော်တွေက ရင်ကိုရောက်နှင့်နေ ပါပြီ။

☆

## (၁၅)

သင်္ကြန်အငွေ့အသက်နှင့်အတူ သင်္ကြန်အကြိုနေ့ဆိုသည်က စိတ်တစ်ခုလုံးကို ချုပ်ကိုင်ထား၏။

ခံစားရသည့် အပျော်နှင့်အတူ ရင်မှာ လှုပ်လှုပ်ခတ်ခတ် ကလေးဖြစ်နေရသည်က နံနက်ဦးကတည်းကပါပဲ။

တင်ဝင်းလှနှင့် ငြိမ်းချမ်း ရောက်လာတော့ ပီတောက်ပန်းတွေ ရေဆေးပြီးသွားသည်။

မိုးက တစ်ညလုံးရွာထားပြီး မိုးကောင်းကင်က ကြည်လင်သန့်ရှင်းနေ၏။

နံနက်ဦးကတည်းကပိတောက်နံ့တွေသင်းပြီး ပိတောက်တွေ ပွင့်တာကို စိတ်ကသိနေသည်။

သို့သော်လည်း ပိတောက်တွေကို နံနက်ဦးမှာ တက်မခူးတာဖြင့် နွေးအတွက် ပိတောက်တွေ လန်းလန်းဆန်းဆန်းရှိစေချင်၍ ညနေရောက်မှ အပင်ပေါ်တက်၍ ခူးဖြစ်သည်။

ပလုတ်စတစ်ပုံးနှင့်ဖလားကိုယူပြီး ငြိမ်းချမ်း ဝယ်လာသော ရေခဲကို ပျော်အောင်စောင့်သည်။

ဒါကလည်း ချစ်သူကို ထားဝရအေးမြစေချင်သည့်စေတနာကြောင့်ပါပဲ။

သုံးယောက်သား နွေးတို့လှမ်းထဲရောက်တော့ မဏ္ဍပ်ကြီးတစ်ခုတွေ့၍ အုံ့ဩနေရသည်။

အရင်နှစ်တွေက စင်တွေဘာတွေမရှိ။

တအံ့တဩစကားတပြောပြောနှင့် နွေးတို့အိမ်နား ရောက်သွားသည်။

နွေးတို့အိမ်ဘေးမှာ ဆိုင်းသံဗုံသံတွေ ထွက်လာ၏။

တူးပို့....တူးပို့ သီချင်းလေးက မြူးကြွစွာပေါ်လာ၏။

တီးဝိုင်းမှာ လူတွေအုံနေသည်။

နွေးတို့အိမ်ကိုဝင်မေးတော့ နွေးမမနှင့် တွေ့သည်။



'နွေးကတော့ သင်္ကြန်မေလုပ်နေတယ် ရဲမင်းသူ'

မမသွေး စကားကို နားကမရှင်း။

'ဘာကိုလဲ မမ'

'ဟိုမှာလေ....နွေး က,နေတယ်၊ ရပ်ကွက်လူကြီးတွေ မေတ္တာရပ်ခံလို့ မမတို့ကလဲ ခွင့်ပြုလိုက်တာ'

ရင်မှာတစ်မျိုးပါပဲလေ။

မမသွေးကိုနှုတ်ဆက်ပြီး လူအုပ်ထဲတိုးဝှေ့သည်။

နွေးက အပြုံးမျက်နှာကလေးဖြင့် ဆိုင်းချက်နှင့်အညီ က,နေပါ၏။

ပြီးတော့ နွေးကိုယ်မှာ ရေတွေစိုသိုပါလေ။

ဦးသူရှိနှင့်နေပြီလားဆိုသည့် အတွေးကလည်း ရင်ကို ပူပူလောင်လောင်ဖြစ်သွားရပါ၏။

အို....သည်အတာရေတွေက သူ့သူငယ်ချင်းမတွေ လောင်းသည့် အတာရေပဲဖြစ်ပါစေတော့။

ဆိုင်းချက်ဆုံးတော့ နွေးအကြည့်က လူအုပ်ထဲသို့ ဖျတ်ခနဲရောက်သည်။

မိမိကိုမြင်သည်နှင့် နွေးမျက်နှာ ပြုံးရောင်သမ်းသည်။

ပြီး လူအုပ်ထဲမှတိုးထွက်သည်။

အားလုံး၏မျက်လုံး ကပ်ပါလာသည်ကို သိသည်။

'ကိုရဲမင်းသူ....ဘာလာလုပ်တာလဲ'

နွေးက အပြုံးနှင့် မေး၏။

'ရေလာလောင်းတာပါ'

'ဒါဆိုနှစ်ကြိမ်ရှိပြီနော်'

နွေးက သတိတရနှင့်ပြောသည်။

စယ်တော်ပင်အောက်ရောက်တော့ နွေးမျက်နှာကို စေ့စေ့ကြည့်မိပါ၏။

'နွေး သတိရနေတယ်နော်'

'နွေး မမေ့တတ်ပါဘူး'

'နွေးအတွက် ပိတောက်ပန်းတွေလေ၊ ပိတောက်ပွင့်လေးတွေက ကိုယ်စား စကားဝင်ပြောပေးရင် ကောင်းမှာပဲနော်'

နွေးကမျက်နှာရှက်ရိပ်ကလေးနှင့် ခေါင်းကိုငုံ့သည်။

အရင်နှစ်က နွေးကိုရေလောင်းရင်း ချစ်တယ်လို့ပြောခဲ့သည်ကို အမှတ်ရ၏။

အခု အတာရေနှင့်အတူ အဖြေတောင်းလိုက်ရင် ကောင်းမလား ဆိုသည့် အတွေးကလည်း ဝင်၏။



အို....စာမေးပွဲအောင်စာရင်းတွေထွက်မှ အဖြေနှစ်ခုကို တစ်ပြိုင်တည်းခံစားတာကောင်းပါတယ်လေ'

'နွေး....'

'ဟင်....'

'ကိုယ် ရေလောင်းမယ်နော်'

နွေးက ဘာစကားမှမတုံ့၊

ဆံပင်လေးကို ဘေးသို့ဆွဲသိမ်းပေးသည်။

လည်သားနုနုပေါ်သို့ ရေကြည်အေးကို အသာသွန်းလောင်းသည်။

နွေးရင်မှာ ထာဝရအေးမြနိုင်ပါစေလေ။

'ကိုရဲမင်းသူကို မတွေ့ရတာ ကြာပြီနော်'

'ဖေဖေက ကျန်းမာရေးမကောင်းဘူး နွေး၊ ဒါကြောင့် ရောက်မလာတာပါ၊ လူမရောက်ပေမယ့် စိတ်က အမြဲ ရောက်နေတယ်ဆိုတာတော့ နွေး ယုံပါ'

'အပြောကတော့ကောင်းတယ်နော်'

ချစ်သူဆိုတာ အဝေးဆုံးအရပ်တွေမှာရှိနေပေမယ့်၊ အနီးဆုံးမှာပဲ ရှိနေတတ်ပါတယ် နွေးရယ်ဟု စိတ်ထဲကပြောဖြစ်သည်။

'ကျွန်တော် နောက်ရက်တွေလာနိုင်မှာ မဟုတ်လို့ အခု ကြိုပြီးရောက်လာတာပါ'

'ကိုရဲမင်းသူ ဘယ်သွားမှာမို့လို့လဲ'

'သူငယ်ချင်းတွေက ကားနဲ့လည်မို့ ခေါ်ထားလို့ပါ'

'ဟုတ်တယ် နွေးရ၊ ဒီဒကာင်မလိုက်ရင် ဒီကောင့်ကို ဘယ်သူမှ ကျေနပ်မှာမဟုတ်ဘူး။ ဒါကြောင့် အခု ကတည်းက နွေးကို ရေကြိုလောင်းခိုင်းတာလေ'

နောက်နားမှာ ရပ်နေသော တင်ဝင်းလူက ဝင်ပြော၏။

'ဟုတ်လား၊ နွေးလဲ ဒီလမ်းထဲက မလှမ်းမှာ ကျရမယ် ကိုရဲမင်းသူလာရင် တွေ့ပါ့မလားလို့တောင် စိုးရိမ်နေ တာ၊ အခုတောင် အကာတိုက်နေတာလေ'

'ဩော်....ဒီလိုဆို နွေးကတာကို မကြည့်ရတော့ဘူးပေါ့'

'ကြည့်ပြီးသွားပြီလေ'

'ဘယ်တုန်းကလဲ'

'ခုနက'

ဟုတ်သားပဲဟု ပြောပြီး ပြိုင်တူရယ်ဖြစ်ကြသည်။

'နွေး'

'ပြောလေ ကိုရဲမင်းသူ'

'ပီကေတာက်တွေလေး ကိုပန်ပေးမယ်'

'အိုကွာ'

နွေးက ငြင်းဆန်ခြင်းမပြု။

ပီတောက်နှစ်ခက်ကို နွေး၏ ဆံစမှာ အသာထိုးစိုက်ပန်ပေး သည်။

နောက်ပါးမှ ရယ်သံအုပ်အုပ်ကို ကြား၏။



'နွေးရှက်တယ် ကိုရဲမင်းသူ'

မျက်နှာကိုငုံ့ကြည့်သည်။

ဩော်....ရှက်သူရဲ့မျက်နှာမှာ အပြုံးတွေနဲ့ပါလေ။

* * *

နွေးနှင့်ပတ်သက်သည့် အကြောင်းအရာလေးကို ရေးထား သည့် စာအုပ်ကိုပိတ်ပြီး အိပ်ရာပေါ် လှဲချလိုက်သည်။

နက်ဖြန်ဆိုရင် သင်္ကြန်ကျပါပြီ၊ နွေးကိုချစ်တယ်လို့ပြောခဲ့ တာလဲ ကစ်နှစ်ပြည့်ပါပြီ။

အောင်စာရင်းတွေ မြန်မြန်ထွက်ပါတော့ဟုလဲ ဆုတောင်းမိ သည်။

နွေး မင်းကိုချစ်နေတယ်ဆိုသော တင်ဝင်းလူစကားကိုလဲ ပြန်ကြား၏။

မင်းပြောတဲ့အတိုင်းပဲ ဖြစ်မှာပါကွာလို့တွေးရင်း ပြုံးလိုက် မိသည်။

အချိန်တွေ လင့်လာတော့ မျက်စိကိုအတင်းမှိတ်ပြီး အိပ်ဖို့ ကြိုးစား၏။ အပျော်တွေနှင့်မို့ အိပ်လို့ကိုမပျော်ပါ။

## ( ၁၆ )

'အခု တစ်ရက်နှစ်ရက်အတွင်း ရဲမဖ်းသူလာရင် ကောင်းမယ်'

မမမျက်နှာကို လှမ်းကြည့်သည်။

သူ့ကို သတိတရရှိနေမိသည်ကတော့ အမှန်ပါပဲ၊ ရဲမင်းသူ သူ့ဆီရောက်မလာတာ ကြာပြီဟုတွေးဖြစ်သည်။

သင်္ကြန်မကျခင်တစ်ရက်ပဲ တွေ့ရပါ၏။ သင်္ကြန်အကြိုနေ့ တုန်းက ရေလာလောင်းပြီး သင်္ကြန်ပြီးရင်လာခဲ့မယ်လို့ သူပြောသွားသည်။

ခုသကြန်ပြီးတာပဲ နှစ်ပတ်သောက်ရှိသွားပါပြီ။

သူ မိမိကိုယ်ကိုစိတ်မဝင်စားတော့ဘူးလား ဆိုသည့်အတွေး၊ ဒီလိုလည်းဖြစ်မည်မထင်ပါ။

သူ့ကို နွေးယုံကြည်သည် စိတ်အပြောင်းအလဲ မြန်မည့်သူ မဟုတ်မှန်းလည်း သိသည်။

ရိုးသားမှုတွေ အသင်းသားပေါ်နေတဲ့ သူ့မျက်နှာက ထာဝရ ရှင်းသန့်နေသည်ပဲ။

သူသာလျှင် ပြောချင်တာတွေ ရင်မှာရှိနေသည်။

သကြန်မတိုင်မီတစ်ရက်ဘည်းကကို စကားတွေပြောပြချင်နေပါ၏။ သို့သော်လည်း ရဲမင်းသူ ရောက်လာတော့ သည့်အကြောင်းတွေကို သတိမရခဲ့၊တွေ့ချမြင်ရသည်အခိုက် မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်းမှ ပြောချင်တာတွေ မေ့မေ့ပျောက်ပျောက် ဖြစ်ခဲ့သည်။

သကြန်ပြီးရင်လာခဲ့မယ်ဆို၍ သူသာလျှင် ပြောပြမည်ဟု ရည်ရွယ်ထားရာမှ သူကရောက်မလာ။

အစိုင်အခဲက ရင်မှာကြီးမားလာရသည်။ သို့ဖြင့် မခနှင့် ဖွဒီ တိုင်ပင်လိုက်သည်။

အဖြစ်အပျက်က သူကိုယ်တိုင်နှင့် သက်ဆိုင်နေသည်လေ။

* * *



နွေးတို့ စတိုးဆိုင်လေးက အရောင်းလိုက်ပါ၏။ ပစ္စည်းမျိုးစုံ ဘင်ထားသဖြင့်လည်း ဝယ်ယူသူများ မျက်စိကျကြပါသည်။

သတိထားမိသည့် ရက်များအတွင်း ဆိုင်ကိုနေ့တိုင်း အ ယ် မပျက် ရောက်လာသူက ညီအစ်ကိုသုံးယောက်၊ ရုပ်ဖော့ကိုကြည့် ပြီး ညီအစ်ကိုဖြစ်မည်ဟု နွေးမှတ်ချက်ချခဲ့ဖူးသည်။

နွေးတို့ဆိုင်မှာ သူတို့ နေ့တိုင်းလာဝယ်တတ်သည်က အချို ရည်ဘူးနှင့် ဘီယာဘူးတွေ။

ရက်တွေကြာလာတော့ နွေး အထူးသတိထားမိတာ တစ်ခု ရှိခဲ့ပါ၏။

အငယ်ဆုံးကောင်လေး....

အငယ်ဆုံးကောင်လေး ဆိုသော်လည်း အရွယ်က ရဲမင်းသူနှင့် မတိမ်းမယိမ်းပါ။

နွေးကို ခိုးကြည့်တတ်သည့် သူ့အကြည့်တွေ....

ပြီးတော့ ခပ်မင်လိုဟန်ပြလာသည့် သူ့သဏ္ဍာန်။

ပထမတော့ နွေးက မသိချင်ယောင်ဆောင်၍ နေသော် လည်း သူ့အကြည့်တွေ ခါတိုင်းထက်ရဲတင်းလာ၏။ သို့သော် လည်း အကြည့်ရဲမှုထက်တော့ ဘာမှမပိုပါ။

မသက်ဆိုင်ချင်ပေမယ့် သက်ဆိုင်ချင်သူက သက်ဆိုင်လာပါသည်။

ထိုကောင်လေးက မိမိအိမ်ဘေးနားမှ နွယ်နွယ်နှင့်မိမိကို ဆက်သွယ်လာပါ၏။

နွယ်နွယ်က သူ့သူငယ်ချင်းပါဆိုပြီး မိတ်ဆက်ပေးသည်။

နာမည်က မင်းဇော်တဲ့လေ။

ပုံစံကတော့ အေးအေးဆေးဆေးသမားပါပဲ။ နွေးလိုပဲ သူလည်း ဒီနှစ်ဆယ်တန်းဖြေထားတာပါတဲ့။

စကားသွက်သွက်နှင့် သူ့အသက်ကိုပြောတော့ နွေးထက် နှစ်လလောက်ငယ်သည်။

စိတ်မဝင်စားသော်လည်း မိတ်ဆက်ပေးသူ၏ မျက်နှာနှင့်မို့ အပြုံးတုများစွာကို ဖန်တီးပြီး ဟန်လုပ်ခဲ့ရသေးသည်။

သူ့ကို နွယ်နွယ့်ကိုခင်သလို ခင်ပါပြောတော့ ရယ်ချင်မိပါသည်။

မတွေ့ကတည်းက မိမိခိုးကြည့်နေသော ယောကျ်ားလေး တစ်ယောက်က ခင်မင်ပါဆိုတော့ အံ့ဩနေရာက်မှာပါလာနိုင်တဲ့ အကြောင်းအရာတွေကို [illegible]



သို့သော်လည်း ခင်မင်ပြီးသား မိတ်ဆွေတစ်ယောက် အနေနှင့်တော့ ငြင်းဆန်ဖို့အားမရှိ။

သူ့ကို ငြင်းဆန် ဆန့်ကျင်ဖို့ဆိုတော့လည်း သူ့မှာ ဘာအပြစ်မှမရှိသေး။

မိမိကို ချစ်တယ်ကြိုက်တယ်ပြောပြီးမှ ခင်မင်ခွင့်တောင်းသည်မဟုတ်။

သို့သော်လည်း ထိုခင်မင်မှုကို မငြင်းဆန်ခဲ့မိသည်က သူ့အဖို့ အခွင့်အရေးတစ်ရပ်ကို ဖန်တီးပေးလိုက်သလို ဖြစ်နေသည်။

ညနေတိုင်း အိမ်ရောက်လာသည်။

ချမ်းသာသော သူတွေမှန်းလည်း အစကတည်းက သိပါ၏။

လာသည့်အခါ ကားကို သူကိုယ်တိုင်မောင်းသည်။ တစ်ခါတစ်ရံ ကားအမျိုးအစားတောင်ကွဲလွဲပါ၏။

တစ်ခါတစ်ခါတော့လည်း ပြိုင်ဘီးအနီးကလေးနှင့် ရောက်လာတတ်သည်။

မြင်သိကျွမ်းမှုရက်ကလေးရင့်လာတော့ သူက အညောင်းပြေသဘောမျိုး လမ်းလျှောက်ခေါ်သည်။ ငြင်းပယ်မှုတွေအမျိုးမျိုးကြားက အားမလျှော့တန်း ဖြစ်လာတော့ အားနာမှုနှင့် တစ်

မသက်ဆိုင်ချင်ပေမယ့် သက်ဆိုင်ချင်သူက သက်ဆိုင်လာပါသည်။

ထိုကောင်လေးက မိမိအိမ်ဘေးနားမှ နွယ်နွယ်နှင့်မိမိကို ဆက်သွယ်လာပါ၏။

နွယ်နွယ်က သူ့သူငယ်ချင်းပါဆိုပြီး မိတ်ဆက်ပေးသည်။

နာမည်က မင်းဇော်တဲ့သေ။

ပုံစံကတော့ အေးအေးဆေးဆေးသမားပါပဲ။ နေ့းလိုပဲ သူလည်း ဒီနှစ်ဆယ်တန်းဖြေထားတာပါတဲ့။

စကားသွက်သွက်နှင့် သူ့အသက်ကိုပြောတော့ နေ့းထက် နှစ်လလောက်ငယ်သည်။

စိတ်မဝင်စားသော်လည်း မိတ်ဆက်ပေးသူ၏ မျက်နှာနှင့်မို့ အပြုံးတုများစွာကို ဖန်တီးပြီး ဟန်လုပ်ခဲ့ရသေးသည်။

သူ့ကို နွယ့်နွယ့်ကိုခင်သလို ခင်ပါပြောတော့ ရယ်ချင်မိပါသည်။

တွေ့ကတည်းက မိမိခိုးကြည့်နေသော ယောကျ်ားလေး တစ်ယောက်က ခင်မင်ပါဆိုတော့ အဲ့ဒီနောက်မှာပါလာနိုင်တဲ့ အကြောင်းတရားတွေကို နေ့း မစဉ်းစားမိဘဲနေပါ့မလား။



သို့သော်လည်း ခင်မင်ပြီးသား မိတ်ဆွေတစ်ယောက် အနေနှင့်တော့ ငြင်းဆန်ဖို့အားမရှိ။

သူ့ကို ငြင်းဆန် ဆန့်ကျင်ဖို့ဆိုတော့လည်း သူ့မှာ ဘာ အပြစ်မှမရှိသေး။

မိမိကို ချစ်တယ်ကြိုက်တယ်ပြောပြီးမှ ခင်မင်ခွင့်တောင်း သည်မဟုတ်။

သို့သော်လည်း ထိုခင်မင်မှုကို မငြင်းဆန်ခဲ့မိသည်က သူ့ အဖို့ အခွင့်အရေးတစ်ရပ်ကို ဖန်တီးပေးလိုက်သလို ဖြစ်နေသည်။

ညနေတိုင်း အိမ်ရောက်လာသည်။

ချမ်းသာသော သူတွေမှန်းလည်း အစကတည်းက သိပါ၏။

လာသည့်အခါ ကားကို သူကိုယ်တိုင်မောင်းသည်။ တစ်ခါ တစ်ရံ ကားအမျိုးအစားတောင်ကွဲလွဲပါ၏။

တစ်ခါတစ်ခါတော့လည်း ပြိုင်ဘီးအနီးကလေးနှင့် ရောက် လာတတ်သည်။

မြင်သိကျွမ်းမှုရက်ကလေးရင့်လာတော့ သူက အညောင်းပြေ သဘောမျိုး လမ်းလျှောက်ခေါ်သည်။ ငြင်းပယ်မှုတွေအမျိုးမျိုး ကြားက အားမလျှော့တန်း ဖြစ်လာတော့ အားနာမှုနှင့် တစ်

ခေါက် တစ်ခါ လိုက်ပါလျှောက်မိသည်ကိုက မိမိအမှားတွေဟု တွေးမိသော်လည်း မိမိကြောင့် လူတစ်ဖက်သား စိတ်ချမ်းသာသွားပါလားဆိုသည့် အတွေးနှင့် အရာရာကို မေ့ပျောက်ထားလိုက်ရသည်။

သကြန်တွင်းမှာတော့ သူ ပေါ်မလာခဲ့။

နောက်ရက်ပိုင်းသကြန်ပြီးချိန်မှာတော့ မနက် သူ့အစ်ကိုတွေနှင့် ပါသွားလျှင် တစ်ခါ၊ ညနေအိမ်ကိုလာလျှင် တစ်ခါ နှစ်ခါတော့ တွေ့ရစမြဲပါပဲ။

သူ အိမ်လာလျှင် ရဲမင်းသူအလာနှင့် ဆုံစည်းမှာကို စိုးရိမ်မိသော်လည်း မိမိစိတ်၏ မှန်ကန်မှုကြောင့် စိုးရိမ်မှုကို အလွန်အကျွံတော့ မဖြစ်ခဲ့။

အခုထက်တိုင်လည်း သူက မိမိကို ချစ်ပါတယ်ဆိုတဲ့စကား ဖွင့်ဟပြောလာခြင်းမရှိ။

ဒါပေမယ့် သူ့မျက်လုံးတွေ မရိုးသားတာကိုတော့ စိတ်က သိနှင့်နေပါသည်လေ။

အဲဒီအခြေအနေကို ရဲမင်းသူကို ပြောပြချင်ပါပြီ။

ရဲမင်းသူ သိရင် သူ့ကိုစိတ်များဆိုးမလားဆိုသည့် အတွေးကိုလည်း တွေးမိ၏။



အဲသည်ကိစ္စကို စိုးရိမ်စိတ်ကြီးစွာနှင့် ရဲမင်းသူ သူ့ကို အဖြေတောင်းလျှင်တော့ သူ လက်ခံလိုက်မည်ဟု ဆုံးဖြတ်ထားသည်။

နဂိုကတည်းက ချစ်စိတ်နှင့် လက်ခံခြင်းဖြစ်သလို ရဲမင်းသူကို တရားဝင်အဖြေပေးပြီးချိန်မှာလည်း တင်ဇော်ကို အသိပေးပြီးသားဖြစ်အောင် နားလည်စွာ နောက်ဆုတ်သွားအောင် သိမ်မွေ့စွာပြုမူရမည် ဖြစ်ပါသည်။

သည်လိုအတွေးများနှင့် နွေး ရဲမင်းသူကို မျှော်လင့်နေပါသည်။

သို့သော်လည်း ရဲမင်းသူဆီက စကားအသံကြားဖို့မဆိုထားနှင့်၊ လူကိုပင် မမြင်ရ။

သည်တော့လည်း မမကို ဖွင့်တိုင်ပင်သည်က အကောင်းဆုံးဟု ဆုံးဖြတ်ပြီး တိုင်ပင်သည်။

နွေးစကားဆုံးတော့ မမက တစ်ရက်နှစ်ရက်အတွင်း ရဲမင်းသူလာရင် ကောင်းမယ်ဆိုသည့်စကားကို ပြောသည်။

> 'သူလာရင်တော့ သူ့ကို ပြောပြလိုက်ရင် ကောင်းမယ်ထင်တယ်နော်'

မမမျက်နှာကိုကြည့်ပြီး ပြောလိုက်မိသည်။

'ညီမလေး'

'ပြောလေ မမ'

'ညီမလေးစိတ်ထဲမှာ ရဲမင်းသူကို အရမ်းမျှော်လင့်ထားသလား ဟင်'

'ရှင်....'

ဘာမှပြန်မပြောနိုင်အောင် ဆွံ့အနေမိသည်။

မမရယ်.... လူတစ်ယောက်ကိုချစ်မိမှတော့ အဲ့သည် လူရဲ့အချစ်ကို လိုချင်တာ ချစ်တတ်သူတွေရဲ့ သဘာဝပါ မမရယ် ဆိုသည့်စကားကိုတော့ စိတ်ကပြောနေမိသည်။

'နွေး သူ့ကိုတကယ်ချစ်မိတာပါလို့ မမကိုပြောဖူးတယ်လေ'

အတန်ကြာမှ စကားကို သွယ်ဝိုက်၍ အဖြေပေးလိုက်သည်။

'ညီမလေး အချမ်း ခံစားရမှာစိုးလို့ပါကွယ်၊ မမတို့မိန်းမသားတွေမှာ ချစ်တာကို ချစ်တယ်လို့ ဖွင့်ပြောပိုင်ခွင့် မရှိဘူးလေ၊ မမဆိုလိုတာ ညီမလေး နားလည်လား၊ မမ ညီမလေးကို တားချင်တယ်၊ ဒါပေမယ့် ညီမလေး ရင်ထဲကအချစ်ကြောင့် မမ တားဖို့မရဲတော့ဘူးလေ'



'ကိုရဲမင်းသူကို နွေး တကယ်ချစ်တာလို့ နွေး ယုံကြည်နေတယ်၊ သူ နွေးဆီကအဖြေကိုတောင်းလိမ့်မယ်လို့လဲ နွေး ထင်ထားတယ်၊ ဒီကြားထဲကဖြစ်လာတဲ့ကိစ္စတစ်ခုကြောင့်သာ ကိုရဲမင်းသူ စိတ်ဆိုးပြီးမလာတာဆိုရင်တော့ နွေးလိုက်ရှင်းပြမယ်၊ သူ့အပေါ်မှာ နွေး သံသယရှင်းပါတယ်၊ အဲ့ဒီလိုပဲ သူလဲ နွေးအပေါ် သံသယရှင်းရမှာပေါ့'

မမက ငြိမ်ပြီးနားထောင်သည်။

နွေးအကြည့်ကို လမ်းမဘက်ရွှေ့လျှားရင်း....

'ကိုရဲမင်းသူမလာတာ အကြောင်းတစ်ခုခုကြောင့်နေပါလိမ့်မယ် မမရယ်၊ သူ့ကိုချစ်တော့လဲ နွေး မျှော်ရမှာပေါ့'

ရင်ထဲရှိသမျှ မမကို ပြောချပစ်လိုက်သည်။

မမကတော့ သူ့ကိုငေး၍ကြည့်နေ၏။

'ညီမလေးကို မင်းဇော်က ဖွင့်ပြောလာတဲ့အချိန်၊ ရဲမင်းသူကို အဖြေမပေးရသေးချိန်မှာ ညီမလေး ဘယ်လိုဆုံးဖြတ်မလဲ'

'ကိုရဲမင်းသူသာ နွေးကိုချစ်ပါတယ်လို့ မပြောရသေးခင် ဆိုရင်တော့ မင်းဇော်ဟာ နွေး စဉ်းစားဖို့သင့်တဲ့ လူတစ်ယောက်ပါ မမ'

မမက ခေါင်းကိုညိတ်ရင်း နားထောင်၏။

ပြီးမှ....

'ရဲမင်းသူ မရှိရင် မင်းဇော်ကို လက်ခံနိုင်တယ်ဆိုတဲ့ သဘောလား'

'အဲသလိုမဟုတ်ပါဘူး၊ နွေး စဉ်းစားမှာပါ၊ လူတစ်ဦးတစ်ယောက်က ချစ်ပါတယ်လို့ပြောလာတာကို ရင်မခုန်ရဘဲ အပေါ်ယံသာကြည့်ပြီး လက်ခံဖို့ နွေးဘယ်တော့မှ စိတ်ကူးမိမှာမဟုတ်ဘူး၊ ကိုရဲမင်းသူနဲ့မတွေ့ဘဲ မင်းဇော်နဲ့တွေ့ပြီး နွေးရင်ထဲက လက်ခံနိုင်ရင် လက်ခံလိုက်မိမှာပါ၊ ဒါပေမယ့် အခု နွေးရင်ထဲမှာ ကိုရဲမင်းသူ ရှိနေတယ် မမ၊ ဘယ်သူမှဝင်လာလို့မရတော့ပါဘူး'

ပြောပြီး သက်ပြင်းမောကိုချသည်။

'နွေးဘက်ကသာ ရဲမင်းသူကို နင့်နင့်သီးသီးချစ်နေတာ တကယ်လို့ ရဲမင်းသူဘက်ကဖောက်သွားရင်ကော'

'ကိုရဲမင်းသူ နွေးကို ဘယ်တော့မှ မမုန်းနိုင်ဘူးလို နွေးယုံကြည်နေတယ်၊ တကယ်လို့ သူ့ဘက်ကဖောက်သွားရင်လဲ နွေး သူ့ကိုချစ်တဲ့အချစ်နဲ့ နာကြည်းပြီး မုန်းနိုင်အောင် ကြိုးစားမှာပါ'

'ဘယ်လို....သူ့ကိုချစ်တဲ့အချစ်နဲ့ နာကြည်းပြီး မုန်းနိုင်အောင် ကြိုးစားမယ် ဟုတ်လား'



'ဟုတ်တယ် မမ၊ သူ့ကိုချစ်တဲ့အချစ်နဲ့ပဲ အမြဲတမ်းသတိရစေပြီး အမြဲတမ်း နာကြည်း မုန်းတီးနေနိုင်စေရမယ်၊ ဒါပေမယ့် အဲ့ဒီလိုလဲ ဘယ်တော့မှဖြစ်မှာမဟုတ်ပါဘူး မမရယ်'

'ညီမလေးက မုန်းဖို့ပြောပြီး မေ့ဖို့ ဘာလို့မပြောတာလဲ'

'ချစ်သူဆိုတာ အမြဲတမ်း သတိရဖြစ်အောင် ဖန်တီးနေနိုင်သူပဲ မမရယ်၊ လွယ်လွယ်နဲ့ ဘယ်မေ့လို့ရမလဲ၊ အချိန်နဲ့ကုစားရင်ရမယ်ဆိုလဲ အဲ့ဒီအချိန်က ကြာချင်ကြာနေဦးမှာ၊ အဲ့ဒီအတွင်းမှာ သတိတရရှိနေပြန်တော့ ချစ်တဲ့စိတ်တွေနဲ့ ခွင့်လွှတ်ဖို့ဖြစ်ချင်လာမှာပဲ၊ အဲ့ဒါကြောင့် နွေးက နာကြည်း မုန်းတီးစိတ်ကို သတိရတဲ့စိတ်နဲ့ အတူ မွေးဖွားမယ်လို့ ပြောတာပါ၊ အချိန်ကြာလာရင် အဲဒီမုန်းတီးစိတ်နဲ့ မေ့သွားနိုင်မယ်ထင်တာပဲ၊ နွေးစိတ်က အစွန်းများရောက်နေမလား မသိဘူးနော်'

မမက သူ့ကို ငေး၍ကြည့်နေသည်။

ပြီးမှ....

'အေးလေ....နွေးနဲ့ ရဲမင်းသူ လက်တွဲနိုင်မှာပါ၊ ကဲ.... မမသွားမယ်၊ ဟိုတွေးဒီတွေး တွေးမနေနဲ့တော့၊ ရဲမင်းသူလာတော့ အဲ့ဒီအကြောင်းပြောပြလိုက်ပေါ့ ဟုတ်ပြီလား'

ပြောပြီး မမအခန်းထဲမှ ထွက်သွားသည်။

တစ်ယောက်တည်းကျန်တော့ အစေ့းမှာ ရဲမင်းသူ ပေါ်လာသည်။

ပြီးတော့ မင်းဇော်....

စိတ်ထဲမှာ နောက်ကျိလာ၏။

သို့သော်လည်း ဆုံးဖြတ်ရတော့မည်ကို စိတ်ထဲက နားလည်ထား၏။

☆

(၁၇)

'သား....ဘယ်လိုနေသေးလဲ'

မေမေ့အသံကြားတော့ ထိုင်နေရာမှ လှည့်ကြည့်လိုက်သည်။

'ဘယ်လိုမှမနေပါဘူး ဒီအတိုင်းပါပဲ မေမေ'

'ဆေးခန်းသွားပြမလား၊ ပိုက်ဆံကုန်မှာတွေဘာတွေ တွေးမနေနဲ့၊ ဖြစ်လာရင်တော့ ကုန်သင့်တာကုန်ရမှာပဲ၊ ရေပက်ခံမထွက်ခင်က သားကို မေမေမှာပါတယ်။

မေမေ့မျက်နှာကိုကြည့်နေမိသည်။

တစ်ဆက်တည်းသင်္ကြန်အကျနေ့ မင်းဇော်တို့အိမ်သွားကာနီး အချိန်ကိုပြန်သတိရသည်။

အဲသည်တုန်းက မေမေ သေသေချာချာမှာခဲ့သည်ပုံ။

* * *

'သားသွားတော့မယ် မေမေ၊ ရှစ်နာရီထိုးနေပြီ၊ ဟို ကောင်တွေနဲ့ ချိန်းထားတာ နောက်တောင်ကျနေပြီ'

အင်္ကျီကိုဆွဲဆန့်ရင်း မေမေ့ကိုအော်ပြောသည်။

မေမေက မီးဖိုခန်းမှထွက်လာ၏။

'နေဦး'

'ဘာလုပ်မလို့လဲ မေမေ'

'တဘက်ယူသွား'



ပြောပြီး ဗီရိုကိုဖွင့်နေ၏။

'ဟာ....မေမေကလဲ မိန်းကလေးမှ ရေပက်တာမခံနိုင်လို့ တဘက်နဲ့ကာတာ သားတို့ကခံနိုင်ပါတယ်'

'မင်းနားက ကောင်းတာမဟုတ်ဘူး၊ ကိုယ့်အခြေအနေလဲ သိလျက်သားနဲ့၊ မှတော်တဆရေဝင်သွားရင် ဘယ်လို လုပ်မလဲ'

ကိုးတန်း မတက်ခင် သူ ရေကူးသင်တန်း သွားတက်တော့ အမှတ်ရ၏။

သင်တန်းတက်နေစဉ်မှာ နားက ဘာမှမဖြစ်၊ သင်တန်းပြီး ချိန်မှာ နားထဲရေဝင်၍လားမသိ။ နားထဲက တစီစီနှင့်အော်နေ တော့သည်။

နှပ်ညှစ်လိုက်လျှင် နားက အလိုလိုပွင့်သွား၏။ သို့သော် နှစ်ဘက်စလုံးမဟုတ်၍ ကြားနေရသေးသည်။ ဖြစ်တာက ညာ ဘက်တစ်ဖက်ထဲ။

ဆရာဝန်သွားပြတော့ နားနှင့်နှာခေါင်းကို ဆက်သော အကြောယောင်သွားတာဟု ပြောသည်။

အဲ့သည်တုန်းကအဖြစ်ကို ရည်ရွယ်ပြီး မေမေပြောသည်ကို သဘောပေါက်ပါ၏။

ဆရာဝန်က နားထဲရေမဝင်အောင် သတိထားဖို့ပြောသည်ကို လည်း အမှတ်ရနေသည်။

'ယူသွားတာ မမှားဘူးမေ့'

မေ့မေ့စကားကို မတုန့်တော့ဘဲ တဘက်ကိုလှမ်းယူပြီးထွက် ခဲ့၏။

သည့်လိုနှင့် ရေပက်ခံထွက်တော့ ပထမ မကျွပ်သုံးလေးခု လောက်မှာတော့ တဘက်နှင့် နားကိုကာဖြစ်သည်။ နောက်ရေ ကံများလာတော့ ဘယ်လိုမှမတတ်နိုင်။ ပက်သည့်သူကလည်း တဘက်ကိုဆွဲဖယ်ပြီး မျက်နှာကိုပိုက်နှင့်ထိုးသည်။

ကြာတော့ ရေမွန်းလာပြီး မျက်နှာကို လက်နှင့်သပ်ချချင် လာ၏။

သည်တော့ တဘက်ကို ဂုတ်ပေါ်တင်ထားမိသည်။

ရေဘွှက ခေါင်းပေါ်ကိုကျပြန်သည်။ နားကို ရေဝင်မဝင် ဂရုမထားနိုင်တော့။

သင်္ကြန်သုံးရက်သာပြီးသွားသည် ဘာမှမဖြစ်ခဲ့။

နှစ်ဆန်းတစ်ရက်နေ့ တမနက်လုံးလည်း ကောင်းနေသေး သည်။



နွေးဆီသွားမည်လုပ်ပြီး ရေချိုးကာမှ နားက တစ်ဖက်ပိတ် သွား၏။

ပြန်ပွင့်နိုင်တယ်ထင်ပြီး ရေကိုရိုက်ထုတ်ကြည့်လိုက်၊ နားကို ဆွဲချလိုက် လုပ်ကြည့်သေးသည်။

သို့သော် ရိုက်ထုတ်သော ခဏသာ ရေက နည်းနည်း စိမ့်စိမ့် ကျလာသည်။

နားရွက်ကို အောက်ဘက်ဆွဲချလိုက်စဉ် ခဏသာပွင့်သွား သည်။

ပြီးတော့ ဘာမှမထူး အရင်အတိုင်း ပြန်ပိတ်နေ၏။

ရေချိုးပြီး မေမေ့ကိုပြောတော့ မေမေက အုန်းဆီထည့်ပေး သည်။ ဘာမှထူးခြားမလာ။ သည့်နောက် အရင် နားဝေဒနာ ခံစားရစဉ်က ထည့်သောဆေးကို မေမေကရှာပြီး ထည့်ပေး သည်။

နား ဝေဒနာက ဘယ်လိုမှထူးခြားလာခြင်းမရှိ။

* * *

ရဲမင်းသူ ပင့်သက်ကိုဖွဖွချသည်။

အိပ်ရာပေါ် အသာမှေးစင်းလှဲသည်။ မေမေထံပါးသို့ ရောက်လာသည်ကိုသိ၏။

မှေးခနဲအိပ်ပျော်ပြီး ဆတ်ခနဲလန့်နိုးတော့ ခေါင်းအုံးမှာ သွေးတွေပေနေတာတွေ့သည်။

သည်တော့ သူ့ကိုယ်တိုင်ပါ လန့်ကြောက်သွားသည်။

မေမေက မျက်စိပျက်မျက်နှာပျက်နှင့် ဆရာဝန်ပြဖို့ ပြောတော့ သူမငြင်းဖြစ်တော့။

မေမေက "ဆရာဝန်နှင့်တွေ့နိုင်ချိန်ကို စုံစမ်းမည်ပြောပြီး အလုပ်ထွက်သွား၏။ သူဘယ်မှမသွားဘဲ အိမ်မှာနေလိုက်ရသည်။

ညနေ မေမေပြန်ရောက်တော့ နက်ဖြန်မနက် ဆေးခန်းသွားမည်ပြောသည်။

စိတ်သုန်သုန်ရှိသည်နှင့် ခြံထဲဆင်းပြီး မာလကာပင်အောက်မှာ ထိုင်နေမိသည်။

ဝင်းတံခါးဖွင့်သံကြား၍ လှည့်ကြည့်တော့ မင်းဇော်ဝင်လာတာတွေ့သည်။ ငါဒီမှာဟုလှမ်းအော်တော့ မင်းဇော် သူ့ထံပါးသို့ လျှောက်လာ၏။



အနားရောက်တော့ ထိုင်ခုံမှာဝင်ထိုင်ရင်း အပေါ်အင်္ကျီ ကြယ်သီးဖြုတ်ပြီး လေမှုတ်သွင်းသည်။

'ပူလိုက်တာကွာ'

'ဘယ်ကလာတာလဲ'

'ဆိုင်ကပြန်လာတာ၊ မင်းကို ချိန်းချင်လို့ထွက်လာတာ၊ ရေမချိုးရသေးဘူး အိုက်စပ်စပ်ကြီး စက်ဘီးနင်းတော့ ချွေးကိုပြန်ရော'

စက်ဘီးပါလာသည်ကို စဉ်းစားမိ၏။

စက်ဘီးကို အပြင်မှာထားခဲ့သည်ကိုလည်း သိလိုက်သည်။

'သော့ခတ်ထားလား ပါသွားဦးမယ်'

'မင်းကလဲ ငါက စက်ဘီးကို ဒီအတိုင်းထားပါ့မလား၊ ဒီမှာသော့'

မင်းဇော်က စက်ဘီးသော့ကို ထုတ်ပြသည်။

'ကဲ...ဒါနဲ့နေပါဦး၊ မင်းက ငါ့ကိုချိန်းဖို့လာရအောင် ဘာကိစ္စရှိလို့လဲ'

'မင်းနဲ့ တိုင်ပင်စရာရှိလို့ကွ၊ ငါမသွားချင်တဲ့ ကိစ္စတစ်ခု ပေါ်ကွာ'

'ဘာကိုလဲ ဦးနှောက်ခြောက်မယ့်ကိစ္စဆိုရင်တော့ ခဏထားဦးကွာ၊ ငါ့မှာ သကြန်အလည်ကောင်းလို့ နားထဲရေဝင်လားမသိပါဘူး၊ တစ်ဖက်ပိတ်နေတယ် ဆေးသောက်တာလဲမရဘူး၊ အဲဒါ နက်ဖြန်ဆေးခန်းသွားပြမလို့'

'ဒီလိုဆိုလဲ နောက်မှပြောတော့မယ်၊ ဒါနဲ့ မင်းနားကို ဖေဖေ့ကို ပြကြည့်ပါလား'

အတွေးမှာ မင်းဇော် ဖေဖေကိုမြင်လာ၏။

'ဟုတ်သားပဲ၊ ငါမေ့နေတယ်ကွာ၊ အန်ကယ်က နားနှာခေါင်း အထူးကုပဲဟာ'

'ကောင်းတာပေါ့ကွာ၊ မင်းတို့က ရောဂါဖြစ်မှ သတိရတယ်ပေါ့ ဟုတ်လား'

'မရှိ့ပါနဲ့မင်းဇော်ရာ ငါလဲ မှန်ထူနေတာနဲ့ အန်ကယ့်ကို သတိမူရဖြစ်သွားတာပါ'

အားနာသည့် လေသံဖြင့် ပြန်ပြောမှ မင်းဇော်က ရယ်ကျဲကျဲ လုပ်သည်။

'စတာပါကွာ၊ ကဲ....မင်း ငါနဲ့အခုလိုက်ခဲ့၊ အိမ်မှာ ဖေဖေရှိတယ်၊ ပြကြည့်၊ အင်း....မင်းနားကောင်းမှပဲ



ငါပြောချင်တာတွေ ပြောပြတော့မယ်၊ အခုနေတုန်းတော့ မင်းလဲ နားမကြားတာနဲ့ စိတ်ညစ်နေမှာပဲ'

'ဟုတ်တယ် မင်းဇော် နဂိုကြားရတဲ့နားက ပိတ်နေတော့ တစ်ဆို့ဆို့ကြီးဖြစ်ပြီး နေရထိုင်ရတာ စိတ်မသက်သာဘူး၊ အရင်တစ်ခါတုန်းက နားထဲကအောင်တယ်၊ အခု နားထဲကသွေးထွက်တယ်၊ စိတ်ညစ်တယ်ကွာ ကောင်းမှ ကောင်းလာပါတော့မလားမသိဘူး'

'ကဲ....ဒီစကားတွေ ငါ့ရှေ့မှာမပြောနဲ့၊ ငါဘာမှ မလုပ်တတ် မကိုင်တတ်တာ မဟုတ်ဘူး၊ ဖေဖေ့ရှေ့မှာပြော၊ ဖေဖေက အထူးကုကြီးပါကွ၊ မင်းနားကိုဟောသလို လေး ကိုင်လိုက်တာနဲ့ မင်းရောဂါ တစ်ခါတည်း ပျောက်သွားမှာပါ'

အရယ်နှင့်ပြောလာသည့် အားပေးစကား။

'မင်းမေမေကို ပြောပြလိုက်ဦး'

မင်းဇော်နှင့်အတူ အိမ်ပေါ်တက်ပြီး မေမေ့ကို ပြောပြ တော့....

'အားနာစရာကြီးကွယ်'

'ဘာမှ အားနာစရာမလိုပါဘူးအန်တီရာ၊ တခြားသူတွေမှ မဟုတ်တာ'

မေမေ့မျက်နှာမှာ အားနာမှုတွေနှင့်အတူ ဝမ်းသာမှုတွေလဲ ရှိနေပါ၏။

မင်းဇော်နှင့်အတူ လိုက်ဖြစ်ခဲ့သည်။

*　*　*

အန်ကယ် တင့်ဇော်က မှန်အဝိုင်းပြားကို အလယ်မှာ အပေါက်ပါသော ကြိုးတပ်ထားသည့် အစွပ်ကြီးကို ခေါင်းမှာ စွပ်သည်။

ပြီးတော့ မီးအိမ်မှ အလင်းရောင်ဖြင့် သူ့နားကိုကြည့်သည်။ ခေါင်းမှာတပ်ထားသော မှန်မှတဆင့် အလင်းရောင်ကို အားပြုထားပါ၏။

သူ့ကို ဘေးစောင်းထားပြီး လင်ပန်းထဲတွင် ထည့်ထားသော သံချွန်ရှည်ရှည်ဖြင့် ထိုးကြည့်သည်။

သူ့နား ချက်ချင်းပွင့်သွားသကဲ့သို့ ခံစားလိုက်ရ၏။

ပြီးတော့ ဂွမ်းနှင့် နားထဲကိုထိုးပြီး သံချွန်နှင့်မွှေလိုက်သည်။



နားထဲမှာ ရှင်းသွားသလို ခံစားရပြန်၏။

အန်ကယ် တင့်ဇော်က နားနှင့်ပတ်သက်သည့် ပစ္စည်းကိရိယာတွေချပြီး ဗီရိုထဲမှ ဆေးပုလင်းတစ်ခုယူသည်။ နောက် ဆေးကို သူ့နားထဲထည့်သည်။

ဆေးကအရည်။

ဆေးဝင်သွားခိုက် ပူနွေးသွားတာ သတိထားမိလိုက်သည်။

သည့်နောက် ဂွမ်းယူပြီးနားထဲကို ထည့်ထားပေးသည်။ အားလုံးပြီးစီးသွားချိန်က ဆယ်မိနစ်လောက်ပါပဲ။

'မင်းနားထဲမှာ အနာဖြစ်နေတာကွ၊ နဂိုအနာရှိတာကို အနာထပ်ပေါက်တာ အဲဒီတော့ပြည်ကထွက်၊ သွေးအထွက်ပေါ့၊ အန်ကယ် ဆေးပေးလိုက်မယ်၊ သေသေချာချာတော့သောက်၊နောက်တစ်ခါလာလိုက်ရင်တော့ ပျောက်လောက်ပါတယ်၊ ဆေးကနည်းနည်းများမယ် နော်'

စကားကိုနားထောင်ရင်း မျက်နှာကိုကြည့်နေမိသည်။

အစ်ကိုဆိုသည့် အရည်အချင်းနှင့်အညီ ကိုင်တွယ်ပုံက ညင်သာသက်လုံလွန်းပါသည်။

'ဒီကောင် ရေကူးသင်တန်းတက်တုန်းက တစ်ခါဖြစ်ဖူးသေးတယ် ဖေဖေ၊ အခုဖြစ်တာ ဒုတိယအကြိမ်ပဲ'

သူ့ဘေးမှာရပ်နေသည့် မင်းဇော်ကဝင်ပြောသည်။

အန်ကယ် တင့်ဇော်က ဩော်....ဟု ပြောပြီး ဆေး တွေ ထည့်နေ၏။

'အမ်ပက်စလင်က တစ်နေ့လေးကြိမ် ထေ့နာရီခြား၊ ပါရာစီတမော့ကလဲ ဒီအတိုင်းပဲ၊ မင်းနားကိုက်မှာစိုးလို့ ပြင်းတော့ပြင်းတယ်၊ ဘာဒ်မီတွန်က တစ်နေ့နှစ်လုံးပဲ သောက်၊ ကီးမိုစ်လဲလေးကြိမ်ပဲ၊ ကဲ....ရပြီ ဘာမှ စိတ်ညစ်မနေနဲ့၊ ကောင်းသွားမှာပါကွ၊ အနာရှိရင် ဆေးရှိမှာပေါ့'

'အန်ကယ်'

အသံက တိုးသြင်းနေ၏။

'ဘာ ဲ မောင်ရဲမင်းသူ'

'ဟို....ဟိုလေ....'

'မင်းပြောမှာ ဆေးဖိုးဝါးခလား မလိုပါဘူးကွာ၊ စေတနာဆိုတာ အသပြာယူတာထက် သန့်ပါတယ်'



'ကျွန်တော် အရမ်းအားနာတယ် အန်ကယ်၊ မေမေဆာလဲ အရမ်းအားနာနေပါတယ်'

အန်ကယ် တင့်ဇော်က နှစ်လိုစွာပြုံးသည်။

'မင်းဖေဖေနဲ့အန်ကယ်က ရင်းနှီးတယ်၊ အန်ကယ့်သားနဲ့ မင်းနဲ့က သူငယ်ချင်း၊ ဒီနေရာမှာ စေတနာမေတ္တာကိုပဲ လမ်းခင်းပေးရမှာပေါ့ မောင်ရဲမင်းသူရယ်'

'ကျွန်တော် သဘောပေါက်ပါပြီ အန်ကယ်'

အန်ကယ်တင့်ဇော်က ပခုံးကိုဆုပ်ဖက်ဖျစ်ညှစ်သည်။

မင်းဇော်ကတော့ ရယ်ရယ်ပြုံးပြုံးပါ။

ပြန်တော့ မင်းဇော်က အိမ်ထိလိုက်ပို့ပေးမည်ပြောသည်။

'ရတယ် မင်းဇော်၊ အင်း....မင်းတို့မိသားစုရဲ့ ကျေးဇူးတွေကတော့ ကြီးလှပါပြီကွာ'

'ကျေးဇူးဆိုတဲ့စကားကြီးကို ထည့်မပြောစမ်းပါနဲ့ကွာ၊ ကူညီရတာကို ဖေဖေကလဲ ကျေနပ်တယ်၊ ငါကလဲ ဝမ်းသာတယ်'

လမ်းထိပ်ထိလိုက်ပို့သည်။

'မင်းလဲ ဆေးသောက်ပြီး အေးအေးဆေးဆေး အနား ယူလိုက်ဦး၊ ငါပြောချင်တာတွေ နောက်မှပြောတော့ မယ်၊ ငါပြောတဲ့အချိန်မှာ မင်း နားကောင်းနေဖို့ပဲ လိုတယ် ရဲမင်းသူ'

'မင်း ဒီလောက်ပျောချင်နေတာ အခုပြော၊ အေးအေး ဆေးဆေးမှတွေ့ဘာတွေ လုပ်မနေနဲ့'

မင်းဇော်က တောက်တောက်ပပြုံးသည်။

'ရပါတယ်ကွာ၊ နောက်မှပါ၊ ပြီးတော့ မင်းဆီက အကူ အညီတောင်းရမှာ'

'စဉ်းစားရမယ်'

'ဘာလဲ မင်းက အကူအညီမပေးဘူးပေါ့'

'ဟားဟား....စဉ်းစားရမယ်ဆိုတာက အကူအညီကို ရှာကြံပေးနိုင်ဖို့ စဉ်းစားရမယ်လို ပြောတာပါကွ'

နှစ်ယောက်သား လွတ်လပ်စွာရယ်ဖြစ်ကြ၏။

'ငါက မင်းကျေးဇူးဘွေ့ ဆပ်ချင်နေတာ၊မင်း ဘာပြော ပြော ငါတတ်နိုင်သလောက် လုပ်ပေးဖို့အသင့်ပဲ'

'ဘာလဲကွ၊ ဘာကျေးဇူးလဲ'

'အများကြီးပါသေ၊ မင်း ငါ့ကို အကူညီပေးခဲ့တာ အများကြီးပါ'

မင်းဇော်က ရယ်သည်။



'ဒါများကွာ.... ကျေးဇူးစာရင်းထဲ ထည့်မနေစမ်းပါနဲ့ သူငယ်ချင်း အပေါင်းအသင်းဆိုတာ တစ်ယောက်နဲ့ တစ်ယောက် တတ်နိုင်သမျှ စွမ်းနိုင်သမျှကူညီကြရမှာပဲ'

'မဟုတ်ဘူးလေကွာ၊ ကျေးဇူးပြုသူကပြုရင် အတင်ခံရ သူက နားလည်မှ ကျေးဇူးရှင်ကို ကျေးဇူးရှင်မှန်း သိတော့ ပိုကောင်းတာပေါ့၊ ကူညီတယ်ဆိုတာလဲ ကျေးဇူးတရားနဲ့တော့ ဆက်နွယ်နေတာပဲလေကွာ'

'အေးပါ....ထားပါတော့၊ ကဲ....သွားတော့၊ နောက် တစ်ခေါက်လာမှပဲ့ရင်ထဲကစကားတွေကိုမင်းကိုပြောပြ တော့မယ်'

လှည့်ထွက်ခဲ့သည်။

ရဲမင်းသူ ဆေးမှန်မှန်သောက်နော်ဟု လှမ်းအော်သောအသံ ကြောင့် လှည့်ကြည့်ပြီး ခေါင်းညိတ်ပြုံးပြလိုက်သည်။

အပြန်လမ်းတစ်လျှောက်မှာ အတွေးတွေကတော့ ဇွေ သည်။

ရင်ထဲက စကားတွေတဲ့။

မင်းဇော်ရင်ထဲမှာ မိမိကိုပြောဖို့ ဘာစကားတွေများ ရှိနေ ပါလိမ့်။

☆

(၁၈)

‘ဘောဒေဝပုတ္တ၊ အို...နတ်သား၊ ဂါရဝေါစ – ရှိသေထိုက်သောသူတို့ကို ရှိသေရခြင်းသည် လည်းကောင်း။ နိဝါတောစ – မိမိကိုယ်ကို နှိမ့်ချရခြင်းသည် လည်းကောင်း။ သန္တုဋ္ဌီစ – ရောင့်ရဲလွယ်ခြင်းသည် လည်းကောင်း။ ကတညုတာစ–သူပြုဖူးသောကျေးဇူးကိုသိရခြင်းသည် လည်းကောင်း။ ကာလေန–သင့်တင့်လျောက်ပတ်သောအခါ၌။ ဓမ္မဿဝဏဉ္စ – သူတော်ကောင်း

တရားကို နာရခြင်းသည် လည်းကောင်း။ အတ္တိ-ရှိ၏။ တော်-ကျင်ပါးပါးသောတရားသည်လျှင်။ ဥတ္တမံ-မြတ်စွာ သော။ မင်္ဂလံ-မင်္ဂလာမည်၏။ ဟူ၍ တွ-သင်နုတ်သား သည်။ ဂဏှာဟိ-မှတ်လေလော့'

'အဲဒါ ဘာလဲ မေမေ'

'မင်္ဂလသုတ်အနက်မှာပါတာလေ၊ သားတို့ဗုဒ္ဓဘာသာ သင်တန်းတွေ တက်ရရင် သင်ရလိမ့်မယ်၊ အခု မေမေ ဖတ်ပြတာ အဲ့ဒီ မင်္ဂလသုတ်ထဲက တစ်ပိုဒ်ပေါ့ သားရဲ့'

အိမ်ရှေ့မှာ မေမေနှင့် ကိုယ်တို့ စကားပြောသံကြား၍ ရဲမှင်းသူ နားစွင့်ထားလိုက်သည်။

ခုနက ကိုယ် အလိမ္မာပုံပြင်များစာအုပ်ဖတ်နေတာ တွေ့ သည်။

ပုံပြင်ထဲက သူ မရှင်းသည့်အကြောင်းရာဆိုလျှင် မေမေ့ကို မေးနေကျ၊ အခုလည်း ကျေးဇူးကန်းသောမုဆိုးအကြောင်း ဖတ်ပြီး မေမေ့ကို မေးနေတာကို စောကတည်းကကြားသည်။

ကျေးဇူးသိရင် ဘာဖြစ်လဲလို့ သူမေးတော့ မေမေက မင်္ဂလ သုတ် စာအုပ်ကိုယူပြီး ထိုအပိုဒ်ကို ရွတ်ပြခြင်းဖြစ်သည်။



'မင်္ဂလာမည်၏ဆိုတာ ဘာလဲမေမေ'

ကိုယ်၏မေးသံကို ဆက်ကြားရသည်။

'ကောင်းမှုအပေါင်းနဲ့ ပြည့်စုံနေတာကို ခေါ်တာပေါ့ သားရယ်၊ သား နားလည်အောင်ပြောရရင် သားတို့ ကျောင်းမှာ ဆရာမနဲ့တွေ့ရင် ဘယ်လိုနှုတ်ဆက်လဲ'

'မင်္ဂလာပါ ဆရာမလို့ နှုတ်ဆက်တာပေါ့'

'အေး....အဲဒါ ဆရာမနဲ့ ကောင်းသောတွေ့ခြင်းနဲ့တွေ့လို့ နှုတ်ဆက်တာပေါ့၊ ကောင်းမှုနဲ့ ပတ်သက်လာရင် မင်္ဂလာဆိုတာကို သုံးတယ်၊ မကောင်းမှုကျတော့ အမင်္ဂလာနဲ့သုံးတယ်၊ မှတ်ထားနော်၊ အခု အမင်္ဂလာ မည်တယ်လို့ပြောတာက ခုနက မေမေရွတ်ပြသွားတဲ့ အတိုင်း လိုက်နာရင် သားတို့အဖို့ အကျိုးရှိမယ်လို့ ပြောတာပေါ့'

မေမေ့စကားအဆုံး အိမ်ရှေ့ကို သူထွက်လိုက်သည်။

ဆေးသောက်ဖို့စဉ်းစားမိပြီး ဆေးယူတော့ ဆေးကုန်နေဆို ကုန်ပြီဟု သိလိုက်၏။

ရေအိုးစင်ဆီ ရေသွားခပ်တော့ ကိုယ်က လှမ်းနောက် သည်။

'ကိုကြီး....ဒီမင်္ဂလာသတ်ထဲကအတိုင်းနေရဲ့လား၊ နေနိုင်
အောင် ကြိုးစားနော်'

ပြုံးပြီးပြောနေသော ကိုယ်ကိုကြည့်ရင်း ဆေးသောက်
လိုက်သည်။

'အေးပါကွာ၊ မနေနိုင်လဲ နေနိုင်အောင် ကြိုးစား
ပါ့မယ်'

ရေခွက်ကိုပြန်ချိတ်ရင်း ပြောလိုက်၏။

ပြီးတော့ ကုလားထိုင်မှာ ဝင်ထိုင်သည်။

'သားက မင်းအစ်ကိုကို ပြောနေတာလား၊ မင်းအစ်ကို
က လိမ္မာပြီးသား၊ မင်းတို့သာ အဲ့ဒီထဲကအတိုင်းနေ....
ကြားလား'

မေမေ့ အခန်း ထဲက ထွက်လာပြီး ကိုယ့်ကို ပြောတော့
ကိုယ်က ခေါင်းညိတ်သည်။

'မေမေ....သား ညနေကျရင် မင်းဇော်ဘို့ခဖခဖဆီ ထ
သွားရမယ်၊ ဆေးက ဒီည ကုန်ပြီ'

'သွားလေ....အင်း....အားနာဖို့ကတော့ အရမ်းကော
နေပြီ၊ သားကို ဂရုတစိုက်ရှိဘယ်ကြားလေ ပိုပြီ
အားနာရလေပါပဲ'

'အန်ကယ်တင့်ဇော်ကတော့ စေတနာ အပြည့်ပါ
မေမေ'

အခန်းထဲပြန်ဝင်ခဲ့သည်။



စာကြည့်စားပွဲမှာထိုင်ပြီး ဒိုင်ယာရီစာအုပ်ကိုလှန်တော့
နွေးနှင့်မတွေ့ရတာကြာပြီကို တွေးမိသည်။

သင်္ကြန်ပြီးရင် လာခဲ့မယ်လို့ပြောတာ နွေး မျှော်နေမှာ
ကတော့ အမှန်ပါပဲ။

မိမိကလည်း မိမိအကြောင်းနှင့်လေ၊ နားပေဒနာရကတည်း
က ဘယ်မှမသွားခဲ့၊ တင်ဝင်းလူနှင့် ငြိမ်းချမ်းလာတော့ သူ့
ရောဂါအကြောင်းပြောဖြစ်သေးသည်။

နွေးကိုတွေ့ချင်ကြောင်းပြောတော့ မင်း အနာပျောက်ရင်
သွားတွေ့ပေါ့ ဆိုသည့်စကားကို ပြောသည်။

မင်းဇော်ကတော့ သူ့ အလာကိုစောင့်နေသည် ထင်၏။

အန်ကယ်တင့်ဇော်ပေးသော ဆေးများက ပြင်းသည်မို့
လူက နုံးနေသည်။

အမ်ပက်စလင်က ဝမ်းသွားသည်မို့ သူ အိမ်ကမခွာရဲတော့၊
လူကမူးပြီး အိပ်ရာထဲလှဲနေတာများသည်။

နေကောင်းရင် နွေးနှင့်တွေ့မည်လို့တွေးပြီး ဒိုင်ယာရီထဲက
နွေးနှင့်ပတ်သက်သမျှ မှတ်ထားတာတွေ ပြန်ဖတ်နေ၏။

အတွေးမှာတော့ အိပ်မက်တစ်ခုနှယ်သာ။

* * *

'ပျောက်သွားပါပြီ၊ အန်ကယ် နောက်ထပ်ပေးမယ့် ဆေးကုန်ရင် ပြစရာမလိုတော့ဘူးရှပြီ'

ညနေရောက်တော့ မင်းဇော်တို့အိမ်သွားသည်။

မင်းဇော် ဆိုင်းကပြန်မရောက်သေးဘူးဟု အန်ကယ်ဘင့်ဇော်ကပြောသည်။

ပြီးတော့ အန်ကယ်ဘင့်ဇော်က သူ့နားသဲကွင်းကိုထုတ်ပြီး အနာကိုကြည့်သည်။ သေချာအောင်စစ်ဆေးပြီး ကောင်းသွားပြီသိရတော့ ရင်မှာ အရမ်းဝမ်းသာသွားရသည်။

အန်ကယ်ဘင့်ဇော်က ဆေးတွေခပ်ပေးပြီး သူ့ကို ဆေးသောက်ချိန်ထပ်မှာ၏။

သည်တစ်ခါတော့ ဆေးတွေလျော့သွားသည်။

'ဆေးက အခုမှထည့်ဘာဆိုတော့ နှစ်သယ်လေးနာရီပြည့်ရင် ထုတ်ပစ်လိုက်နော်'

'ဟုတ်ကဲ့'

'သားကိုစောင့်ဦးမလား'

'မစောင့်တော့ဘူး အန်ကယ်၊ နောက်နေ့တွေ့ဦးမှာပါ'

နှုတ်ဆက်ပြီးပြန်ခဲ့သည်။

စိတ်တစ်ခုလုံး လွတ်လပ်ပေါ့ပါးသလိုလဲ ခံစားနေရပါ၏။

☆

(၁၉)

ထမင်းစားလက်ဆေးပြီး အိမ်ရှေ့ကိုထွက်ခဲ့သည်။

ဆေးသောက်ဖို့ကို သတိရ၏။

ဆေးတွေယူပြီး သောက်ချလိုက်သည်။ ဆေးရှိန်က မပြယ်ချင်သေးသို့သော်လည်း သိပ်တော့မမူး။

'ရဲမင်းသူ....ရဲမင်းသူ'

ခေါ်သံကြား၍ ခြံဝကိုလှမ်းကြည့်တော့ မင်းဇော်ကို ရပ်နေလျက် တွေ့သည်။ ဝင်ခဲ့လေကွာဟုပြောရင်း အိမ်ပေါက်ဝက စောင့်နေလိုက်သည်။

ခြံထဲဝင်သော မြေလမ်းလေးအတိုင်း လျှောက်လာသော မှင်းဇော်ကို ကြည့်နေလိုက်၏။

စတစ်ကာနှင့် တီရှပ်ကိုဝတ်ထားပြီး ဂျင်းဘောင်းဘီနှင့် သူအမြဲစီးနေကျ စပေါ်တီဖိနပ်ကိုလည်း စီးထားသည်။

'ဗွီဒီယိုရိုက်က ပြန်လာတာလား'

'နောက်မနေ့စမ်းပါနဲ့ကွာ၊ ငါက ဒါတွေဝါသနာပါတာ မဟုတ်ဘူး'

'မျက်စိထဲမှာ အရမ်းကြည့်ကောင်းနေလို့'

'လက်ဖက်ရည်ဘိုက်ဖို့ အစီအစဉ်ရှိပြီးသား ဟော့ကောင် သိပ်မြှောက်မနေနဲ့'

အိမ်ပေါ်တက်လေဆိုတော့ မင်းဇော်က လက်ကာပြသည်။

'မင်းကို ပြောစရာရှိဘယ်ဆိုတဲ့ကိစ္စ ဒီညပြောမလို့ကွ၊ ညနေက မင်းလာသွားတယ်လို့ ဖေဖေပြောတယ်၊ ဘယ်လိုလဲ နေလို့ထိုင်လို့ ကောင်းသွားပြီမဟုတ်လား'

ခေါင်းကို အသာညိတ်တော့....

'ဝမ်းသာတယ်ကွာ၊ ဒါဆို ငါ့ရင်ထဲက စကားတွေကို မင်းရှင်းရှင်းလင်းလင်း ကြားနိုင်ပါပြီ'



'ငါလဲ နားထောင်ချင်နေတာပါ မင်းဇော်'

နှစ်ယောက်အတူ ခြံထဲမှထွက်သည်။

လမ်းမပေါ် ရောက်တော့....

'ဘယ်သွားထိုင်မလဲ'

'စီးတီးဘွိုင်းသွားထိုင်မယ်လေ၊ ငါပြောချင်တဲ့ စကားတွေက လူရှုပ်ရှုပ်ထွေးထွေးနေရာမှာ ပြောလို့ဖြစ်မှာ မဟုတ်ဘူး'

အတူယှဉ်လျှောက်ရင်း တစ်ဖက်လမ်းမကိုကူးသည်။

ဆိုင်ကိုရောက်တော့ ကွင်းစပ်ကျသော စားပွဲမှာ ဝင်ထိုင်လိုက်ကြ၏။

'လက်ဖက်ရည်နော်'

ခေါင်းကို အသာခါရမ်းပြီး....

'ငါ ကော်ဖီခါးခါးပဲ သောက်ချင်တယ်'

မင်းဇော်က စားပွဲထိုးလေးကို လှမ်းခေါ်သည်။

လက်ဖက်ရည် ချိုပေါ့တစ်ခွက်နှင့် ကော်ဖီခါးခါးတစ်ခွက် မှာသည်။

'ခါတိုင်း မင်းကော်ဖီခါးခါး မသောက်ပါဘူး'

'သည်နေ့မှ သောက်ချင်စိတ်ကဖြစ်တာ၊ ကဲ....ဆိုစမ်းပါဦး၊ မင်းပြောမယ့်စကား'

စကားကို အစဖော်ပေးသည်။

မင်းဇော်က သက်မျှင်းကိုဖွဖွချပြီး၊ မိုးပြင်ကိုမော့ကြည့်လိုက်သည်။

ကွင်းကိုဖြတ်တိုက်လာသည့် လေးအေးကြုံ မြတ်နိုးစွာခံစားရသည်။

'နားထောင်ကွာ'

'နားထောင်နေပါသယ်'

'ငါမိန်းကလေးတစ်ယောက်ကို စွဲစွဲလန်းလန်းနဲ့ကိုချစ်မိနေတယ် ရဲမင်းသူ'

'ဘာများလဲကွာ၊ ယောကျ်ားလေးတစ်ယောက်က မိန်းကလေး တစ်ယောက်ကိုချစ်တာ ဆန်းသလားကွ အေး....ဒါပေမယ့် နည်းနည်းတော့ ဆန်းချင်တယ်'

'ဘာကိုဆန်းချင်တာလဲ'

'မင်းက တစ်ချိန်လုံး ကျောင်းစာနဲ့ နပန်းလုံးနေတဲ့ကောင်၊ စာမေးပွဲပြီးတော့လဲ စီးပွားရေးမှာ စိတ်ကိုနှစ်ထားတယ်၊ အဲ့သလိုကောင်က ချစ်စကားပြောတော့ နည်းနည်းဆန်းနေတယ်ကွာ'



အကြမ်းပန်းကန်ထဲ ရေနွေးငှဲ့ရင်းပြောလိုက်၏။ အိုးကစွပ်လွှန်းသည်ကို သတိထားမိလိုက်၏။

'စွဲစွဲလန်းလန်းချစ်တယ်ဆိုတာက ငါက တစ်ဖက်သတ်စွဲလန်းနေတာပါ ရဲမင်းသူ၊ ဒါကိုသူလဲသိတယ်၊ ဒါပေမယ့် သူ့အရိပ်အယောင်ဝေ့မှာ ငါ့ကိုမလိုလားတဲ့အရိပ်အယောင်တွေပါနေတယ် ရဲမင်းသူ'

ခံစားချက်တွေပါလာသည်ကို သတိထားလိုက်မိသည်။

သူ့အသံ တုန်ခတ်နေသည်ကိုကြည့်ပြီး သူ့ကိုအငေးသားကြည့်နေမိ၏။

သူ့ရင်ထဲရှိတာတွေ ပြောပါစေတော့ဟု ဆုံးဖြတ်ရင်း ဘာမှဝင်မပြောဖြစ်။

သူ့ခံစားမှုစကားပြီးဆုံးမှ အကြံညာဏ်ပေးသင့်တာ ပေးမည်ဟု ဆုံးဖြတ်သည်။

'ငါ ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့တာ မင်းသိပါတယ် ရဲမင်းသူရာ၊ တစ်ချိန်လုံး စာနဲ့နပန်းလုံးနေခဲ့တာ၊ အခုမထင်မှတ်ဘဲတွေ့လိုက်တဲ့ အချိန်လေးမှာ ငါ့စိတ်တွေဘယ်လိုဖြစ်သွားမှန်း မသိဘူးကွာ၊ ငါသူ့ကို တကယ်ချစ်တယ်ဆိုတာတော့ မင်းယုံပေးပါ'

'ငါယုံပေးဖို့ဘက် မင်းချစ်တဲ့ကောင်မလေးက ယုံဖို့အရေးကြီးတယ်လေ'

'သူယုံဖို့အတွက် ငါဖွင့်ပြောဖို့ အခွင့်မသာခဲ့ဘူး'

'နေပါဦး၊ မင်း သူ့ကိုဘယ်မှာတွေ့တာလဲ၊ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်အရွယ်လဲ'

သူ ပင့်သက်ဖွဖွချနေတာတွေ့သည်။

'စာမေးပွဲပြီးကတည်းက ငါ ဆိုင်းလိုက်နေတာ မင်းသိတယ် မဟုတ်လား'

ခေါင်းညိတ်ပြီး ရေနွေးခွက်ကိုစမ်းကြည့်တော့ ပူနေတုန်း။ မင်းဇော်စကားမှာ စိတ်ဝင်စားနေသည်မို့ လက်ဖက်ရည်လာချသွားတာ သတိမထားဖြစ်လိုက်။

'မင်း သတိထားမိချင် ထားမိမှာပါ ရဲခင်းသူ'

မျက်လုံးလှန်ကြည့်လိုက်သည်။

စကားကို နားကမရှင်း။

'ညီအစ်မနှစ်ယောက်ရှိတယ်၊ အမြတ်ခွန်ရှိုးဘေးက လမ်းကလေ'

ရင်မှာ ထိတ်ခနဲဖြစ်သွားဆဲမှာ....



'သူတို့က စတိုးဆိုင်ဖွင့်တယ်၊ ငါ့အစ်ကိုတွေ ဘီယာဘူး၊ အချိုရည်ဘူးဝယ်တာ လိုက်သွားရင်းက တွေ့တာ ရဲမင်းသူ'

'နာမည်က'

'နွေးတဲ့'

ရင်တစ်ခုလုံး လှုပ်ခတ်သွားရသည့်အဖြစ်။

ချောက်ချားခြင်း ဝေဒနာကို ဘဝမှာ စတင်ခံစားရသည့်နေ့လည်းဖြစ်ပါသည်။

မင်းဇော်မျက်နှာကို ငေးကြောင်ကြောင် ကြည့်နေဆဲမှာ နွေးနှင့်သူနှင့် ပတ်သက်သည့်စကားတွေကို မင်းဇော်က ယုံကြည်စိတ်ချစွာပြောနေပါ၏။

'အဲသလိုနဲ့ ခင်မင်မှုကို သူအသိအမှတ်ပြုတယ်လို့ပဲ ပြောရမှာပေါ့၊ ဒါပေမယ့် သူ့အပြုံးတွေက ဟန်ဆောင်အပြုံးတွေမှန်း ငါရိပ်မိတယ်၊ ဒီလိုနဲ့ ငါလဲ နောက်ရက်တွေကျတော့ သူ့ကို အိမ်သွားခေါ် အပြင်မှာတစ်ခုခုထွက်စားမယ်ပြောတော့ သူငါ့ကို ခဏခဏငြင်းတယ်၊ ခေါင်းကိုက်လို့ နေမကောင်းလို့၊ မလိုက်ချင်လို့နဲ့၊ တစ်ခါတစ်ခါတော့လဲ သူငါ့ကို အားနာတယ်ထင်ပါရဲ့လေ၊ မဝံ့မရဲနဲ့ လိုက်ရှာပါတယ်၊ အဲဒီအချိန်မှာ ငါ

ဘယ်လောက်ပျော်နေမယ်ဆိုတာ မင်း စဉ်းစားကြည့်ကွာ၊ ငါက သူနဲ့စကားပြောနေရရင် သူ့အသံကြားနေရရင် ကျေနပ်နေတဲ့ကောင် မဟုတ်လား'

စကားလုံးတွေက ရင်ထဲသို့ ပူပြင်းစွာစီးဝင်သည်။

'သူ့မှာ ဦးသူရှိမယ်လဲ ငါမထင်ဘူး၊ သွားတိုင်း အိမ်မှာ ချည်းပဲတွေ့တယ်၊ အခု ငါမင်းကိုယ်တိုင်ပင်တာက ငါ သူ့ကို ဘယ်လိုဖွင့်ပြောရင် ကောင်းမလဲလို့ တိုင်ပင်တာ'

ပြောပြီး သူက မျက်နှာကိုလှမ်းကြည့်သည်။

ပျက်ချင်နေသည့်ရုပ်ကို ချက်ချင်းထိန်းသိမ်းလိုက်ပါ၏။

'မင်း ဘယ်လိုလုပ်ချင်လို့လဲ'

အသံကိုထိန်းပြီးပြောသည်။

မင်းဇော်က စဉ်းစားဟန်ပြုပြီး....

'စကားနဲ့ ဖွင့်ပြောဖို့တော့ ငါမရဲဘူး၊ စာဆိုရင်တော့ နွယ်နွယ့်ကို ပေးခိုင်းလိုက်ရင်ရတယ်'

'ဒါဆို ရေးပြီးပေးလိုက်လေ'

'ပြဿနာပါပဲ၊ အားကိုးရမလားလို့ ခေါ်တိုင်ပင်တာ မင်းဟာက ခေါင်းပဲညိတ်နေတာပဲ၊ ငါက ရည်းစားစာမှ



မရေးတတ်တာ၊ မင်းကိုကျွမ်းကျင်မယ်လို့ထင်တယ်ကွာ၊ ငါ့ကိုကူညီပါဦး'

အသက်ရှူပင် မှားချင်လာ၏။

မိမိအသက်နှင့် ထပ်တူချစ်မြတ်နိုးရသော မိန်းကလေး တစ်ယောက်ကို မိမိ၏သူငယ်ချင်း မိမိဘ၀တက်လမ်းအတွက် အကူညီပေးထားသူ၊ ကျေးဇူးရှိသူ သူငယ်ချင်းက ချစ်ပါသည်ဟု မိမိရှေ့တွင်ပြောပြီး ထိုမိန်းကလေးကို ချစ်သည့်အကြောင်း စာရေးပေးဖို့ ပြောလာသည့်အခါ ရင်ထဲမှာ နေဆယ်စဝ်းလင်းသည်ထက် ဆိုးမည်ထင်ပါ၏။

ရင်တစ်ခုလုံးက တကယ့်ကို တည်ငြိမ်းခြင်းမရှိတော့။

သူငယ်ချင်း၏ ကျေးဇူးတရား....

နွေးကိုချစ်သည့် မေတ္တာတရား....

သည်နှစ်ဘက်ကြားမှာ သူ့ကို သံယောဇဉ်ကြိုးတွေနှင့် ရစ်သွယ်၍ ဆွဲခေါ်နေကြသည်။

အတွေးမှာပေါ်လာသည့် နွေးပုံရိပ်....

ပြီးတော့ မင်းဇော်၏ စေတနာ၊ မင်းဇော်ဖေဖေ၏ မေတ္တာသည်အရာတွေအတွက် နှလုံးသားကို နင်းချေပစ်ရမည်လား။

အတွေးနှင့် ဇောချွေးတွေကပြန်လာ၏။

မင်းဇော် မျက်နှာကို ရဲမင်းသူ ခပ်တွေတွေလေးကြည့်သည်။

မိမိအပေါ် ကောင်းခဲ့သည့် သူငယ်ချင်း....

အို....ဒီသူငယ်ချင်းအတွက် နှလုံးသားကို ဘာလို့မထုခွဲရဲရမှာလဲ။

ရဲမင်းသူ ဆုံးဖြတ်ချက်ကို ခိုင်မာစွာချလိုက်ပါ၏။

'ရဲမင်းသူ'

'ဟင်'

'မင်း ဘာတွေစဉ်းစားနေတာလဲ'

သတိကို ပြန်လည်စုစည်းသည်။

'မင်းကိစ္စအတွက် စဉ်းစားနေတာပါ'

'အဲသလိုလုပ်စမ်းပါ သူငယ်ချင်းရေ၊ ငါ့မှာ အရင်းနှီးဆုံးသူငယ်ချင်းဆိုလို့ မင်းပဲရှိတယ်ဆိုတာ မင်းသိပါတယ်'

'မင်း ဘာမှမပူနဲ့၊ မင်းရင်ထဲက စကားတွေကို ငါကိုယ်တိုင် စားရေးပေးမယ်၊ မင်းပြန်ကူးပေါ့'

'ငါ ဘယ်တော့လောက်လာယူရမလဲ'



စကားတွေက ကြားတစ်ချက် မကြားတစ်ချက်ဖြစ်လာသည်။

အတွေးမှာ စွန့်လွှတ်ရတော့မယ်ဆိုတဲ့အသိနဲ့ တုန်လှုပ်စိတ်တွေဖြစ်နေ၏။

လူက မိုက်ခနဲဖြစ်ပြီး ယိုင်ချင်သွားသည်။

'ရဲမင်းသူ၊ ဘယ်လိုဖြစ်တာလဲ'

မင်းဇော်က လက်မောင်းကို ဆုပ်ကိုင်ထားသည်။

'ဆေးသောက်ထားလို့ နုံးနေတာ၊ ရပါတယ် ငါ သည်လိုပဲ မူးခနဲမိုက်ခနဲဖြစ်တတ်တယ်'

'မင်း အားမျှားနည်းနေလား'

နှလုံးအားအားနည်းတာပါ သူငယ်ချင်းရာဆိုသည့် စကားကိုတော့ စိတ်ကပြောလိုက်မိပါ၏။

'စာကို မင်း သက်တောင့်သက်သာဖြစ်မှရေးကွာ၊ လာလာပြန်မယ် မင်း အိမ်ပြန်ပြီးမှေးနေဖို့ လိုအပ်နေပြီ'

မင်းဇော်က လက်ဖက်ချည်ဖိုးကို ကပျာကယာရှင်းသည်။

ထိုင်ရာက ရဲမင်းသူ မထနိုင်သေး။ လူတစ်ကိုယ်လုံး ဝန်ထုပ်ဝန်ပိုးတွေ ဖိစီးနေသကဲ့သို့ ဝေဒနာတွေက ရင်ထဲမှာ တည်နေပြီပဲ။

လက်မောင်းကိုဆွဲမမှ ထိုင်ရာမှထဖြစ်သည်။

အိမ်အပြန်လမ်းမှာ ခြေလှမ်းတွေက လေးလံနေ၏။

ဩြ်....နွေးရယ်။

ဝေဒနာကို စတင်ခံစားနေရပြီဆိုတာ နားလည်လိုက်တယ်။

☆

(၂၀)

'ဘာပြောဘယ်၊ မင်းဇော်က နွေးကို ခာပေးဖို့ မင်းက ရေးပေးမယ် ဟုတ်လား'

ပြန်ပြောဖြစ်သည့် စကားများအပေါ်မှာ တပ်ခင်းလူနှင့် ငြိမ်းချမ်း အံ့အံ့သြသြဖြစ်နေသည်။

ရဲမင်းသူမျက်နှာကိုလည်း စေ့စေ့ကြည့်ပြီး မေးပါ၏။

'ဟုတ်တယ်၊ ငါကိုယ်တိုင် ပြောလိုက်တာပဲ၊ ငါရေးပေးမယ်လို့'

'နေပါဦး....မင်းက ဘာလို့ အဲ့ဒီကောင်ကို လိုက်လျော
နေရတာလဲ၊ နွေးကို မင်း ဘယ်လောက်အထိချစ်တယ်
ဆိုတာ ငါတို့အသိပဲ ရဲမင်းသူ၊ မင်းဇော်ကူညီလို့ မင်း
ကျူရှင်အလကားတက်ရတယ်ဆိုတာလဲ ငါတို့သိတာပဲ၊
မင်းဇော့်အဖေ ကျေးဇူးတွေ မင်းတို့ဆီမှာ ရှိတာလဲ
ငါတို့အသိပဲ၊ အဲဒီကျေးဇူးတွေအတွက် မင်း ကျေးဇူး
ဆပ်ပါ၊ မဆပ်ပါနဲ့လို့ ငါ မပြောပါဘူး၊ ဒါပေမယ်
ကွာ.... တခြားကိစ္စမျိုးနဲ့သာ တင်ထားတဲ့ကျေးဇူးကို
ဆပ်ပါရဲမင်းသူရာ၊ မင်းပဲ နွေးကို တစ်နှစ်လုံးဒုက္ခခံပြီး
စောင့်လာတာမဟုတ်လား၊အခု သူ့ဆီကအဖြေတော
မရသေးဘူး၊ စွန့်လွှတ်ရတော့မယ်ဆိုတော့ မင်းဟာက
သိပ်အဓိပ္ပာယ်မရှိပါဘူး၊ မင်းဆုံးဖြတ်ချက်ကို လူတ
သာသိရင် ဘယ်လောက်ဟားမလဲ'

'ကျေးဇူးဆိုတာ ပြန်ဆပ်ခွင့်ကြုံမှ ဆပ်လို့ရတာလို့ ငါ
ထင်တယ်လေ၊ ငါ နွေးကိုစွန့်လွှတ်လိုက်လို့ ခံစားရမ
ဒုက္ခက ကြာရင် ပျောက်သွားမှာပါကွာ၊ မင်းဇော်
ထားခဲ့ပြီး ငါ နွေးကို လက်တွဲဖို့ကျတော့ မဖြစ်သင့်ဘ
လို့ ငါထင်တယ်လေ၊ မင်းဇော်က ငါ့ကို ဘယ်လိုထ
သွားမလဲ'

'ဘယ်လိုထင်ထင်ကွာ၊ သူနဲ့မင်းနဲ့ နွေးကို ဘယ်
အရင်တွေ့တာလဲ၊ မင်းတွေ့လို့ မင်းကြိုက်တယ်၊
ဘာဖြစ်လို့'



ဖြတ်ဝင်လာသည့် ငြိမ်းချမ်းစကား။

ရဲမင်းသူက ခေါင်းကိုခါသည်။

'မဟုတ်သေးဘူးကွာ၊ အေးလေ....မင်းတို့က ကျေးဇူး အတင်ခံရမယ့်သူမှမရှိသေးတာ၊ ငါ့ဘက်ကိုလဲ ထည့် တွက်ဦးလေ၊ ငါလဲ နွေးကို ဘယ်စွန့်လွှတ်ချင်မှာလဲ၊ နွေးဆီကအဖြေကို ရနိုင်တာပဲ'

တင်ဝင်းလူနှင့် ငြိမ်းချမ်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ခေါင်းခါကြသည်။

'မင်းဇော်ကို လိုက်လျောရဲတဲ့ကိစ္စကတော့ မင်းကို တို့ တော်တော်အံ့ဩတယ် ရဲမင်းသူ၊ တကယ်ဆို မင်းဇော် ပြောတုန်းက ပြောလိုက်ပါလားကွ၊ အဲ့ဒါ ငါ့ အမျိုး သမီးလို့'

'နွေးအချစ်ကို မရသေးဘဲနဲ့ ပြောရင် နွေးသိက္ခာကို စော်ကားသလိုဖြစ်နေမှာပေါ့ကွ'

'ထားပါတော့၊ မင်းက အခုမပြောပါဘူးတဲ့၊ မင်းဇော် ရဲ့ သူငယ်ချင်း နွယ်နွယ်က မင်းနဲ့ နွေးအကြောင်း ပြန် ပြောပါပြီတဲ့၊ ဘယ်လိုလုပ်မလဲ'

'နေပါဦး....မင်းက ဘာလို့ အဲ့ဒီကောင်ကို လိုက်လျော နေရဘာလဲ၊ နွေးကို မင်း ဘယ်လောက်အထိချစ်တယ် ဆိုတာ ငါတို့အသိပဲ ရဲမင်းသူ၊ မင်းဇော်ကူညီလို့ မင်း ကျူရှင်အလကားတက်ရတယ်ဆိုတာလဲ ငါတို့သိတာပဲ၊ မင်းဇော့်အဖေ ကျေးဇူးတွေ မင်းတို့ဆီမှာ ရှိတာလဲ ငါတို့အသိပဲ၊ အဲဒီကျေးဇူးတွေအတွက် မင်း ကျေးဇူး ဆပ်ပါ၊ မဆပ်ပါနဲ့လို့ ငါ မပြောပါဘူး၊ ဒါပေမယ် ကွာ.... တခြားဘိစ္စမျိုးနဲ့သာ တင်ထားတဲ့ကျေးဇူးကို ဆပ်ပါရဲမင်းသူရာ၊ မင်းပဲ နွေးကို တစ်နှစ်လုံးဒုက္ခခံပြီး စောင့်လာတာမဟုတ်လား၊အခု သူ့ဆီကအဖြေတော မရသေးဘူး၊ စွန့်လွှတ်ရတော့မယ်ဆိုတော့ မင်းဟာက သိပ်အဓိပ္ပာယ်မရှိပါဘူး၊ မင်းဆုံးဖြတ်ချက်ကို လူတွေ သာသိရင် ဘယ်လောက်ဟားမလဲ'

'ကျေးဇူးဆိုတာ ပြန်ဆပ်ခွင့်ကြုံမှ ဆပ်လို့ရတာလို့ ငါ ထင်တယ်လေ၊ ငါနွေးကိုစွန့်လွှတ်လိုက်လို့ ခံစားရမယ် ဒုက္ခက ကြာရင် ပျောက်သွားမှာပါကွာ၊ မင်းဇော်က ထားခဲ့ပြီး ငါ နွေးကို လက်တွဲဖို့ကျတော့ မဖြစ်သင့်ဘူ လို့ ငါထင်တယ်လေ၊ မင်းဇော်က ငါ့ကို ဘယ်လိုထ သွားမလဲ'

'ဘယ်လိုထင်ထင်ကွာ၊ သူနဲ့မင်းနဲ့ နွေးကို ဘယ် အရင်တွေ့တာလဲ၊ မင်းတွေ့လို့ မင်းကြိုက်တယ်၊ ဒ ဘာဖြစ်လဲ'



ဖြတ်ဝင်လာသည့် ငြိမ်းချမ်းစကား။

ရဲမင်းသူက ခေါင်းကိုခါသည်။

'မဟုတ်သေးဘူးကွာ၊ အေးလေ...မင်းတို့က ကျေးဇူး အတင်ခံရမယ့်သူမှမရှိသေးတာ၊ ငါ့ဘက်ကိုလဲ ထည့် တွက်ဦးလေ၊ ငါလဲ နွေးကို ဘယ်စွန့်လွှတ်ချင်မှာလဲ၊ နွေးဆီကအဖြေကို ရနိုင်တာပဲ'

တင်ဝင်းလူနှင့် ငြိမ်းချမ်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ခေါင်းခါကြသည်။

'မင်းဇော်ကို လိုက်လျောရဲတဲ့ကိစ္စကတော့ မင်းကို တို့ တော်တော်အံ့သြတယ် ရဲမင်းသူ၊ တကယ်ဆို မင်းဇော် ပြောတုန်းက ပြောလိုက်ပါလားကွ၊ အဲ့ဒါ ငါ့ အမျိုး သမီးလို့'

'နွေးအချစ်ကို မရသေးဘဲနဲ့ ပြောရင် နွေးသိက္ခာကို စော်ကားသလိုဖြစ်နေမှာပေါ့ကွ'

'ထားပါတော့၊ မင်းက အခုမပြောပါဘူးတဲ့၊ မင်းဇော် ရဲ့ သူငယ်ချင်း နွယ်နွယ်က မင်းနဲ့ နွေးအကြောင်း ပြန် ပြောပါပြီတဲ့၊ ဘယ်လိုလုပ်မလဲ'

'မပြောပါစေနဲ့လို့ ဆုတောင်းနေရမှာပဲ၊ ပြောမိသွားရင်လဲ နောင်ဖြစ်လာမယ့်ပြဿနာကို ရင်ဆိုင်ရှင်းလိုက်ရုံပဲပေါ့ကွာ'

'မင်း စကားကိုသွယ်သွယ်မပြောနဲ့ ရဲမင်းသူ၊ နေပါဦး.... မင်းက စာကိုဘာကြောင့်ရေးပေးမှာလား'

တင်ဝင်းလူစကားကို ဖြေဖို့ အနည်းငယ်ဆွံ့အသလို ဖြစ်သွား၏။

'မင်းဇော် စိတ်ချမ်းသာဖို့ ရေးပေးမယ်ပြောခဲ့တာ၊ တကယ်ဆို ငါ ဘယ်ရေးချင်ပါ့မလဲကွာ၊ ငါပြောပြီးပြီပဲ၊ နွေးကို ငါ စွန့်လွှတ်ဖို့မရဲဘူး၊ တင်ဝင်းလူ၊ မင်းဇော်ကို ငါနောက်ဆုတ်ပေးတာလဲ ငါ့အာနဲ့ နွေးကို ခေါ်လို့မဖြစ်လို့ပါ၊ မင်းဇော်နဲ့သူ လက်တွဲသွားနိုင်ရင် နွေးဘဝ အေးချမ်းငြိမ်းချမ်းမှာပါ၊ ငါနဲ့ဆိုရင် သူ့ဘဝ ဘယ်လိုမှ သက်သက်သာသာနေရမှာ မဟုတ်ဘူးလေ'

'မင်း ဒီစကားပြောလာတော့ ငါက မင်းကို မေးရမယ်'

တင်ဝင်းက မျက်နှာကျက်သန်းနေသည်။



'မေးကွာ'

'ဒါဖြင့်ရင် မင်း ဘာလို့ ချစ်တယ်ဆိုတဲ့စကား နွေးကို ပြောရတာလဲ'

'အစက ဒီလိုဖြစ်လာမယ်မှန်းသိရင် ဘယ်ဖွင့်ပြောခဲ့မှာလဲကွာ၊ ငါလဲ မျိုသိပ်ဖို့ ကြိုးစားခဲ့သေးတာပဲ၊ ဒါပေမယ့် မင်းပြောသလိုပေါ့ နီးနေတော့သံယောဇဉ်က ပိုတွယ်ပြီး ဖွင့်ပြောဖြစ်ခဲ့တာ၊ တကယ်လဲ ချစ်ခဲ့တာပဲလေ'

အေးစက်နေသော လက်ဖက်ရည်ကို ငုံသောက်လိုက်သည်။ သည် လက်ဖက်ရည်ဆိုင်မှာ နွေးနှင့် ပတ်သက်သော အကြောင်းစကားတွေပြောရတာ ခဏခဏပါပဲ၊ ဘဝခရီးအတွက် စကားတွေလည်း သည်လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းတွေနဲ့ ပြောဖြစ်ခဲ့တာပါပဲလေ။

'နေပါဦး....မင်းအိမ်က မင်းကို ကျောင်းဆက်မထားနိုင်တော့လို့လား ဟင်၊ မင်းက အသက်မွေးဝမ်းကျောင်းတစ်ခုခုရပါပြီတဲ့၊ မင်း ကြိုးစားရင် ဖြစ်လာမှာပေါ့'

'ကျောင်းလဲ ဆက်ထားနိုင်ပါတယ်၊ ဒါပေမယ့် နဂိုကတည်းက ချမ်းသာတဲ့သူနဲ့ ဘဝကို ရုန်းကန်ရမယ့် သူနဲ့ကျတော့ အနေအထားချင်းကွာတယ်လေကွာ'

‘မင်းရဲ့ ပင်ကိုစိတ်ထားကိုက အားလျော့တတ်တာပဲ ရဲမင်းသူ၊ မင်းဇော်ကို လိုက်လျောတာလဲ မင်းရဲ့ ပျော့ညံ့မှုတစ်ခုပဲလို့ ငါထင်တယ်’

တင်ဝင်းလှ၏ အပြစ်တင်စကား။

ပျော့ညံ့တာမဟုတ်ပါဘူးကွာ၊ ချစ်သူအတွက် ပြတ်သားရဲတာ၊ ချစ်သူဘဝအေးချမ်းဖို့ စွန့်လွှတ်ရဲတာပါဆိုသည့်စကားကိုတော့ စိတ်ထဲကပြောမိသည်။

‘ငါ အရင်လို ပျော့ညံ့စိတ်တို့ အားငယ်တာတို့ မရှိတော့ပါဘူးကွာ၊ ငါ့မှာ မာန်တွေရှိပါတယ်’

‘တကယ်လို့ နွေးက မင်းဇော်ကိုမကြိုက်ဘဲ ချစ်ရေးဆိုထားတဲ့ မင်းကိုပဲ ချစ်ပါတယ်ဆိုရင်ကော’

‘နွေးကို မင်းဇော် စာမပေးခင် ငါ နွေးကိုပြောထားတဲ့ စကားကို ပြန်ရုပ်သိမ်းလိုက်မယ်လေ’

‘ငါတို့တော့ မင်းကို နားလည်ရခက်ပြီ ရဲမင်းသူ’

‘မင်းတို့ အချစ်ဆိုတာကိုတွေ့ တစ်နေ့ ငါ့အပေါ် နားလည်နိုင်ကြမှာပါ’

‘အေးလေ....မင်းဆုံးဖြတ်ချက်နဲ့ မင်းလုပ်တာ ငါတို့ တားတာတောင်မရတော့ ဘယ်တတ်နိုင်မလဲ’

စကားဝိုင်းက တိတ်ဆိတ်သွားသည်။



တင်ဝင်းလှနှင့် ငြိမ်းချမ်းက ကရုဏာဒေါသနှင့် စကားဆိတ်ခြင်းဖြစ်ပါလိမ့်မည်။

မိမိရင်ထဲမှာတော့ မှန်းကျင်ခြင်းများနှင့် ဆိုရန်စကားပင် ပွင့်ထွက်ရန် ခက်ခဲနေ၏။

အတန်ကြာမှ....

‘မင်းဘာသာ ခံနိုင်ရည်ရှိအောင်ကြိုးစားပေါ့ကွာ’

‘ငါ နားလည်ပါတယ်လေ၊ အင်း....အစကတည်းက မတွေ့ခဲ့ မချစ်ခဲ့ရင် ကောင်းမယ်နော်’

‘ဒါကတော့ကွာ၊ မင်းဖြစ်ချင်တိုင်းဖြစ်လို့မှ မရတာ၊ ကံတရားအတိုင်းပဲပေါ့လေ၊ ကဲ....ပြန်ကြမယ်’

လက်ဖက်ရည်ဖိုးရှင်းပြီး သုံးယောက်သား ထပြန်ခဲ့ကြသည်။

ဝေးကွာခြင်းဆိုတဲ့ လမ်းမပေါ်မှာ နွေးနှင့်သူရောက်နေပြီပဲဟု တွေးဖြစ်သည်။

ရင်ထဲမှာတော့ ကျွမ်းမြည်လောင်မြိုက်စွာ ခံစားရပြန်ပါသည်။

* * *

အနုအလှများယှက်သန်းခနေသော သမုဒယလမ်းမှာလျှောက်လှမ်းဖို့ ချစ်သူကိုချစ်တယ်ဆိုတဲ့စကား ပြောထွက်ခဲ့ပါတယ်။

ချစ်သူဘဝရဲ့ဘဝလမ်းမှာ အဆင်ပြေချောမွေ့ခြင်းဆိုတာ တွေ့ခဲ့လှပါတယ်လေ။

ကြုံလာရမယ့်ခရီးကကြမ်းတမ်းတဲ့ ခရီးဆိုရင်လည်း ချစ်သူနဲ့ လက်တွဲလို့ ကျော်ဖြတ်လျှောက်လှမ်းရဲတဲ့ သတ္တိတွေ ရှိလာလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

အဲဒီယုံကြည်မှုတွေနဲ့ ချစ်သူကို ဘဝထဲဆွဲခေါ်ဖို့ ချစ်ပါတယ်ဆိုတဲ့ စကားပြောထွက်ခဲ့တာပါ။

ခရီးလမ်းဘယ်လိုပင် ကြမ်းတမ်းပါစေ လျှောက်လှမ်းမှာပဲလို့ ဆုံးဖြတ်ပြီး ချစ်သူကို ရင်ထဲကရည်မှန်းစိတ်ကလေးတွေနဲ့ ရင်ဖွင့်ထားခဲ့မိတယ်လေ။

နားလည်မှုလေးတွေနဲ့ ကြင်နာယုယတာတွေ တစ်ယောက်နဲ့တစ်ယောက် ပေးမယ့်ဆိုတာတွေ တွေးမိတိုင်း ကြည်နူးဖြစ်ခဲ့သည်ပေ။

လှပတဲ့ အနာဂတ်တစ်ခုမှာ ပျော်ရွှင်စရာဘဝလေးကို ပိုင်ဆိုင်လိုပေမယ့် မပြည့်စုံသူတစ်ယောက်ရဲ့ ရင်ခွင်မှာ ချစ်သူ ပျော်နိုင်ပါ့မလားလို့ တွေးမိတိုင်း ကြေကွဲဝမ်းနည်းရပြန်ပါတယ်။

ချစ်သူ ခြေဖဝါးမှာ သွေးခြည်များဥသွားရင် ချစ်သူ့နဖူးပြင်မှာ ချွေးပွင့်လေးတွေ တွဲလွဲခိုရင်ဆိုတဲ့ အတွေးတွေက လှပတဲ့ အနာဂတ်တစ်ခုကို ပျက်စီးသွားစေပြန်ပါတယ်။



ဒီတော့လဲ....

ချစ်သူကို မြင့်ရာကနိမ့်ရာကို ဆွဲခေါ်သလိုဖြစ်နေပြီလို့ တွေးမိတိုင်း ဘဝထဲကို ဆွဲခေါ်ဖို့အင်အားတွေ ယုတ်လျော့ပျက်ပြယ်သွားခဲ့ရပြန်ပါပြီလေ။

ကိုယ်သာ ခရီးကြမ်းမှ ပင်ပန်းနေပါစေ။ သူ့နှုတ်နှာလေး ထာဝရလန်းဆန်းနေစေရမယ်လို့ စိတ်ကူးမိတိုင်း ရင်ထဲမှာ အကြင်နာသစ်တွေက အစဉ်သာဖြစ်လို့နေပြီဆိုတာ ချစ်သူခံစားနားလည်ပေးပါကွယ်။

အဲဒီအကြင်နာသစ်တွေနဲ့ပဲ ချစ်သူကိုစွန့်လို့ကိုယ်တစ်ယောက်တည်း ဘဝအမေ့မှာ လျှောက်တော့မယ်လို့ ဆုံးဖြတ်မိပြန်တယ်လေ။

နှလုံးသားတစ်ခုလုံးနဲ့ရင်းပြီး ပြောထွက်ခဲ့တဲ့ စကားတစ်ခွန်းဟာ တပ်မက်တဲ့ သမုဒယတွေနဲ့မို့ အဖြတ်ခက်လှပါတယ်ကွယ်။

စိမ်းလန်းတဲ့ နွယ်တစ်ပင်ကိုဖြတ်လိုဖြတ်ချင်ဖြစ်မယ်၊ အဆပ်ဆပ် တွယ်ငင်ရစ်ခွေထားတဲ့ သမုဒယဆိုတဲ့ နွယ်ပင်ကိုတော့ ဘယ်လိုမှဖြတ်တောက်သွားအောင် မစွမ်းဆောင်နိုင်တာ သိနေပါတယ်လေ။

တစ်သက်စာအရေးကို တွေးမိရင် ချစ်ပါတယ်ဆိုတဲ့ စကားတစ်ခွန်းဟာ ရေပေါ်မှာ အရုပ်ရေးလိုက်သလိုပဲ ဖြစ်သွားရပါပြီ။

အခြေအနေအကြောင်းကြောင်းကြောင့် နောက်ဆုံး အရှုံးပေးလိုက်ရတာ ချစ်သူပေးမယ့် အဖြေတစ်ခုကို သိနေလျက်နဲ့

မလိုချင်တော့တာ ဒါကို ချစ်သူသီဘဲ့နွေ နားလည်မှုနဲ့ မေ့နိုင်အောင် ကြိုးစားနေပြီဆိုတာ ချစ်သူသိပါစေလို့ ဆုတောင်းမိတိုင်း ကျွမ်းမြေ့လောင်မြိုက်စွာ ခံစားရပါတယ်။

ချစ်သူနဲ့ပတ်သက်လို့ ခံစားလာရသမျှ တမ်းဘမ်းတတာနဲ့ သတိရစေဖို့ပဲလို့ ထင်မှတ်ပြီး ကြိတ်မှိတ်ခံစားသွားပါ့မယ်။

ချစ်သူ့ဘဝ ပျော်ရွှင်စေဖို့ အနာဂတ်ခရီးကို ကြည့်ပြီး ချစ်ပါတယ်ဆိုတဲ့စကား ရှင်သိမ်းရမှာကို ချစ်သူကမကျင်နာတဲ့ တမင်စိမ်းကားမှာလားလို့ တွေးမိတိုင်း အားငယ်ဝမ်းနည်းရပါတယ်။

ဒါတွေဟာ....

မချစ်လို့မဟုတ်ပဲ ချစ်လွန်းလို့ဆိုတာကိုတော့ ချစ်သူနားလည်ပေးပါတော့။ နားလည်ပေးလိုက်ပါတော့။

☆

( ၂၁ )

ငြိမ်းချမ်းနှင့် တင်ဝင်းလူကို သွားခေါ်ပြီး နွေးတို့အိမ်ဘက်ထွက်ခဲ့သည်။

ခြေလှမ်းတိုင်းက အသက်မပါ။ ရွေ့လျားနေသည့်အခိုက်ပင် လူနှင့်စိတ်က အတူမရှိ။

စွန့်ခွာရတော့မှာပါလားဆိုသည့် အသိက ထိတ်လန့်တုန်လှုပ်စေပြန်သည်။

ခံနိုင်ရည်ရှိအောင် ကြိုးစားတာပေါ့ဆိုသည့် တင်ဝင်းလှ စကားကိုပြန်ကြားသည်။

ရင်မှာတော့ လပ်ဟာမှုတ်သိပ်မှုဖြင့် ခံရခက်သည်။ တစ်သက်တာအတွက်လည်း လက်တွဲဖို့ဆုံးဖြတ်ပြီးမှ ကမ်းသည့်လက်ကို ပြန်ရုပ်သိမ်းရပြီဆိုတော့ မိမိအပြစ်ပဲလို့ ကြေကွဲမှုများ ဖြစ်ရသည်။

နွေးဆိုသိုလှမ်းနေသော ခြေလှမ်းတိုင်းက နွေးနှင့်သူ့ဘဝကို ဝေးသွားစေနိုင်သည်မှန်း သိနေသည်ပဲ။

'ရဲမင်းသူ'

'ဟင်....'

'ဟိုမှာနွေး'

တင်ဝင်းလှ တံတောင်နှင့်တွက်ပြောမှ နွေးတို့အိမ်ရှေ့ရောက်သည်ကို သတိထားမိသည်၊

အချိုရည်ဘူးဆောင်းနေသည့် နွေးက သူ့ကိုမြင်သွား၏။

ဝင်းကနဲလက်သွားသော မျက်နှာအလှကိုကြည့်ရင်း ထိခိုက်ကြေကွဲရပြန်သည်။

'ကိုရဲမင်းသူ'

နွေး၊ ထံပါးသို့ရောက်လာ၏။



အားမပါသော အပြုံးတစ်ခုကို ပြုံးပြလိုက်သည်။

'ဘယ်တွေသွားနေတာလဲဟင်၊ ရောက်ကိုမလာတော့ဘူး'

'နွေး'

ရဲမင်းသူ ခေါ်သံက တုန်ခက်နေ၏။

နွေးက မျက်တောင်ကော့ကြီးများကို လှပ်ကြည့်ပြီး....

'ပြောလေ၊ ကိုရဲမင်းသူ'

'နွေးနဲ့စကားပြောချင်လို့'

'နွေးလဲ ကိုရဲမင်းသူကို ပြောစရာတွေရှိနေတယ်၊ ခဏလေးနော်'

နွေး အခန်းထဲဝင်သွားသည်။

နွေးပြန်ထွက်လာတော့ နွေးမမပါ နောက်ပါးကပါလာ၏။ ရဲမင်းသူက ပြုံးပြတော့....

'ဘယ်တွေခရီးလွန်နေလဲ ရဲမင်းသူ၊ အရိပ်အရောင်လေးတောင် မတွေ့ဘူး'

'နေမကောင်းလို့ပါ မမသွေး'

'ဟုတ်လား၊ မမတို့က မသိပါဘူးကွာ မင်းများ ခရီး ထွက်နေသလားလို့'

ပြုံးနေဆဲမှာ နွေးက....

'မမ နွေးတို့ ဒီပြင်ခဏထွက်မယ်နော်'

'မကြာစေနဲ့နော်'

နွေးက ခေါင်းညိတ်ပြ၏။

အပြင်ရောက်တော့ ရဲမင်းသူက ပင့်သက်ကိုချသည်။

နွေးက လှည့်အကြည့်မှာ....

'လမ်းလျှောက်ရင်း စကားပြောကြတာပေါ့နော်'

နွေး ခေါင်းလေးတညိတ်မှာ တင်ဝင်းလူက....

'ရဲမင်းသူ ငါတို့လက်ဖက်ရည်ဆိုင်ကစောင့်မယ်၊ အဲ့ဒီကို လိုက်ခဲ့နော်'

သူငယ်ချင်းနှစ်ယောက် ရှောင်ထွက်ပေးသည်။

ခရေပင်များရှိသည့် မြေနီလမ်းချိုးကလေးရောက်သည်ထိ စကားမဆိုဖြစ်။

လမ်းပေါ်မှာ လေနှင့်အတူ မျောပါသွားသော ရွက်ကြွေ ကလေးတွေကို ဘာရယ်မဟုတ် လိုက်ကြည့်နေမိသည်။



'ပြောစရာရှိတယ်ဆို'

နွေးက အသံပွင့်ထွက်လာ၏။

နွေးစကားစမှ ဆိုရန်စကားတွေနှုတ်ကမထွက်တော့၊နှုတ်ခမ်း တွေက ခြောက်သွေ့စပြုလာသည်။

'နွေး'

အခါခါအထပ်ထပ် နှလုံးသားမှာ ပဲ့တင်ထပ်နေနိုင်မည့် အသံတစ်ခုကို မိမိဘာသာ ပန်ကြားလိုက်ရသည်။

သူ့ခေါ်သံကြားတော့ နွေးက ရှင်ဆိုပြီးမော့ကြည့်၏။ မော့ကြည့်ရင်း နွေးက သူလက်ထဲမှ လက်ကိုင်ပဝါလေးကို လုံးချေနေသည်။

'ကျွန်တော် နွေးကို ချစ်တယ်လို့ပြောခဲ့တယ်နော်'

နွေးက ခေါင်းညိတ်ပြသည်။

ပြီးတော့ စကားကိုနားစွင့်နေပါ၏။

ကြွေရွက်တစ်ခုကို နင်းဖိရင်း ဘဝတစ်သက်တာအဖို့ မမေ့နိုင် သော စကားတစ်ခွန်းကို ပြောဖို့အားယူသည်။

'အဲဒီစကားကို ကျွန်တော် ပြန်ရုပ်သိမ်းပါတယ် နွေး'

ခံစားမှု စူးရှမှုများစွာနှင့် နွေးကိုမကြည့်ဘဲ ပြောချလိုက် သည်။

'ဘယ်လို ကိုရဲမင်းသူဘယ်လို'

'နွေးကို ကျွန်တော်ချစ်တယ်ဆိုတဲ့စကားကို ပြန်ရုပ်သိမ်းတယ်လို့ ပြောတာပါ'

'ပြန်ရုပ်သိမ်းတယ်ဟုတ်လား'

နွေးက တစ်ယောက်တည်းပြောသလိုပြော၏။

'ဟုတ်တယ်၊ နွေးကို ကျွန်တော် ချစ်လို့မရတော့လို့ပါ၊ နွေး ကျွန်တော့်ကိုထည့်ပြီး စဉ်းစားစရာမလိုတော့ပါဘူး၊ တကယ်လို့ နွေးမှာ နွေးအချစ်ကို တောင်းခံသူတွေ ရှိနေရင် ကျွန်တော့်ကို ထည့်စဉ်းစားစရာ မလိုတော့ဘူးပေါ့'

နွေးအကြည့်ကို ရင်မဆိုင်ရဲသော်လည်း ဆုံးဖြတ်ချက်နှင့် နွေးမျက်လုံးကို စူးစိုက်ကြည့်ပြီးပြောလိုက်သည်။

အံ့ဩမှုတွေ ထင်ဟပ်နေသော နွေးမျက်နှာက ရုတ်ချည်းတင်းမာသွားသည်။

အဆုံးစွန်သော အခြေအနေကို ရောက်ပြီလားဟုတွေးရင်း စိတ်တစ်ခုလုံး ထိခိုက်ကြေကွဲလာ၏။

'ကိုရဲမင်းသူ'

နွေးကခေါ်သည်။



အသံက အေးစက်နေ၏။

လှည့်ကြည့်တော့....

'ကိုရဲမင်းသူနဲ့ နွေးနဲ့က ဘာမှဖြစ်သေးတာမှမဟုတ်ပဲ၊ ကိစ္စမရှိပါဘူး လွယ်လွယ်နဲ့ကြိုက်၊ လွယ်လွယ်နဲ့မေ့တတ်တာ ယောကျ်ားလေးတွေ သဘာဝပဲလေ'

အဲဒီအထဲမှာ ကျွန်တော်မပါဘူး နွေး ဆိုသည့်စကားက နှုတ်မှပွင့်ထွက်မလာ။

ရင်မှာ အသံလှိုင်းများ ပဲ့တင်ထပ်နေ၏။

'ကိုရဲမင်းသူဆီက နွေးတစ်ခုတော့ သိချင်ပါတယ်၊ မဆိုင်တော့ပေမယ့် သိချင်စိတ်က ပြင်းပြနေလို့ပါ၊ ကိုရဲမင်းသူ ပြောပြီးတဲ့စကားကို ဘာလို့ပြန်ရုပ်သိမ်းတာလဲ၊ အဲဒါကိုတော့ ဖြေပေးပါ'

မဆိုင်တော့ဘူးတဲ့လား နွေး....

အခုထဲက နွေးက မဆိုင်တော့ဘူးလို့ သတ်မှတ်နိုင်ပြီလား။

နှုတ်ဖျားကအချစ်ကို ရုပ်သိမ်းခဲ့ပေမယ့် နှလုံးသားမှာ နွေးကို ထာဝရ ချစ်နေတယ်ဆိုတာကိုတော့ နွေး ဘယ်သိနိုင်ပါ့မလဲ။

'ကျွန်တော့် ပြောပြီးပြီပဲ၊ ကျွန်တော် နွေးကိုချစ်လို့ မရတော့လို့ပါ နွေးပြောသလိုပဲပေါ့၊ လွယ်လွယ်နဲ့ ကြိုက်မိတော့လဲ လွယ်လွယ်မေ့သွားတာ နေမှာပေါ့'

နွေးမှုန်းတီးနိုင်လောက်သည့် အပြုံးကိုပြုံးရင်း နွေးကို ပြော လိုက်သည်။

အကြည့်ကို ခရေပင်ရွက်များဆီ ရွှေ့လျားပြီး နွေး မျက်နှာကို ထပ်မံကြည့်တော့....

အို....နွေးပါးမှာ မျက်ရည်စတွေနဲ့ပါလား....

နွေးရယ်....

သည်မျက်ရည်တွေက ကိုယ့်အသည်းနှလုံးကို မွမွကြေအောင် ချေဖျက်လိုက်စာယ်ဆိုတာ နွေးကသိတော့မှာ မဟုတ်ပါဘူး။

နှလုံးသားတစ်ခုလုံးနဲ့ ရင်းပြီးပြောနေရတဲ့ စကားတွေပါ နွေး၊ အသည်းတွေကြေမွခံပြီး ပြောနေရတဲ့ စကားတွေပါ။

'နားလည်အောင် ထပ်ပြောဦးမယ်လေ'

နွေးက မျက်နှာကို ဖျတ်ခနဲကြည့်၏။

'ကျွန်တော့်မှာ နွေးထက်ချစ်ရမယ့်သူ ရှိနေပြီလေ၊ ဒါကြောင့်ပါ ကျွန်တော် နွေးကိုဆက်ပြီးတော့လို့ မညာချင်တော့ဘူး'

နာကြည်းလောက်ပြီ ထင်မါ၏။

မုန်းတီးနိုင်လောက်ပြီလဲ ထင်ပါ၏။



'ကျွန်မ ကိုရဲမင်းသူကို အထင်ကြီးလေးစားခဲ့တာတွေ အလကားပါပဲရှင်၊ ဒီမှာကိုရဲမင်းသူ....'

နွေးက ခေါ်လည်းခေါ် သူ့ကိုလည်းကြည့်သည်။

နွေးအကြည့်တွေကို ရင်မဆိုင်ရဲတာ နွေးနားလည်နိုင်ပါ့မလား။

ဘယ်အခါကာလမှ မပျောက်ပျက်နိုင်တဲ့ရှန်းလဲ့တဲ့မျက်ဝန်းတစ်စုံကို တစ်ခါပြန်ကြည့်နိုင်စွမ်း မရှိတော့ပါဘူး နွေးရယ်။

'ကျွန်မကို သူငယ်ချင်းတစ်ယောက်၊ နှမတစ်ယောက်လို စောင့်ရှောက်ကူညီလာခဲ့တဲ့ ကျေးဇူးတွေကိုဘယ်တော့မှ မမေ့ပါဘူး၊ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်မ စိတ်ထဲမှာ အထင်ကြီးလေးစားမှု လုံးဝမရှိတော့တဲ့၊ ရိုးသားမှုကင်းမဲ့တဲ့ လူတစ်ယောက်ကိုသူငယ်ချင်းအဖြစ်နဲ့တောင် ဆက်ပြီး မခင်မင်နိုင်တော့ပါဘူး၊ ကျွန်မကို နောက်တစ်ခါတွေ့ရင် ဘယ်တော့မှ နှုတ်မဆက်ပါနဲ့'

အစိမ်းဆုံးသော စကားတွေမှုန်းသိသည်။

သူငယ်ချင်းအဖြစ်တောင် ခင်ခွင့်မရတော့ဘူးလား။

ဘယ်တော့မှလဲ နှုတ်မဆက်ပါနဲ့တဲ့လေ၊ တစ်ချိန်တုန်းက နားထောင်လို့ကောင်းခဲ့တဲ့ 'ကျွန်မ' ဆိုတဲ့ နွေးပြောခဲ့တဲ့ စကားလုံးလေးက အခုတော့ ခက်ထန်မာကျောလို့နေပါပြီ။

'ကိုရဲမင်းသူ....ကျွန်မမျက်နှာကို သေသေချာချာကြည့်မှာဦး၊ ကျွန်မ ပြောစရာရှိတာအားလုံး ပြောပြီးမှာပေါ့'

နွေးကို မော့ကြည့်ဖြစ်သည်။

မျက်ရည်တို့ကိုမမြင်ရတော့။

အံကလေးကြိတ်ထားသည်ကိုတော့ တွေ့သည်။

'ကျွန်မကို လူတစ်ယောက်က ချစ်ရေးဆိုထားတယ်၊ အရင်တုန်းကဆိုရင်တော့ သူနဲ့ဆို နှစ်ယောက်ကို ကျွန်မ စဉ်းစားရမှာ၊ အခုတော့လဲ တစ်ယောက်တည်းကိုပဲ စဉ်းစားရတော့မှာပေါ့လေ၊ သူကချမ်းသာတယ်၊ ကိုရဲမင်းသူလိုပဲ စာတော်တယ်၊ ကျွန်မကိုလဲ မြတ်မြတ်နိုးနိုး ရှိတဲ့ပုံပါပဲ'

စကားမှာ နိုင်းယှဉ်မှုများပါနေသည်ကို သိသည်။

နာကြည်းမှုန်းတီးသမျှ နွေးစိတ်ထဲမှာ ခံစားရသမျှပြောချင်တာတွေ ပြောပါစေတော့။

'ကိုရဲမင်းသူ နောက်တစ်ယောက်ဆီ စိတ်ရောက်နေတဲ့ အချိန်မှာ သူနဲ့တွေ့ရတာပဲ၊ ကျွန်မ မျက်နှာမများတတ်ပါဘူး၊ တစ်ဖက်သတ်သံယောဇဉ်နဲ့ မဆုံးဖြတ်တတ်ပါဘူး'

တမင်ရှဲ့ နေမှန်း သိသည်။



'ကျွန်မကို ချစ်ရေးဆိုထားတဲ့သူမှန်သမျှ စဉ်းစား ရွေးချယ်ရမှာပဲ၊ အခုဆို ကျွန်မ သူ့ကိုလက်ခံဖို့ဖြစ်သွား တော့တာပဲလေ၊ ဝမ်းလဲဝမ်းသာစရာပါပဲ၊ သူတို့က ချမ်းသာတယ်၊ ကျွန်မအဖို့ ကံကောင်းတယ်လို့ ဆိုရမှာ ပါပဲ'

ပြောပြီး တွန့်လှုပ်သွားသည့် နှုတ်ခမ်းတစ်စုံကို သတိထားမိ ပါ၏။

'ကျွန်မ တကယ်စိတ်ချမ်းသာနေတယ် သိလား'

စိတ်ချမ်းသာပါ နွေး။

ဒါပေမယ့် အဲ့သလို စိတ်ချမ်းသာရအောင် စွန့်လွှတ် အနစ်နာခံလိုက်တဲ့ လူတစ်ဦးရဲ့ နှလုံးသားကိုတော့ နွေး ဘယ်သိ နိုင်ပါ့မလဲ နော်။

နွေး အထင်ကြီးလေးစားတယ်ဆိုတဲ့ ကိုယ့်ရဲ့ ရိုးသားမှုတွေ ကို ကျေးဇူးတရားအတွက် အဆုံးရှုံးခံ လဲလှယ်လိုက်ရတာ နွေး သိရင် ဒီစကားတွေ ပြောသွက်မှာမဟုတ်ပါဘူးလို့ ကိုယ်ထင် ပါတယ်။

'ကိုရဲမင်းသူလဲ ကိုယ့်ချစ်သူနဲ့သက်တွဲနိုင်မှာပါ၊ဒီတစ်ခါ တော့ မြဲနိုင်ပါစေလို့ ကျွန်မ ဆုတောင်းပေးလိုက်ပါ မယ်၊ ကျွန်မ နောက်ဆုံး တစ်ခုပြောမယ် ကိုရဲမင်းသူ၊

လွယ်လွယ်မေ့တတ်တဲ့အကျင့်ကို ဖျောက်ပါလို့၊ ဒါဆို ကိုရဲမင်းသူ ယောကျ်ားကောင်းတစ်ယောက် ဖြစ်သွားမှာပါ၊ ဒါပါပဲ ကျွန်မ သွားမယ်'

ထာဝရနှုတ်ဆက်ပြီဟု သိလိုက်သည်။

ထံပါးမှပြေးထွက်သွားသော နွေးကို ဝေသီသောအကြည့်များနှင့် လိုက်ကြည့်မိပါသေး၏။

ဩော်....ဝေးကြပါပြီ နွေး။

☆

## ( ၂၂ )

'အဲဒါ အစအဆုံးအကြောင်းစကားတွေပဲ ငြိမ်ချမ်းနဲ့ တင်ဝင်းလူ၊ နွေးကတော့ ငါ့ကို တော်တော်နာကြည်းသွားမြီ'

သူတို့ ပင့်သက်ချသည်။

သူ့အတွက်မှာထားသည့် လက်ဖက်ရည်ခွက်ကို ရှေ့ကို အသာတွန်းရွှေ့ပေးရင်း....

(၂၃)

ဟန်ဆောင်ခြင်းဖြင့် လှည့်စားသည့်အတတ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချခဲ့ပြီပဲ။

သစ္စာမဲ့သူဟု ဆိုရလောက်အောင်လည်း ချစ်ပါတယ် ဆိုသောအဖြေကို မပေးခဲ့သေး။

မိန်းကလေးတစ်ယောက်၏ဘဝကို စာနာစွာနှင့် ထားရစ်ခဲ့သည်ကိုပဲ ကံကောင်းလှခြင်းဟု မှတ်ရမလား။

ငါးနှစ်ကောင်ကို တစ်ပြိုင်တည်းမဖမ်းသည်က မိမိအတွက် ကံကြီးသည်ဟု ထင်မိ၏။

သူ့နာမည်ရှေ့မှာ 'ကို' တပ်ခေါ်သည်ထိ အာဝရလေးစား နေမိခဲ့သည်မှာ အမှားတစ်ခုဖြစ်ပါပြီ။

အခုတော့ သူ့အပေါ် အမြဲတမ်း တန်ဖိုးထား အထင်ကြီး လေးစားခဲ့သော ရိုးသားမှုတို့သည် ဘယ်နေရာသို့ ပုန်းခိုသွား ကြပါသလဲ။

ယခုထက်တိုင် နာကြည်းစိတ်နှင့်ယှဉ်သော ဝမ်းနည်းမှုတို့ကို ခံစားနေရပါသေးသည်။

နောက်ဆုံးစကားတို့ကို ကြားနေရသည့်တိုင် လားလားမျှ မယုံချင်မိ။

ရှိနေသော သံယောဇဉ်နှောင်ကြိုးတို့ကြောင့်လည်း ဘာလို့ ပြန်ရုပ်သိမ်းရတာလဲ ဆိုသည့် စကားကို မေးဖြစ်ခဲ့သေးသည်။

မာနနှင့် တင်းထားသည့်ကြားမှ အထင်မကြီးသူအတွက် ကျခဲ့သည့် မျက်ရည်တို့ကို နှမြောခြင်းကြီးစွာ ဖြစ်ရလေသည်။

မိမိထက်ချစ်ရမည့်သူရှိနေပြီပဲ ဆိုသောအသိကို သိစဉ်မှာ တော့ ကြေကွဲဝမ်းနည်းခြင်းများစွာက ကြီးစိုးသွားပြန်တော့ သည်။



နာကြည်းမုန်းတီးစိတ်နှင့် ရင်ထဲကစကားတွေပြောစဉ်မှာ အပြစ်ရှိသူတစ်ယောက်လို ခေါင်းငုံ့ထားသော သူ့ကို နာမည် ခေါ်ရင်း သေသေချာချာကြည့်ဖို့ပြောတော့ သူ့မျက်ဝန်းတွေ ရီဝေနေတာကိုလည်း သတိထားမိပါသည်။

ရှက်ရွံ့ခြင်း ခံပြင်းခြင်းတွေနှင့် ကျလာသော သူ့မျက်ရည် တွေကို ကြည့်ရင်း အခါးသီးဆုံးစကားများကို ဖွင့်အန်ထုတ်ချ လိုက်စဉ်မှာတော့ သူ မမြင်အောင်သုတ်ခဲ့တဲ့ မျက်ရည်တွေက ခြောက်သွေ့နေပါပြီ။

ရင်ထဲက မိန်းကလေးတစ်ယောက်၏မာနကို ထုတ်ပြရင်း နောက်တစ်ယောက်ကိုလွှက်ခံတော့မယ်လို့ သူ့ကိုပြောခဲ့ချိန်မှာ ရင်ထဲက နင့်နင့်သည်းသည်းခံစားခဲ့ရတာတော့ ဘယ်လိုမှ မမေ့ နိုင်ပါ။

နှုတ်ဆက်စကားဆိုပြီး လှည့်ထွက်စဉ်မှာ သူမမြင်အောင် တိတ်တဆိတ်ကျခဲ့ရတဲ့ မျက်ရည်တွေ အခုထိ မခြောက်သေးတာ တော့သူဘယ်သိနိုင်ပါ့မလဲလေ။

နာကြည်းစိတ်နဲ့ မေ့ဖို့ကြိုးစားပေမယ့် မမေ့နိုင်တာက ခုမှ မဟုတ်သည်ဘဲ။

ပါးပြင်ပေါ် လိမ့်ဆင်းလာသော မျက်ရည်တို့ကိုသုတ်၍ စားပွဲပေါ်မှာ ဒိုင်ယာရီစာအုပ်လေးကိုယူသည်။ စာအုပ်ကြား မှာ ညှပ်ထားသော ပီတောက်ခက်လေး သုံးခက်ကိုကြည့်မိ၏။

ပထမ တစ်ခါပေးတော့ တစ်ခက်၊ ဒုတိယတစ်ခါ ထပ်ပေးတော့ နှစ်ခက်၊ အဲဒီလို သူပေးတိုင်းသိမ်းထားမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေလဲ ပျောက်ကွယ်ဖို့ဖြစ်လာပြီပဲလို့ တွေးရင်းဝမ်းနည်းရသည်။

ဘာမှမပတ်သက် မသက်ဆိုင်သူအတွက် ဝမ်းနည်းနေစရာမလိုပါဘူးဟုတွေးရင်း အမြဲတမ်းနာကြည်းနေစေနိုင်ဖို့ သိမ်းထားရင် ကောင်းမလားတွေးသည်။

နှလုံးသားမှာ စွဲထင်အောင်နာကြည်းပြီး ဘယ်အရာမှ ခြေရာထင်ကျန်နေစရာ မလိုတော့ပါဘူးလေဟု တွေးရင်း ပိတောက်ခြောက်ကလေးများကိုယူသည်။

ဒိုင်ယာရီစာအုပ်ထဲမှာ သူနှင့်ပတ်သက်သမျှကိုယူပြီး ရေချိုးခန်းထဲမှာ မီးရှို့ပစ်လိုက်သည်။

'သူ့ကိုချစ်တယ်' ဆိုသော စာကြောင်းလေးရေးထားသည့် စာရွက်ကို မီးထည့်ထဲစဉ်မှာ နှလုံးသားတမြေ့မြေ့နှင့် လောင်ကျွမ်းရပြန်သည်။

ပြာဖြစ်သွားသော စက္ကူပုံပြာကိုကြည့်ပြီး ရေလောင်းချလိုက်သည်။

သူနှင့်ပတ်သက်သမျှတော့ ရေထဲမှာ မျောပါသွားချေပြီ။ နှလုံးသားမှာထင်ကျန်ခဲ့တဲ့ ဝေဒနာတွေလည်း ရေနဲ့မျောလို့ရရင် ဘယ်လောက်များ ကောင်းပါလေမလဲ။



အိမ်ခန်းထဲကို ပြန်ဝင်ရင်း ပြတင်းပေါက်အပြင်ကို ငေးကြည့်နေမိသည်။

မျှော်လင့်ခြင်းကြီးခဲ့သည့် မိမိအဖြစ်ကို နောင်တရမိသည့်အခါ ဝေဒနာက ရင်မှာခိုဝင်နေပြီဟု တွေးတိုင်း မမပြောခဲ့သော စကားတို့ပြန်ကြားသည်။

ပြတင်းပေါက်မှခွာပြီး အိပ်ရာမှာလှဲ၏။

တကယ်ချစ်ခဲ့လို့ တကယ်ခံစားရပြီထင်ပါရဲ့။

☆

'ယောကျ်ားတစ်ယောက်အတွက် အဲဒီလောက် ခံစားမသနားစမ်းပါနဲ့, ညီမလေးရယ်၊ ညီမလေးကိုလဲပြောသွားပါ၊ ညီမလေးသူ့ကို အရမ်းမျှော်လင့်ထားသလားလို့ မမ တားချင်ပေမယ့် ညီမလေးက သူ့ကိုချစ်တယ်၊ တကယ်ချစ်တာပါဆိုတော့ မမပြောခဲ့ဖူးတယ်လေ၊ ညီမလေးတို့အရွယ်က စိတ်ကစားတတ်တဲ့အရွယ်၊ တကယ်ခံစားတာတို့ မခံစားဘာတို့ သိနိုင်ပါ့မလား၊ အဲဒီတော့ ရဲမင်းသူကိုလဲ မမ အပြစ်မပြောချင်ပါဘူး၊ ယောကျ်ားလေး

ထစ်ယောက်ရဲ့ သဘာဝအတိုင်းပဲ လိုက်နာသွားတယ်လို့ သဘောထားလိုက်ပေါ့၊ ဒါပေမယ့် ညီမလေးမှာ အကြောင်းအရာတစ်ရပ် ကျန်သေးတယ်'

'ဘာကိုလဲမမ'

'မင်းဇော်ကို ညီမလေး ဘယ်လိုဆုံးဖြတ်မလဲ'

မမကို ဖွင့်မပြောဖြစ်သည့်စကား။

သည်မမသာလျှင် မိမိဘဝအတွက် ဆိုးတိုင်ပင်ကောင်းတိုင်ပင် အဖော်တစ်ယောက်ဖြစ်ပါ၏။

'နွေးတို့ ခံစားတတ်ပါတယ်မမ၊ ခံစားတတ်လို့လဲ အခြေအနေ ဒီလောက်ထိဖြစ်လာတာမဲ့လေ၊ နွေး မမကို တစ်ခု ပြောပြမယ်၊ နွေး မင်းဇော်ကို လက်ခံလိုက်မယ်၊ ရဲမင်းသူ ပြောခဲ့တဲ့စကားကို အမှန်အတိုင်းဖြစ်စေရမယ် သူ့ထက် သာတာ တွဲပြလိုက်မယ်ဆိုတဲ့ မမစကားကို နာခံတာ တော့ မဟုတ်ဘူးနော်၊ နွေး ဘာကိုမှမကြည့်တော့ဘူး' 'အဲ့ဒီလိုဆို နွေးမှားမှာပေါ့၊ မိန်းကလေးတစ်ယောက်ရဲ့ ဘဝမှာ အရေးကြီးတဲ့ အိမ်ထောင်ဖက်တစ်ယောက်ကို သေသေချာချာလေ့လာပြီး လက်ခံသင့်တာပေါ့၊ အေးလေ မင်းဇော်ကို လက်ခံမှာဆိုရင်တော့ မမဘာမှ မပြောလိုပါဘူး၊ မင်းဇော်က စာတော်တယ်၊ ချမ်းသာတယ်၊ ဒါတွေကို ဘေးဖယ်ထားလိုက်ဦး၊ တည်တည်ငြိမ်ငြိမ်ဖုံစံ



ဆိုတော့ ရဲမင်းသူလိုတော့ မဖြစ်တန်ကောင်းပါဘူး၊ အင်း....ရဲမင်းသူ နွေးဆီရောက်မလာတာ မမအခုမှ သဘောပေါက်တယ်၊ သူက မူကော....လူကော....နှလုံးသားကော ပျက်နေတာကိုး'

'တော်ပြီမမ၊ နွေး သူ့အကြောင်း မကြားချင်တော့ဘူး'

ဝေဒနာတွေ နိုးထမလာပါနှင့်တော့။

ဆုံးဖြတ်ချက်တစ်ခုနှင့်တော့ နွေး အံကြိတ်သည်။

ခံပြင်းလိုက်တာကတော့ အရမ်းပါပဲလေ။

## (၂၅)

'ရဲမင်းသူ ရဲမင်းသူ'

ခြံဝမှခေါ်သံကြားသည်။

အိမ်ပေါက်ဝကို ထွက်ကြည့်တော့ မင်းဇော်ကိုတွေ့သည်။ ခင်ခဲ့လေကွာဟုပြောရင်း ခြံထဲကိုဆင်းလိုက်သည်။

မင်းဇော်နှင့် မျက်နှာချင်းဆိုင်ဖို့အတွက် အားကိုမွေးထားရပါ၏။

'မင်းကို စာရေးခိုင်းထားတာလေ မေ့နေပြီလား'

မမေ့သော်လည်း မကြားချင်ဆုံးသောစကား။

'မင်းက နောက်တစ်ယောက်တွေ့တာတွေ ဘာတွေ လျှောက်ပြောတာကိုးကွ'

'သူက ငါ့ကိုမေးတယ် တင်ဝင်းလူ၊ ဘာလို့ပြန်ရုပ်သိမ်းတာလဲ တဲ့၊ အဲဒီမေးခွန်းကို ငါဘယ်လိုဖြေရမှန်းမသိအောင် ဖြစ်သွားတယ်ကွာ၊ ဒါနဲ့ သူပြောတဲ့စကားကိုထောက်ပြီး လွယ်လွယ်နဲ့ကြိုက်လို့ လွယ်လွယ်မေ့တာလို့ပြောလိုက်တယ်၊ ဒါပေမယ့် မခိုင်လုံမှာစိုးလို့ မရည်ရွယ်ပဲနဲ့ တစ်ယောက်ကိုချစ်မိသွားတယ်ဆိုတာ ပြောလိုက်မိတယ်'

တင်ဝင်းလူနှင့် ငြိမ်းချမ်းက သူ့မျက်နှာကို သေသေချာချာ စိုက်ကြည့်နေ၏။

စိတ်မကောင်းသည့်ဟန်တွေက မျက်နှာမှာ ပေါ်လွင်နေသည်။

'မင်းအဖြစ်က ဝတ္ထုတွေ ရုပ်ရှင်တွေထဲကလိုဖြစ်နေတယ်ရဲမင်းသူ၊ အေးလေ... ကံစီမံရာ နာခံကြရတာပဲ၊ ဘယ်တတ်နိုင်မလဲ၊ မင်းတော့ ဘယ်လိုနေမလဲမသိဘူး၊ ငါတို့တော့ စိတ်မကောင်းဘူးကွာ၊ တစ်နှစ်လုံး အတူတွဲလာချစ်ခွင့်ပန် အဖြေစောင့်၊ မျှော်လင့်ချက်တွေနဲ့ နေခဲ့ပြီးမှ မထင်မှတ်ဘဲဖြစ်လာတဲ့ အဖြစ်အပျက်တွေကြောင့် အားလုံးပြောင်းလဲသွားကြရတယ်၊ အေးလေ.... မထင်မှတ်ပဲ ပြန်မဆုံစည်းနိုင်ဘူးလို့ မပြောနိုင်ပါဘူး'



'ဘယ်လိုမှ မဆုံညည်းနိုင်တော့ပါဘူးကွာ၊ မင်းဇော်ကို လက်ခံမယ်လို့ သူ ပြောသွားပြီပဲ၊ မင်းဇော်ကလဲ တည်တည်ငြိမ်ငြိမ်သမားပဲလေ၊ သူတို့ ရေရှည်လက်တွဲသွားနိုင်မှာပါ'

'ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ သဘောထားလိုက်ကွာ၊ ဝေဒနာဆိုတာကတော့ အချိန်ခါကကုစားသွားမှာပါ၊ မင်းစိတ်တွေ လေမသွားဖို့တော့လိုတယ် နော်'

'ငါ ထိန်းနိုင်ပါတယ်၊ နွေးကို စိမ်းလိုက်ရတာ ဆုံးဖြတ်ချက်နဲ့ပါကွာ'

ရင်မှာတော့ ထိခိုက်ကြေကွဲနေရသည်။

ဘဝမှာ အပျော်ဆိုတာရှိပါတော့မလားလို့ တွေးပူ၏။

☆

## (၂၅)

'ရဲမင်းသူ ရဲမင်းသူ'

ခြံဝမှခေါ်သံကြားသည်။

အိမ်ပေါက်ဝကို ထွက်ကြည့်တော့ မင်းဇော်ကိုတွေ့သည်။ စင်ခဲ့လေကွာဟုပြောရင်း ခြံထဲကိုဆင်းလိုက်သည်။

မင်းဇော်နှင့် မျက်နှာချင်းဆိုင်ဖို့အတွက် အားကိုမွေးထားရပါ၏။

'မင်းကို စာရေးခိုင်းထားတာလေ မေ့နေပြီလား'

မမေ့သော်လည်း မကြားချင်ဆုံးသောစကား။

သူ့မျက်နှာကို အငေးသားကြည့်နေခိုက်မှာ....

'အဲဒါ ငါပေးပြီးသွားပြီ၊ မင်းမရေးနဲ့တော့ မင်းကို ပြောပြီးနောက်တစ်နေ့မှာ ငါပေးလိုက်တာကွ'

ငြိမ်းချမ်းတို့ကို ဖွင့်တိုင်ပင်သောနေ့ဟု သိသည်။

ဒီလိုဆို နွေးကို သူသွားမပြောခင် မင်းဇော်က နွေးကိုစာပေးပြီးပြီပဲဟု သိလိုက်၏။

'အေးကွာ၊ ငါလဲနေမကောင်းတာနဲ့ မအားတာနဲ့ မရေးဖြစ်တာပါ၊ မင်းဘာသာရေးပြီးပေးတော့ ပိုကောင်းတာပေါ့ မင်းဇော်၊ ပိုလဲလွှေးနက်တာပေါ့'

ပျက်ချင်ချင်ဖြစ်နေသော မျက်နှာကိုထိန်းရင်း ပြောသည်။

'တကယ်လို့ သူကချစ်ပါတယ်လို့ဖြေရင် ဘဝတစ်သက်တာအတွက် ကိုယ့်ချစ်သူလက်ထဲမှာ ကိုယ့်စာကို အမှတ်တရ ရရှိစေချင်တဲ့ ဆန္ဒပေါ်လာလို့ကွ၊ ပြန်မချစ်လဲ ကိုယ့်ရင်ထဲက ခံစားချက်တွေသိသွားရင် ကျေနပ်ပါပြီဆိုပြီ၊ ကိုယ့်ဘာသာပဲ ရေးပေးလိုက်တာကွာ၊ ကံကောင်းပါစေလို့ ဆုတောင်းနေရတာပဲ'

'မင်းကို နွေးချစ်နိုင်မှာပါ'

'မင်းက အတတ်ဟောကိန်းထုတ်နေပါလားအကြောင်းက'

'ဖြစ်နိုင်ခြေကိုတွက်ပြီး ပြောတာပါ၊ မင်းလိုလူမျိုးကိုမှ လက်မခံရင် နွေး ဘယ်သူ့ကို သွားလက်ခံမလဲ'

'မင်းစကားကြားရတာ ငါပျော်တယ်ကွာ'



ရင်မှာ လှိုက်ခနဲခံစားရသည့် ဝေဒနာ။

ပျော်ပါ သူငယ်ချင်း။

ငါ့အပေါ် ထားခဲ့တဲ့၊ ဘာမျှော်လင့်ချက်မှ မထားခဲ့တဲ့ မင်းကျေးဇူးတွေကို မင်းမသိအောင် ငါ့ဘဝတစ်ခုလုံး၊ ငါ့နှလုံးသားတစ်ခုလုံးနဲ့ရင်းပြီး ဆပ်လိုက်ပါတယ် သူငယ်ချင်း။

မင်းပျော်နေသလို....

ငါလဲပျော်နေပါတယ်ကွာ။

## ( ၂၆ )

'ဘယ်လို၊ နွေးမှာ အရင်တုန်းက တရင်းတနှီးရှိခဲ့ဖူးတဲ့
သူတစ်ယောက်ရှိတယ် ဟုတ်လား'

ဒုတိယလူပါလားဆိုသောအသိက ဒေါ်သကို ပေါက်ကွဲထွက်စေသည်။

ငယ်ငယ်ကတည်းက လိုချင်သောအရာဆိုလျှင် အရင်ဦးဆုံးရရမှုကျေနပ်ခဲ့သည်ပဲ။

နွယ်နွယ့်ဆီက ကြားရသောစကားကိုယုံချင်။

'ဟုတ်တယ်၊ နွေးတို့ ဆယ်တန်းမတက်ခင်ကတည်းက ကျူရှင်အတူသွား အတူတက်ပဲ၊ အဲဒါ ဘယ်သူလို့ထင်လဲ မင်းဇော်'

ဝမ်းနည်းခြင်းနှင့် နားစွင့်နေမိသည်။

'နင် ဖစ်ဆစ်တက်ဖို့ ခေါ်လာတဲ့ ရဲမင်းသူပေါ့ဟ'

'ဘာ'

မယုံနိုင်မှုနှင့် အံ့ဩခြင်းကြီးစွာဖြစ်ရသည်။

ဒီလိုဆို ရင်ဖွင့်ခဲ့စဉ်က ရဲမင်းသူက ဘာလို့ သူနဲ့သိပါတယ်လို့ အသိမပေးရတာလဲ။

နွေးနဲ့ရော ဘယ်လိုပတ်သက်နေတာလဲ။ တကယ်ဆို ဖွင့်ပြောဖို့ကောင်းတာပေါ့။

သူ့ကို အရူးလုပ်ချင်လို့လား။ ရဲမင်းသူမှာ ဒီလိုစိတ်မျိုးလည်း ရှိမှာ မဟုတ်ပါဘူး။

အတွေးတွေကဝေသည်။

စဉ်းစားလို့မရအောင်လဲ စိတ်တစ်ခုလုံး နောက်ကျိသွား၏။

'နေပါဦး နွယ်နွယ်၊ နင်က ရဲမင်းသူမှန်း ဘယ်လိုလုပ်သိလဲ'

'ငါတို့ ဘိုင်အိုဆရာ အချိန်တွေပြောင်းခေါ်တော့ နင်တို့ ဖစ်ဆစ်သင်ပြီးချိန်ကို ရောက်သွားတယ်လေ၊ အဲ့ဒီနေ့မှာ ငါ နင့်ကိုမေးတာ မှတ်မိသေးလား၊ ဖစ်ဆစ်ကျူရှင် ဆင်းတော့ ဘိုင်အိုသင်ဖို့ ငါတို့ဝင်ထိုင်တယ်လေ၊ ငါ့ဘာ လူတစ်ယောက်တိုးလာတယ်နော်လို့ ပြောတော့ နင်က



ငါ့သူငယ်ချင်းလေ ကျောင်းကတဲ့၊ ရဲမင်းသူလို့ခေါ်တယ် ဆိုပြီး ပြောခဲ့တာ အရင်နင်တို့အိမ်လာတော့ ဖက်ဆစ် သင်ချိန်ဆို အရင်လူတွေကို ငါမြင်ဖူးနေတာပဲ၊ နင်က ခေါ်လာတာဆိုတော့ ပိုမှတ်မိနေတယ်လေ'

နွယ်နွယ် သူ့အိမ်မှာစာလာမေးသည့်အခါ သူလိုချင်သော စာအုပ်ရှိ၍လာသည့်အခါ ကျူရှင်ချိန်တွေနှင့် ကြုံရတတ်သည်။

'နင် မနွေးကိုမေးဖူးလား၊ သူနဲ့ ဘယ်လိုပတ်သက်နေသလဲဆိုတာ'

'အရင်ကတော့မမေးဖူးဘူး၊ နင်သိချင်မေးပေးမယ်လေ'

'မေးပေးဟာ၊ ငါ့ကိုအကြောင်ရိုက်တာတော့မဟုတ်နိုင်ပါဘူး၊ ရဲမင်းသူမှာလဲ ဒီလိုစိတ်မျိုးမရှိနိုင်ပါဘူး၊ ဒါနဲ့ နင်က ငါ့ကိုအစက ဘာလို့မပြောတာလဲ'

'နင်က မှန်နေတာကိုဟ၊ 'အခုချက်ချင်းပဲ မိတ်ဆွေဖွဲ့ပေးပါ၊ ခင်ချင်လို့ပါဘာညာနဲ့၊ နောက်တော့ မနွေးဆီသာ လာနေတာ ငါ့ဆီတောင်ဝင်လို့လား'

'အေးဟာ၊ ဒီလိုဆို ငါ ရဲမင်းသူကို ပြန်မေးကြည့်ဦးမယ်၊ ခုနလေးတင် ဒီကောင့်အိမ်က ငါပြန်လာတာ၊ ဒီကောင်ကတော့ ဘာမှမဖြစ်သလိုဘဲ၊ ဖြစ်လဲမဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ'

'တကယ်လို ဖြစ်နေရင်ကော'

'အချစ်ဆုံးသူငယ်ချင်းနဲ့ အချစ်ဆုံးသူပဲဟာ၊ ငါ့စမ်းသာပေးရမှာပေါ့ သွားဖယ်စမ်း'

ပြောပြီး လှည့်ထွက်ခဲ့သည်။

ရဲမင်းသူထံက စကားတွေကိုတော့ ကြားချင်နေ၏။

## (၂၇)

'မင်းအဖြစ်ကလဲ လိမ်ပြီးရင်းလိမ်ရင်းပါလားကွာ'

တင်ဝင်းလူနှင့် ငြိမ်းချမ်းထံမှ ဒီစကားတွေကြားလာရလိမ့်မယ်လို မျှော်လင့်ထားပြီးသား။

မနွေ့က မင်းဇော် နှစ်ခေါက်လာသွားတာ ပြောပြဖြစ်သည်ပဲ။ အတွေးမှာ မနွေ့က မင်းဇော်နောက်တစ်ခါလာတာပြန်မြင်သည်။

• • •

'မင်းကိုမေးစရာရှိလို့ ပြန်လာတာကွ'

မင်းဇော်က ဝင်လာလာခြင်း စကားဆို၏။

မျက်နှာရိပ်ကိုကြည့်ပြီး အကြောင်းအရာတစ်ခု ထူးခြားမှု ပါလာပြီကို စိတ်ကသိလိုက်သည်။

'ဘာများလဲမင်းဇော်'

'မင်းနဲ့မနွေးနဲ့ သိတယ်ဆို'

မထင်မှတ်သော အမေးစကားကြောင့် ခပ်ယောင်ယောင် ဖြစ်သွားမိသည်။ ဖြေရန်အဖြေကိုလည်း ဘယ်လိုမှ စဉ်းစားလို့မရ။

မိမိနှင့် နွေးအကြောင်း....

တစ်စုံတစ်ယောက်၏ စကားကို မင်းဇော်ကြားသိလာပြီကို တော့ စိတ်ကနားလည်လိုက်သည်။

အတွေးမှာ မင်းဇော်ပြောဖူးသော နွေးတို့အိမ်ဘေးက ကောင်မလေးကို အမှတ်ရလိုက်၏။

'ငါ့ကို ပွင့်ပွင့်လင်းလင်းပြော ရဲမင်းသူ'

ပင့်သက်ကိုချသည်။



ဆိုရန်စကားက နှစ်ဦးနှစ်ဖက် သိက္ခာကိုငဲ့၍ ဖြေရမည့်အဖြေ။ စဉ်းစဉ်းစားစားပြောသင့်သည်ဟု နားလည်သည်။

'ငါ မင်းကို ဘာတွေ ပွင့် ပွင့် လင်း လင်း ပြော ရ မှာ လဲ မင်းဇော်'

'မင်းနဲ့မနွေး သိတယ်မဟုတ်လား'

'ဟုတ်တယ်လေ'

'မင်းကို ငါဖွင့်ပြောတော့ မင်းကမသိဘူးဆို၊ အခု နွယ်နွယ်ကပြောတော့ မင်းနဲ့သူက ကျူရှင်တောင် အတူ သွား အတူပြန်ဆို'

ပြောတဲ့သူက အကုန်ပြောပြထားလိုက်ပြီဟု သိလိုက်၏။

သို့သော်လည်း အမြင်လောက်သာပြောနိုင်တာ ဖြစ်ပါလိမ့်မည်။ နွေးနှင့်သူနှင့် ကိစ္စကိုတော့ တင်ဝင်းလှုနှင့် ငြိမ်းချမ်း အပါအဝင် သူနှင့်နွေးသာသိသည့်ကိစ္စပဲ။

'သူငယ်ချင်းအဖြစ်နဲ့ ခင်မင်ခဲ့ကြတာပါ၊ သူငယ်ချင်းချင်း ဆိုတော့ မင်းကသူ့ကို ငါ့အကြောင်းသွားပြောမိရင် ငါက မင်းကိုမြှောက်ပေးတယ်ထင်မှာ စိုးလို့ပါ'

မင်းဇော်က သူ့ကို သံသယမျက်လုံးနှင့်ကြည့်သည်။

သူက အကြည့်ကိုလွှဲလိုက်သည်။

'မင်းပြောနေတာ တကယ်နော် ရဲမင်းသူ'

'တကယ်ပါ'

'ဒါပေမယ့် ငါမယုံဘူး'

'ဟာကွာ'

'မဟာကွာနဲ့၊ ကဲ....မင်းနဲ့ ဘယ်အခြေအနေထိဖြစ်ခဲ့လဲ၊ သူငယ်ချင်းအဆင့်ထက် ကျော်ခဲ့သလား၊ ငါ့ကိုတော့ မင်း မှန်မှန်ပြောပါရဲမင်းသူ၊ ပြီးတော့ မင်းနဲ့ဘယ်လို စသိတာလဲ၊ ငါအဲဒါတွေ သိချင်တယ်ကွာ၊ မင်း ငါ့ကို ခင်ရင် အမှန်အတိုင်းပြောပါ'

သူ ပင့်သက်ကိုဖွဖွချသည်။

သူ အခြေအနေတွေကိုသိနေပြီလား။

ခုချိန်မှာ မုသားစကားတွေကိုလဲ ရဲမင်းသူ ပြောဝန့်နေပါပြီ။ နားထောင်ကွာဟု စကားအစချီပြီး....



'အဲဒါပဲမင်းဇော်၊ မင်းကို ငါအခုပြောပြတာ အမှန် စကားတွေ၊ ငါက အတန်းထဲက သဇင့်ကိုချစ်မိသွား တယ်၊ပထမ နွေးကိုချစ်မိတယ်ထင်ပြီးတွဲနေတာ၊အနေနီး တော့ သံယောဇဉ်တွယ်မိသွားတာပေါ့ကွာ၊ အခုတော့ သူ့ဆီကစကားကိုလဲ ပြန်ရုပ်သိမ်းပြီးသွားပြီ၊ငါလဲသဇင့် ကို ဆက်လိုက်ဖို့ ဆုံးဖြတ်ပြီးသား'

'မင်း တကယ်ပြောတာနော် ရဲမင်းသူ'

'ဒီအခြေအနေထိ ပြောပြပြီးပြီပဲကွာ၊ မင်း မယုံသေး ရင် မင်း နွေးကို သေသေချာချာမေးကြည့်၊တစ်ခုတော့ ရှိတယ်၊ ငါ နွေးကို ချစ်ခဲ့ပါလားဆိုတဲ့ အသိမျိုးတော့ မင်း မတွေးနဲ့နော်၊ အခု ငါနဲ့သူနဲ့ ဘာမှဆိုင်တော့တာ မဟုတ်ဘူး၊ နွေးကလဲ ငါ့ကို အပေါင်းအသင်းအဖြစ် တောင် လက်မခံတော့ဘူး၊ ငါကလဲ မဟုတ်တာလုပ်ခဲ့ တာကိုး၊ကဲပါ....မင်းသာ စိတ်သန့်သန့်နဲ့နွေးကိုချစ်ပါ၊ ငါတို့က ရည်းစားတောင်ဖြစ်ခဲ့ကြတာမှမဟုတ်တာ'

စကားတွေကို အားယူပြီးပြောရသည်။

နှလုံးသားတစ်ခုလုံး ချွန်ထက်သည့်ဆူးနှင့် ထိုးနေသကဲ့သို့ တဆစ်ဆစ်နာ၏။

'ဒီလိုဆို ငါယုံပြီ၊ ယုံတာကလဲ မင်းကိုယုံတာနော် ရဲမင်းသူ၊ မနွေးက မင်းကို သူငယ်ချင်းအဖြစ် လက်မခံ နိုင်တော့တာကိုတော့ ငါ စိတ်မကောင်းပါဘူး'

'ဘယ်တတ်နိုင်မလဲကွာ'

'ငါက နွယ်နွယ့်ကိုတောင် မေးခိုင်းထားတာ၊ကဲကွာ... ငါသွားမယ်၊ မင်းကိစ္စလဲ အဆင်ပြေမှာပါ၊ ငါလဲ နွေးနဲ့ အဆင်ပြေမှပြေပါ့မလားမသိဘူး'

'ပြေမှာပါ'

နှုတ်ဆက်ပြီး မင်းဇော်ထွက်သွားသည်။

နောက်ကျောပြင်ကို ငေးကြည့်ရင်း ရင်ထဲမှာ နင့်နင့်နက် နက် ခံစားနေရတာ အမှန်ပါ။

* * *

'ဟော့ ကောင်....လက်ဖက်ရည်သောက်ဦးလေ၊ အေး ပြီ၊ ဘာတွေစဉ်းစားနေတာလဲ'

တင်ဝင်းလူအသံကြားမှ အတွေးပျောက်သည်။

လက်ဖက်ရည်ခွက်ကို မ,ယူပြီး ပြီး မော့သောက်လိုက် ချိုအီအီနှင့် ရင်ထဲကိုဆိမ့်ဝင်သွား၏။



'ရွှေအပတ်တနင်္ဂနွေ အောင်စာရင်းတွေထွက်တော့မယ်တဲ့၊ ငါတို့ကြားတယ်'

လက်ဖက်ရည်ခွက်ကို အသာချပြီး ငြိမ်းချမ်းစကားကို အာရုံစိုက်လိုက်၏။

'ရင်တွေဘာတွေတော့ ခုန်ထားကွ၊ဘယ်လိုလဲ ရဲမင်းသူ၊ မင်းကော မခုန်ဘူးလား'

'အရင်အခြေအနေနဲ့ဆိုရင်တော့ ခုန်ချင်ခုန်လိမ့်မယ်၊ အခုတော့ ဘာမှမထူးခြားပါဘူးကွာ'

'မင်းကလဲ အချိန်တိုင်း ဒီအကြောင်းတွေးမနေနဲ့၊ မင်းဆယ်တန်းကို ရည်မှန်းချက်ကြီးကြီးနဲ့ ကြိုးစားထားတာမဟုတ်လား၊ ဒီမှာ ရဲမင်းသူ၊ ငါဖတ်ဖူးတဲ့ စာလေးတစ်ခုရှိတယ်၊ ငါပြောပြမယ်၊ 'ဘဝဟာ တိုသထက်တိုလာတယ်၊ နေ့ရက်များက အကုန်မြန်သထက်မြန်လာကြတယ်၊ တို့တစ်တွေ နေ့ရောညပါ ပျော်သထက်ပျော်အောင် နေထိုင်ကြပါစို့' တဲ့၊ အဲဒါ အမ်ဂေါ်ကီရေးတာ၊ ငါပြောချင်တာ အဲဒီ စာသားလေးထဲကအတိုင်းပဲ၊ နေ့ရောညပါ ပျော်သထက် ပျော်အောင်နေရမယ့်အချိန်မှာ မင်းက နေ့ရောညပါ လွမ်းနေမလိုလား၊ အချိန်ကြာရင် ဝေဒနာပျောက်သွားမယ်ဆိုပေမယ့် မင်း အခုခံစားနေရတာ တကယ်ပင်ပန်းပါတယ်ကွာ၊ လူ့ဘဝဆိုတာ တိုတိုလေးရယ်၊ဘာဖြစ်လဲ... ပျော်ဖျော်ပေါ့ကွ'

စကားကိုတန့်ပြီး တင်ဝင်းလူက ရေနွေးကို အကြိမ်ပန်းကန်လုံးထဲ ငှဲ့သောက်သည်။ ပြီး စကားကိုဆက်ပြန်၏။

'ဆုံးရှုံးမှုဆိုတာကတော့ လူတိုင်းကြုံနေရတာပဲလေ၊ ဒါကို စိတ်ပျက်ဝမ်းနည်းနေလို့ ဖြစ်မလား၊ ဘုရားက တောင် ဟောထားသေးတယ်၊ အကြိမ်တစ်ရာဆုံးရှုံးပြီးလျှင် တစ်ရာ့တစ်ကြိမ်မြောက် ကြိုးစားရန်အတွက် အသင့်ကြိုတင်ပြင်ဆင်ထားပါတဲ့၊မင်းက အခုမှတစ်ခါပဲ ရှိပါသေးတယ် ရဲမင်းသူရ၊ နှလုံးသားနဲ့ယှဉ်လို့ ဘာနဲ့ယှဉ်လို့ မင်းဆုံးရှုံးမှုကို ကြီးမားတယ်လို့တော့မထင်နဲ့၊ ဘယ်သူမှ ဆုံးရှုံးမှုကိုလိုချင်တဲ့သူ တွေမရှိဘူး၊ အနိုင်တော့ ရချင်တာပဲ၊ မရှိဘူးလား၊ ဆုံးရှုံးသင့်ဆုံးရှုံးထိုက်လို့သာ အရှုံးခံလိုက်ရတာ၊ မင်းဆိုရင် ဂုဏ်တောင်ယူရဦးမယ်၊ ဘာဖြစ်လို့လဲ သိလား'

တင်ဝင်းလူ ခေါင်းခါပြလိုက်သည်။

'သူများတွေဆို ကိုယ့်ချစ်သူကို ဘယ်လိုစွန့်လွှတ်မလဲ၊မင်းကျတော့ ကိုယ်ပေါ်တင်ထားတဲ့ ကျေးဇူးတရားကို ချစ်သူကိုစွန့်လွှတ်ခြင်းနဲ့ ပေးဆပ်လိုက်ရတယ်၊ ချစ်သူကို အချပ်လေးတစ်ချပ်လို သဘောထားပြီး စွန့်လွှတ်လိုက်တာမှ မဟုတ်တာ၊ ချစ်သူဟာ တဒီဘောင့်တင့်တယ်ဖြစ်ဖို့ရယ်၊ ပြုခဲ့ဖူးတဲ့ ကျေးဇူးကိုပြန်ပြီးဆပ်ချင်လို့ရယ်၊



ကျေးဇူးကို သိနားလည်သူအဖြစ် ဂုဏ်ယူနေစမ်းပါကွာ၊ အားငယ်ဝမ်းနည်းတယ်ဆိုတာတွေမဖြစ်သင့်ပါဘူး'

စကားအဆုံးမှာ လမ်းမဘက်ကို အကြည့်ပို့သည်။

'ဖေဒနာက ခံစားရတာ မကြာသေးတော့ ဘယ်လိုလုပ် လွယ်လွယ်နဲ့ ဖျောက်ဖျောက်ရမလဲ တင်ဝင်းလူရာ၊ အေးလေ....ရဲမင်းသူကလဲ အချိန်တိုင်းကြီးတော့ တွေးမနေနဲ့ပေါ့၊ ကိုယ်ပဲဒုက္ခဖြစ်မှာ'

ငြိမ်းချမ်းက စကားဝင်သည်။

အကြည့်ကို လမ်းမဘက်မှ ပြန်ရုပ်သိမ်းပြီး....

'ငါ့ကို နွေးပြောသွားတဲ့ စကားတစ်ခွန်း မင်းတို့မှတ်မိဦးမလား မသိဘူး'

'ဘာများလဲ'

'လွယ်လွယ်နဲ့ကြိုက်တော့လဲ လွယ်လွယ်နဲ့ မေ့သွားတာပေါ့တဲ့၊ ငါ အခု ခံစားနေရတာ အဲ့ဒါနဲ့ဆန့်ကျင်ဘက်ဖြစ်နေတယ်ကွာ'

'လွယ်လွယ်နဲ့မကြိုက်ခဲ့လို့ လွယ်လွယ်နဲ့ မေ့လို့မရဘူးလို့ မင်းပြောချင်တာလား ရဲမင်းသူ'

တင်ဝင်းလူကို ခေါင်းညိတ်ပြလိုက်၏။

တင်ဝင်းလူနှင့် ငြိမ်းချမ်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။

စကားကိုတန့်ပြီး တင်ဝင်းလူက ရေခွန်းကို အကြမ်းပန်းကန်လုံးထဲ ငှဲသောက်သည်။ ပြီး စကားကိုဆက်ပြန်၏။

'ဆုံးရှုံးမှုဆိုတာက တော့ လူတိုင်းကြုံနေရတာပဲလေ၊ ဒါကို စိတ်ပျက်ဝမ်းနည်းနေလို့ ဖြစ်မလား၊ ဘုရားက တောင် ဟောသွားသေးတယ်၊ အကြိမ်တစ်ရာဆုံးရှုံး ပြီးလျှင် တစ်ရာ့တစ်ကြိမ်မြောက် ကြိုးစားရန်အတွက် အသင့်ကြိုတင်ပြင်ဆင်ထားပါတဲ့၊မင်းက အခုမှတစ်ခါပဲ ရှိပါသေးတယ် ရဲမင်းသူရ၊ နှလုံးသားနဲ့ယှဉ်လို့ ဘာနဲ့ ယှဉ်လို့ မင်းဆုံးရှုံးမှုကို ကြီးမားတယ်လို့တော့မထင်နဲ့၊ ဘယ်သူမှ ဆုံးရှုံးမှုကိုလိုချင်ဘဲ့သူတွေမရှိဘူး၊ အနိုင် တော့ ရချင်တာပဲ၊ မရှိဘူးလား၊ ဆုံးရှုံးသင့်ဆုံးရှုံး ထိုက်လို့သာ အရှုံးခံလိုက်ရတာ၊ မင်းဆိုရင် ဂုဏ်တောင် ယူရဦးမယ်၊ ဘာဖြစ်လို့လဲ သိလား'

တင်ဝင်းလူ ခေါင်းခါပြလိုက်သည်။

'သူများတွေဆို ကိုယ့်ချစ်သူကို ဘယ်လိုစွန့်လွှတ်မလဲ၊မင်း ကျတော့ ကိုယ်ပေါ်တင်ထားတဲ့ ကျေးဇူးတရားကို ချစ်သူကိုစွန့်လွှတ်ခြင်းနဲ့ ပေးဆပ်လိုက်ရတယ်၊ ချစ်သူကို အချစ်လေးတစ်ရပ်လို သဘောထားပြီး စွန့်လွှတ်လိုက် တာမှ မဟုတ်တာ၊ ချစ်သူက တစ်ယောက်တင့်တယ် ဖြစ်ဖို့ရယ်၊ ပြုခဲ့ဖူးတဲ့ ကျေးဇူးကိုပြန်ပြီးဆပ်ချင်လို့ရယ်၊ ဒါတွေအတွက် စွန့်လွှတ် အဆုံးရှုံးခံလိုက်ရတာ၊



ကျေးဇူးကို သိနားလည်သူအဖြစ် ဂုဏ်ယူနေရမ်းပါကွာ၊ အားငယ်ဝမ်းနည်းတယ်ဆိုတာတွေမဖြစ်သင့်ပါဘူး'

စကားအဆုံးမှာ လမ်းမဘက်ကို အကြည့်ပို့သည်။

'ဝေဒနာက ခံစားရတာ မကြာသေးတော့ ဘယ်လို လုပ် လွယ်လွယ်နဲ့ ဖျောက်နိုင်ရမလဲ တင်ဝင်းလူရာ၊ အေးလေ....ရဲမင်းသူကလဲ အချိန်တိုင်းကြီးတော့ တွေး မနေနဲ့ပေါ့၊ ကိုယ်ပဲဒုက္ခဖြစ်မှာ'

ငြိမ်းချမ်းက စကားဝင်သည်။

အကြည့်ကို လမ်းမဘက်မှ ပြန်ရုပ်သိမ်းပြီး....

'ငါ့ကို နွေးပြောသွားတဲ့ စကားတစ်ခွန်း မင်းတို့မှတ်မိ ဦးမလား မသိဘူး'

'ဘာများလဲ'

'လွယ်လွယ်နဲ့ကြိုက်တော့လဲ လွယ်လွယ်နဲ့ မေ့သွားတာ ပေါ့တဲ့၊ ငါ အခု ခံစားနေရတာ အဲ့ဒါနဲ့ဆန့်ကျင်ဘက် ဖြစ်နေတယ်ကွာ'

'လွယ်လွယ်နဲ့မကြိုက်ခဲ့လို့ လွယ်လွယ်နဲ့ မေ့လို့မရဘူးလို့ မင်းပြောချင်တာလား ရဲမင်းသူ'

တင်ဝင်းလူကို ခေါင်းညိတ်ပြလိုက်၏။

တင်ဝင်းလူနှင့် ငြိမ်းချမ်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။

ပင့်သက်ချပြီး ကိုင်ရှေက ဗာဒံပင်ဆီ အကြည့်ရောက်သည်

စကားကိုတန့်ပြီး တင်ဝင်းလူက ရေနွေးကို အကြမ်းပန်းကန်လုံးထဲ ငှဲ့သောက်သည်။ ပြီး စကားကိုဆက်ပြန်၏။

'ဆုံးရှုံးမှုဆိုတာကတော့ လူတိုင်းကြုံနေရတာပဲလေ၊ ဒါကို စိတ်ပျက်ဝမ်းနည်းနေလို့ ဖြစ်မလား၊ ဘုရားကတောင် ဟောသွားသေးတယ်၊ အကြိမ်တစ်ရာဆုံးရှုံးပြီးလျှင် တစ်ရာ့တစ်ကြိမ်မြောက် ကြိုးစားရန်အတွက် အသင့်ကြိုတင်ပြင်ဆင်ထားပါတဲ့၊မင်းက အခုမှတစ်ခါပဲ ရှိပါသေးတယ် ရဲမင်းသူရ၊ နှလုံးသားနဲ့ယှဉ်လို့ ဘာနဲ့ယှဉ်လို့ မင်းဆုံးရှုံးမှုကို ကြီးမားတယ်လို့တော့မထင်နဲ့၊ ဘယ်သူမှ ဆုံးရှုံးမှုကိုလိုချင်တဲ့သူတွေမဟုတ်ဘူး၊ အနိုင်တော့ ရချင်တာပဲ၊ မဟုတ်ဘူးလား၊ ဆုံးရှုံးသင့်ဆုံးရှုံးထိုက်လို့သာ အရှုံးခံလိုက်ရတာ၊ မင်းဆိုရင် ဂုဏ်တောင်ယူရဦးမယ်၊ ဘာဖြစ်လို့လဲ သိလား'

တင်ဝင်းလူ ခေါင်းခါပြလိုက်သည်။

'သူများတွေဆို ကိုယ့်ချစ်သူကို ဘယ်လိုစွန့်လွှတ်မလဲ၊မင်းကျတော့ ကိုယ်ပေါ်တင်ထားတဲ့ ကျေးဇူးတရားကို ချစ်သူကိုစွန့်လွှတ်ခြင်းနဲ့ ပေးဆပ်လိုက်ရတယ်၊ ချစ်သူကို အချပ်လေးတစ်ချပ်လို သဘောထားပြီး စွန့်လွှတ်လိုက်တာမှ မဟုတ်တာ၊ ချစ်သူဟာ တန်ဖိုးထားသင့်တင့်တယ် ဖြစ်ဖို့ရယ်၊ ပြုခဲ့ဖူးတဲ့ ကျေးဇူးကိုပြန်ပြီးဆပ်ချင်လို့ရယ်၊ ဒါတွေအတွက် စွန့်လွှတ် အဆုံးရှုံးခံလိုက်ရတာ၊



ကျေးဇူးကို သိနားလည်သူအဖြစ် ဂုဏ်ယူနေရမ်းပါကွာ၊ အားငယ်ဝမ်းနည်းတယ်ဆိုတာတွေမဖြစ်သင့်ပါဘူး'

စကားအဆုံးမှာ လမ်းမဘက်ကို အကြည့်ပို့သည်။

'ဗေဒနာက ခံစားရတာ မကြာသေးတော့ ဘယ်လိုလုပ် လွယ်လွယ်နဲ့ ဖျောက်ဖျက်ရမလဲ တင်ဝင်းလူရာ၊ အေးလေ....ရဲမင်းသူကလဲ အချိန်တိုင်းကြီးတော့ တွေးမနေနဲ့ပေါ့၊ ကိုယ်ပဲဒုက္ခဖြစ်မှာ'

ငြိမ်းချမ်းက စကားဝင်သည်။

အကြည့်ကို လမ်းမဘက်မှ ပြန်ရုပ်သိမ်းပြီး....

'ငါ့ကို နွေးပြောသွားတဲ့ စကားတစ်ခွန်း မှင်းတို့မှတ်မိဦးမလား မသိဘူး'

'ဘာများလဲ'

'လွယ်လွယ်နဲ့ကြိုက်တော့လဲ လွယ်လွယ်နဲ့ မေ့သွားတာပေါ့တဲ့၊ ငါ အခု ခံစားနေရတာ အဲ့ဒါနဲ့ဆန့်ကျင်ဘက် ဖြစ်နေတယ်ကွာ'

'လွယ်လွယ်နဲ့မကြိုက်ခဲ့လို့ လွယ်လွယ်နဲ့ မေ့လို့မရဘူးလို့ မင်းပြောချင်တာလား ရဲမင်းသူ'

တင်ဝင်းလူကို ခေါင်းညိတ်ပြလိုက်၏။

တင်ဝင်းလူနှင့် ငြိမ်းချမ်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။

ပင့်သက်ချပြီး ဆိုင်ရှေ့က ဗာဒံပင်ဆီ အကြည့်ရောက်သည်

အပင်ပေါ်မှာ အရွက်လေးတွေဝါကျင်ခြောက်သွေ့နေတာ တွေ့သည်။
မကြာခင် မိုးရောက်တော့မှာပဲ။
လေအတိုက်မှာ ရွက်ဝါလေးတွေ ကြွေကုန်သည်။
ဘာရယ်မဟုတ်။
ငေးတော့ ငေးနေမိသည်လေ။

☆

(၂၀)

'သား....ရဲမင်းသူ'
မေမေ့အသံ။
ဘာလဲ မေမေဟု အသံပြန်ပြုတော့....
'အောင်စာရင်းတွေထွက်နေပြီပြောတယ်၊ သွားကြည့်တော့လေ'
အိပ်ရာက ကမန်းကတန်း ထလိုက်၏။
သွားတိုက် မျက်နှာသစ်ပြီး အဝတ်အစားလဲသည်။ အောင်စာရင်းထွက်ပြီဆိုတော့ အောင်မည်သိလျက်နှင့် ရင်က အခုန်မြန်နေ၏။

တင်ဝင်းလူနှင့် ငြိမ်းချမ်းကိုဝင်ခေါ်တော့ သွားနှင့်ပြီပြော သည်။

ရဲမင်းသူ ခြေလှမ်းကို တင်လိုက်၏။

အောင်စာရင်းကပ်သည့်နေရာရောက်တော့ လူတွေပြုံတိုး နေတာ တွေ့သည်။

တင်ဝင်းလူနှင့် ငြိမ်းချမ်းက လူအုပ်နောက်နားမှာ ရပ် လျက်....

'ဟေ့ကောင်တွေ ကြည့်ပြီးပြီလား၊ ဘယ်လိုလဲ'

'လူများနေလို့ မတိုးရသေးဘူးကွ၊ ပြီးရင်တော့ တိုး မယ်'

ကျောင်းသားတစ်အုပ်က တိုးကောင်းတုန်း....

'ကြာဘယ်ကွာ၊ ရပ်နေလို့ကတော့ အဖြေကိုဘယ်လိုမှ သိမှာမဟုတ်ဘူး၊ လာကွာ....ဝင်တိုးမယ်'

တင်ဝင်းလူနှင့် ငြိမ်းချမ်းကို ဆွဲခေါ်ပြီး လူအုပ်ကြားထဲ တိုးဝှေ့ဝင်သည်။

ချွေးကတော့ ပြန်လာ၏။

သိချင်စိတ်နှင့် မည်သူ့ကိုမျှ ဂရုမထားနိုင်။ တိုးဝှေ့ရင်း အောင်စာရင်းကပ်ထားသည့် ကျောက်သင်ပုန်းကို မြင်ရသည်။

ချွေးသံရွှဲစိုနှင့် ကျောက်သင်ပုန်းနားရောက်တော့ ကိုယ့် ကျောင်းကို ရှာသည်။

တွေ့တော့ ခုံနံပါတ်ကို အလောတကြီးရှာ၏။

တွေ့ပြီပဲ....



နာမည်က ရဲမင်းသူ။ နောက်ဆုံးက ဂုဏ်ထူးတွေနှင့်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဖစ်ဆစ်နှင့် မက်စ်။

ရင်မှာ အရှိန်းပျော်သွားသည်။

ဘယ်လိုလဲ....တွေ့ပြီလားဆိုသည့်အသံကြားမှ တင်ဝင်းလူကို ရှေ့ကိုဆွဲခေါ်ပြီး ဒီမှာဟု ပြလိုက်၏။

အောင်ပြီဆိုသည့် ဝမ်းသာစိတ်နှင့် လူအုပ်ထဲမှ တိုးထွက် လိုက်ကြ၏။

မျက်နှာမှ ချွေးသံများကို သပ်ချနေဆဲဝယ် ရှေ့တည့်တည့် ကားတစ်စီးလာရပ်သည်။

ဖျတ်ခနဲကြည့်တော့ မင်းဇော်။

သူ့ဘေးမှာ ကောင်မလေးတစ်ယောက်။

တံခါးကိုဖွင့်ပြီးဆင်းလာမှ မျက်နှာကိုသေသေချာချာကြည့် ရသည်။

နွေးပါလား။

တစ်သက်တာ ထာဝရ မေ့မရနိုင်တဲ့ နွေးပါလေ။

မင်းဇော်က သူ့ကိုမြင်သွားပြီး ထံပါးသို့ အပြေးကလေး ရောက်လာ၏။

'ရဲမင်းသူ....မင်း ဒီ့ဘယ်နှစ်ခုလဲ၊ ကြည့်ပြီးပြီလား'

'ဒီ့လေးခုပါတယ် မင်းဇော်၊ ကယ်မက်စ်တြိုနဲ့ဘိုင်အို မပါဘူး၊ ဖစ်ဆစ်ပါလာတယ်၊ မင်းကို အရှမ်းကျေးဇူး တင်တယ်ကွာ၊ မင်း ကျေးဇူးတွေပဲ'

'မင်းတော်လို့ ရတာပါ'

'မဟုတ်ဘူးလေ၊ မင်းရဲ့ စေတနာကို ငါ လေးစား ရမယ်'

မှင်းဇော်က ပခုံးကို ဆုပ်ကိုင်ညှစ်ပြီး....

'ဝမ်းသာတယ်ကွာ၊ ကျေးဇူးတင်ဖို့မလိုပါဘူး၊ ငါတို့ လိုချင်တဲ့လိုင်းရောက်ဖို့ပဲ မဟုတ်လား၊ နေဦးကွ....ငါ မကြည့်ရသေးဘူး၊ ဟိုမှာ မနွေးလဲ ပါလာတယ်'

'အဆင်ပြေပြီနော်'

'ဒီနေ့မှ အဖြေပေးမယ်ပြောအယ်'

ဩော်....နွေးက မင်းကို အဖြေပေးတော့မှာတဲ့လား။

မင်းဇော်ထွက်သွားတော့ နွေးကို လှမ်းကြည့်မိသည်။

ကားနောက်မှာ ခေါင်းငုံ့ရပ်နေတာ တွေ့ရ၏။

သူက ခပ်လှမ်းလှမ်းမှာသွားရပ်ပြီး နွေးကို ကျောခိုင်းထား လိုက်သည်။

မမြင်တွေ့ချင်လို့ တမင်နောက်ကွေ့ရှောင်ပါသော်သည်း ရှောင်လို့ မရသူတွေကို မြင်နေရသည်ပဲလေ။

ဘယ်တော့မှ ပြန်မရနိုင်တော့ဘဲ အညာဘက်ခုကို နောက်ဆုံး အကြိမ် တရှိုက်မက်မက်ကြည့်နေဖို့ ခွန်အားမရှိတော့ပြီပဲ။

'ရဲမင်းသူ...ငါတိုင်အိုပါတယ်၊ ငြိမ်းချမ်းက ဖစ်ဆက် ပါတယ်'

တင်ဝင်းလူအသံကြားမှ တင်ဝင်းလူဘို့ ပြန်ထွက်လာတာ သတိထားဖြစ်သည်။

ဝမ်းသာစရာကြီးပေါ့ကွာ ဟု ပြောပြီး သွားဖို့ပြင်သည်။



သည်တွင် တင်ဝင်းလူနှင့် ငြိမ်းချမ်းက နွေးကိုမြင်သွားပြီး သူ့ကို လက်တို့သည်။

'ငါ မြင်ပြီးပါပြီ'

ခြေလှမ်းကို လှမ်းထွက်သည်။

ရင်ထဲကမုန်တိုင်းကိုတော့ ကိုယ်ဘာသာသိပါ၏။

'မင်းဇော်က ဒီနှ့ခြောက်ခု တောင် ရဲမင်းသူ၊ ဒီကောင် ကတော့ ကံကောင်းပြီးရင် း ကံကောင်းပဲ'

ဘေးမှ ယှဉ်ပါလာရင်း တင်ဝ င်းလူက ပြောသည်။

လမ်းတစ်လျှောက်မှာ နှုတ်ဆိတ်နေရသည့်အဖြစ်။

ပျော်တစ်ဝက် မပျော်တစ် ဝက် ခံစားရသည့်အဖြစ်တွေ။

အို....ကိုယ့်ကိုယ်ကို တကယ် မကျေနပ်ခဲ့ပါဘူး။

ချစ်သူအတွက် ငဲ့ညှာစရာရှိတယ်ဆိုတာကိုသိခဲ့ရင် ကျေးဇူးတရားနဲ့ပတ်သက်ပြီး ငဲ့ကွက်စရာရှိတယ်ဆိုတာသိခဲ့ရင်'ချစ်တယ်' ဆိုတဲ့ စကား ကိုယ်ပြောထွက်မှာမဟုတ်ပါဘူး နွေး။

သမုဒယအပူသစ်တွေနဲ့ ယခုဘဝလူဖြစ်အောင် ကံကြမ္မာက ဖန်လာတော့ အပူလမ်းမှာ တစ်ယောက်တည်းလျှောက်လှမ်းရတော့မှာပါလေ။

ဒါပေမယ့် တွေ့စကတည်းက မေ့မရခဲ့တဲ့ 'နွေး' ဆိုတဲ့ ကောင်မလေးတစ်ယောက်ကတော့ နှလုံးသားမှာ ထာဝရအမြဲ တည်ရှိနေမယ်လို့ ယုံကြည်နေဆဲပါ။

ဟုတ်ပါတယ်လေ။

နှလုံးသားထဲမှာ နွေးတစ်ယောက် ထာဝရရှိနေဦးမှာပါပဲ။

နှလုံးသားမှာ နွေး ရှိနေဦးမှာပါပဲ။

☆

အပိုင်း-နှစ်

(၃၀)

တွယ်ငြိရစ်ထဲ့
ကြေကွဲကျွမ်းမြိုက်၊ လွမ်းလိုက်ပူဆွေး
ငိုကြွေးကျွမ်းမြေ့၊ ရွှေ့ရွှေ့ဖြတ်သန်း
အပူလှမ်းမှာ၊ လွမ်းရှုမဆုံး
အမုန်းများစွာမေးလေပြီ
ကြေဒ်....
နှလုံးသားမှာ နွေးနေသည်။

ဟောင်းနွမ်းနေသော ဒိုင်ယာရီစာအုပ်လေးပေါ်မှ နွေးနှင့် လမ်းခွဲချိန်မှာ ရေးခဲ့သော ကဗျာလေးကို အသပ်ထပ်ဖတ်ရင်း ရင်မှာ ထိခိုက်ရသည်။

လွန်ခဲ့သော အတိတ်ကိုသူညီး ပြန်လည် သတိရနေပြန်ပါ၏။

နွေးနဲ့ မင်းဇော် တူမခွဲ တဘွဲ့ဘွဲ့ပဲလို့ပြောခဲ့တဲ့ တင်ဝင်းလူ စကားတွေ ပြန်ကြားသည်။

သူတို့ လက်တွဲဖြစ်ပြီပဲလို့လည်း တွေးပါ၏။

ကျောင်းတွေမှတက်ရသေးသရွေ့ ကာလမှာ ထာဝရ မမေ့နိုင်အောင် တွေ့ပိုင်ခွင့်က သတိချခြင်းပဲဖြစ်နေသည်လေ။

စာအုပ်ဆိုင်ဖွင့်ပြီး အိမ်ဆိုင်လေးတည်ထားကာ အိမ်၏ စီးပွားရေး အထောက်အကူတစ်ခုအတွက်ရော မိမိ ပညာရေး အတွက်ရော ကူညီလုပ်ပေးနေခဲ့သည်။

အလုပ်လုပ်နေသည့် အချိန်မှာသာ အလုပ်ထဲကို စိတ်ကရောက်သည်။

ကျန်အချိန်တွေမှာတော့ တိုက်ဆိုင်သည်ဖြစ်စေ မတိုက်ဆိုင်သည်ဖြစ်စေ သတိရလို့နေပါသေး၏။

မင်းဇော် မိမိသံ အသာကျဲ့သော်လည်း တင်ဝင်းလူနှင့် ငြိမ်းချမ်းကတော့ အမြဲရောက်နေခဲ့သည်။

အိမ်ပြင်သို့ထွက်ခဲ့လျှသော သူ့ကို သူငယ်ချင်းနှစ်ယောက်ကကြားရသမျှ ဖောက်သည်ချသည်။



နောက်ပိုင်းမှာတော့ သူ့ကို နားလည်စွာနှင့် နွေးတို့ အကြောင်း တစ်ခွန်းမှမပြောတော့။

ဆုံစည်းလျှင် တခြားအကြောင်းကိုသာ ပြောဖြစ်ကြသည်။

သူငယ်ချင်းတွေနှင့်ဆုံစည်းချိန်၊ အလုပ်မှာ စိတ်နှစ်ချိန်များတွင်သာ သူ့ဝေဒနာကို ကုစားနိုင်ခဲ့သည်။

သည်လိုမှ မကုစားနိုင်ခဲ့လျှင်လည်းလေ...

## ( ၃၁ )

'ရဲမှင်းသူ... ရဲမင်းသူ'

ခေါ်သံမှာ ထိတ်လန့်မှုတွေပါနေ၏။

ခြံထဲကိုပြေးဝင်လာသော တင်ဝင်းလူကိုမြင်တော့ အံ့အာ
သင့်စွာ ကြည့်နေမိသည်။

'ဟေ့ကောင်....မှင်းဇော်လေ....မင်းဇော်'

'တင်....မင်းဇော် ဘာဖြစ်လို့လဲ တင်ဝင်းလူ၊ ပြောစမ်
ပါကွ၊ မင်းဇော် ဘာဖြစ်လို့လဲ'

'မင်းဇော် ကားမှောက်ပြီ'

'ဟင်....'

ရင်မှာ ထိတ်ခနဲဖြစ်သည်။

တင်ဝင်းလူလက်မောင်းကို ကိုင်လှုပ်ရင်း....

'မင်း ဘယ်ကကြားလာတာလဲ'

'ငါ မင်းဆီကိုလာတော့ မင်းဇော်တို့လမ်းထိပ်က ဖြတ်လာတာ၊ လမ်းထိပ်ရောက်တော့ မင်းဇော် အဖေရယ် အမေရယ် ကားနဲ့ ရေးကြီးသုတ်ပျာထွက်လာတာ ငါက ဘယ်သွားမလို့လဲ ဦးလို့ မေးတော့ မင်းတို့သူငယ်ချင်း ကားမှောက်လို့ ဆေးရုံရောက်နေတယ်တဲ့၊ အဲ့ဒါသွားမလို့ ဆိုတာနဲ့ ငါလဲ မင်းဆီပြေးလာတာ၊ အသေးစိပ်တော့ ဘာမှမသိရသေးဘူး၊မင်းဇော်အမေကတော့ ငိုလို့ ရဲမင်းသူ'

'ဒုက္ခပါပဲကွာ၊ ဒါဆို တို့ ဆေးရုံလိုက်သွားရအောင်'

ဖေဖေနှင့် မေမေကို အသိပေးပြီး အင်္ကျီကို ကမန်းကတန်းလဲသည်။ နှစ်ယောက်သား ငြိမ်းချမ်းဆီသို့ အပြေးကလေးထွက်ခဲ့ကြ၏။ ငြိမ်းချမ်းကို အဆင်သင့်တွေ့ပြီး အကျိုးအကြောင်းပြောပြသည်။

'ဟာ....ဘယ်လိုဖြစ်ရတာလဲကွာ၊ဒီကောင် ကားမောင်း



စကားဆက်မဆိုဖြစ်။

ဆေးရုံရောက်တော့ အန်ကယ်တင့်ဇော်နှင့် အန်တီကြည်ကို တွေ့သည်။

'ကျွန်တော်တို့သိသိချင်းလိုက်လာကြတာပါ အန်ကယ်၊ မင်းဇော် ဘယ်လိုဖြစ်တာလဲ အန်ကယ်ရယ်၊ သူနေ့တိုင်း ဆိုင်သွားနေတာပဲ မဟုတ်လား'

'သူ ဆိုင်မလိုက်တာကြာပြီ ရဲမင်းသူ၊ သူ့အစ်ကိုတွေနဲ့ လိုက်ချင်တဲ့နေ့ လိုက်၊ မလိုက်ချင်တဲ့နေ့ မလိုက်နဲ့ အန်ကယ်တို့လဲ သူ့ကို အောင်စာရင်းထွက်ပြီးကတည်းက သူလုပ်ချင်တာလုပ်ပါစေဆိုပြီး လွှတ်ထားတာ မှားသွားတယ်ကွာ၊ ကားတစ်စီးနဲ့လျှောက်သွား၊ ဒီကြားထဲ ကောင်မလေးတွေနဲ့ တွဲလိုက်သေးတယ်'

စကားကိုတန့်ပြီး အန်ကယ်တင့်ဇော်က မျက်နှာမှ ချွေးစများကို လက်ကိုင်ပဝါနှင့်သုတ်သည်။ ဆက်လာမည့်စကားကို ရဲမင်းသူတို့ နားစွင့်လိုက်ကြ၏။

'သူ ကောင်မလေးတစ်ယောက်ကို ကားပေါ်တင်ပြီး လျှောက်သွားနေတာ အန်ကယ်တို့သိတယ်၊ ဒါပေမယ့် မသိချင်ယောင်ဆောင်နေခဲ့ပါတယ်၊ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်တာ အန်ကယ်တို့ နားလည်ပါတယ်၊ အခုလဲ ကားနဲ့လျှောက်လည်ပြီး အပြန်မှာဖြစ်တာ ထင်တယ်၊ မီးပွိုင့်မှာ အရှိန်မထိန်းနိုင်ဘဲ ဖြစ်အသွားမှာ ကုန်တင်ကားက ဖြတ်တိုက်တာ'

‘မင်းဇော်အခြေအနေ ကိုသိပါရစေ အန်ကယ်’

‘အခု ခွဲစိတ်ခန်းထဲမှာ ကောင်မလေးကတော့ သတိလစ်သွားတယ်၊ သူကတော့ ပွန်းရုံပဲ့ရုံလောက်ပဲ၊ အခု အဲဒီကောင်မလေးအိမ်လဲ အကြောင်းကြားခိုင်းလိုက်ပြီ’

‘ကောင်မလေးလဲပါ၊ဘယ်ဟုတ်လား အန်ကယ်’

အန်ကယ်တင့်ဇော်က ခေါင်းညိတ်ပြသည်။

အတွေးမှာမြင်လာသည့် နွေး၏ ပုံရိပ်။

‘အန်ကယ်.... အဲဒီကောင်မလေးဆိုတာ ကျွန်တော့်သူငယ်ချင်းပါပဲ အန်ကယ်’

‘ဟုတ်လား၊ ဟိုခရှုကအခန်းပဲကွာ၊ အန်ကယ်တို့လဲ စိတ်ကို အတော်နောက်ကျသွားရတာပါပဲ’

အန်ကယ်တင့်ဇော် ညွှန်ပြသည့်အခန်းသို့ သုံးယောက်သား ခပ်သွက်သွက်လျှောက်ခဲ့ကြသည်။

အခန်းဝရောက်တော့ အိပ်ရာပေါ်မှာ ပတ်တီးများ စည်းထားသော နွေးကို မြင်သည်။

သူတို့ကိုမြင်တော့ နွေး အံ့သြသွားသည်ထင်ပါ၏။

ငေးကြောင်ကြောင်ကြည့်နေရာမှ ခေါင်းကိုငုံ့ပြီး နွေး ငိုတော့သည်။

‘နွေး’

ခေါ်တော့ နွေးက မျက်ရည်ပြည့်လျှံနေသည့် မျက်လုံးနှင့် မော့ကြည့်သည်။



‘ကျွန်တော်တို့ နွေးကို သတင်းလာမေးတာပါ၊ နွေးအိမ်ကို အကြောင်းကြားပြီးပြီလို့ မင်းဇော်ဖေဖေက ပြောပါတယ်၊ ဘာမှစိတ်မပူနဲ့နော်၊ မင်းဇော်လဲ တော်တော်ကြာဆို အခြေအနေသိရမှာပါ၊ အခြေအနေလဲ ကောင်းမှာပါ၊ နွေး အခု ဘာလုပ်ချင်သလဲ၊ ကျွန်တော်တို့ကို သူငယ်ချင်းတွေအနေနဲ့ ပြောစရာရှိတာ ပြောပါ၊ ခိုင်းစရာရှိတာ ခိုင်းပါ’

နွေးထံမှ စကားသံမထွက်။

ရှိုက်သံပွင့်ထွက်လာသည်။

အတန်ကြာမှ နွေးက....

‘ဘာမှမလိုပါဘူး၊ ကျေးဇူးတင်ပါတယ်၊ သူ....သူ.... ဘယ်လိုနေလဲဟင်၊ အဲ့ဒါကိုပဲ နွေး သိချင်ပါတယ်’

စကားနှင့်အတူ သွန်ကျလာသည့်မျက်ရည်တွေ။

ရဲမင်းသူ နွေးမျက်နှာကို ကရုဏာသက်စွာ ကြည့်မိပါ၏။

နွေးကို စကားဆိုရန် နှုတ်ခမ်းတွန့်အလှုပ်တွင် နောက်ပါးမှ ခြေသံနှင့် အသံများကိုကြားသည်။

လှည့်ကြည့်တော့ နွေးမမနှင့် မေမေ။

နွေး ငိုအားသန်နေဆဲဝယ် ရဲမင်းသူက မမသွေးမျက်နှာကို တစ်ချက်ဝေ့ကြည့်ပြီး ခြေလှမ်းကို ရွှေ့လျားသည်။

နံဘေးမှ တင်ဝင်းလူနှင့် ငြိမ်းချမ်း ကပ်လိုက်လာသည်။

ခြေလှမ်းဆယ်လှမ်းမြောက်တွင် တင်ဝင်းလူက....

'မင်း နွေးကိုရော မင်းဇော်ကိုရော မနာကြည်းသေးဘူး လား ရဲမင်းသူ'

'သူတို့နှစ်ယောက် အဆင်ပြေအောင် ငါကနောက်ဆုတ်ပေးလိုက်တာပဲကွာ၊ နာကြည်းစရာအကြောင်း ဘာမှ မရှိပါဘူး'

အမေးကို မျက်နှာလှမ်းမကြည့်ဘဲ ဖြေသည်။

'မင်းဇော်က မင်းအပေါ်ဆို အရမ်းကောင်းပါတယ်'

'မင်းတို့မသိတဲ့ ကောင်းတာတွေရှိသေးတယ် တင်ဝင်းလူ၊ မင်းဇော်အတွက် ငါ့နှလုံးသားကိုစတေးရတာ ငါ မပျော်တောင် သူ့အတွက်ဝမ်းသာပါဘယ်'

လှမ်းနေသည့် ခြေလှမ်းတွေ....

ပင့်သက်ကို ခပ်ကြမ်းကြမ်းအချတွင် ရှိုက်ငိုသံတွေက နားဆီသို့ စည်ခနဲ ရောက်လာ၏။

'ဟာ'

ရင်မှာ ထိတ်ထိတ်ပျာပျာဖြစ်မှုနှင့်အတူ ရဲမင်းသူတို့ အပြေး လေးသွားသည်။ အန်ကယ်တင့်ဇော်၏ ခေါင်းငိုက်စိုက်ချ ထားသည့်ဟန်။ အန်တီကြည်၏ ထိန်းသိမ်းမရစွာ ငိုကြွေးမှု။

'အန်တီ....အန်တီ'

'သားတို့ရယ်.... မင်းတို့သူငယ်ချင်းလေ ဆုံးပြီကွယ့်.... ဆုံးပြီ'

'ဗျာ....'



စိတ်တစ်ခုလုံးကို ထိန်းချုပ်နိုင်စွမ်းမရှိတော့။ တင်ဝင်းလူ နှင့် ငြိမ်းချမ်း ချက်လွှာကို အသာချသည်။

ရဲမင်းသူ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၏။

ဆုံးပြီတဲ့။

လူ့ဘဝလူ့လောကကြီးထဲမှာ သူငယ်ချင်း မရှိတော့ဘူး ပေါ့။

အံကိုတင်းတင်းကြိတ်လိုက်သည်။

မျက်ရည်ပေါက်များက ပါးပြင်ပေါ် လိမ့်ကျလာ၏။

တင်ဝင်းလူနှင့် ငြိမ်းချမ်းက ရဲမင်းသူကိုဆွဲခေါ်လာသည်။

'ကံတရားပဲ သူငယ်ချင်းရာ၊ တို့ဘစ်တွေ အားလုံး ဝမ်းနည်းကြပါတယ်'

ခေါင်းကို ငိုက်စိုက်ချလိုက်၏။

အိပ်မက်တစ်ခုမဟုတ်သည်ကိုလည်း စိတ်က သိလိုက်သည်။

☆

## (၄၂)

'တို့ပြောနေတာ မင်းအတွယ် ရဲမင်းသူ၊ မင်း ခံစားနေရတာ မကြည့်ရက်လို့'

မင်းဇော် အသုဘအခမ်းအနားပြီးသည်အထိ သွားပြီး ဝိုင်းလုပ်ပေးခဲ့သည်။ သူငယ်ချင်းတွေကို မြင်တော့ မင်းဇော် အကြောင်းတွေးပြီး စိတ်ကကောင်းနိုင်ခြင်းမရှိ။

ကိုဖျော့ဖွဲ့အားလုံးပြီးမှ အိမ်ပြန်ရောက်သည်။ နောက်ရက်ကျော ... တင်မင်းလူတို့နှင့် မတွေ့ဖြစ်၊ သည်နေ့မှ အာဇစ်တီကူးဧ ပါကီ

ပြီး ရောက်လာကြသည်မသိ။ လက်ဖက်ရည်ဆိုင်ဆွဲခေါ်ပြီး ပြီးခဲ့သည့် အကြောင်းရာများကို နွေးကို ပြန်ရှင်းပြဖို့တိုက်တွန်းကြသည်။

'တို့နှစ်ယောက်ပြောနေတာ မင်းအတွက်ဆိုတာတော့ နားလည်ပေးကွာ'

'နားလည်ပါတယ်ကွာ၊ ဒါပေမယ့် မင်းဇော်ဆုံးတာ တစ်လကျော်ကျော်ပဲရှိသေးတယ်၊ နှစ်လတောင်မပြည့်သေးဘူး၊ ငါ့အနေနဲ့ သစ္စာမဲ့ရာကျမှာပေါ့၊ ပြီးတော့ နွေးရင်ထဲမှာ မင်းဇော်ကလွဲလို့ ဘယ်သူ့ကိုမှ အစားထိုးနိုင်မှာ မဟုတ်သေးဘူး'

'ဘာဆိုင်လဲကွ၊ မင်း တစ်ဖက်သတ်အတွေးတွေနဲ့မပြောစမ်းပါနဲ့၊ မင်းဇော်နဲ့ သူနဲ့ လက်ထပ်ထားတာမှ မဟုတ်တာ၊ မင်းဇော်ဆုံးတာ ဘယ်လောက်ပဲကြာကြာ မကြာကြာ၊ မင်းက ချစ်လို့ထားခဲ့ရတာ၊ မင်းပဲ မင်းဇော်ကို ကျေးဇူးဆပ်ချင်လို့ဆို၊ အခု မင်း အနစ်နာခံခဲ့ပြီးပြီပဲ၊ မင်းဇော်နဲ့ နွေးနဲ့ လက်တွဲတယ်၊ မင်းစိတ်တိုင်းကျပဲ၊ အခု မင်းဇော်မရှိတော့ဘူး၊ ဒီတော့ မင်းက နွေးကို အဖြစ်မှန်တွေပြန်ရှင်းပြပြီး ပြန်ဆက်သင့်တယ်လို့ ထင်တယ်၊ အေး....တစ်ခုတော့ရှိတယ်၊ မင်းပြောသလိုပေါ့၊ နွေး ရင်ထဲမှာ မင်းဇော်အရိပ် ရှိနေသေးရင် မင်း သည်းတော့ခံရမှာပေါ့'



'နွေးနဲ့ပတ်သက်ရင် အရာရာကို ခွင့်လွှတ်ပြီးသားပါ တင်ဝင်းလူ'

ချဖြစ်သည့် ပင့်သက်မှာ အမောတွေပါနေသည်။ အပေါ်ရည်တင်းနေသော လက်ဖက်ရည်ခွက်ဆီ အကြည့်ပို့ပြီး....

'နွေးကို ငါက ချစ်တယ်လို့ နောက်တစ်ခါထပ်ပြောရမှာလား တင်ဝင်းလူ၊ မဖြစ်ဘူးထင်တယ်ကွာ၊ နွေးက ငါ့ကို သူငယ်ချင်းအဖြစ်တောင် လက်ခံနိုင်တဲ့အဆင့်မရှိတော့ဘူးဆိုတာ မင်းတို့အသိပဲ'

'ချစ်တယ်လို့ ထပ်ပြောဖို့ ငါတို့မဆိုလိုပါဘူး၊ လက်ခံတာ မခံတာက နွေးအပိုင်းပဲ၊ ရှင်းပြဖို့ကတော့ မင်းတာဝန်လေ၊ နွေး သံသယရှင်းတယ်ဆိုရင် မင်းကိစ္စက တစ်မျိုးပြောင်းသွားနိုင်တာပဲ မဟုတ်ဘူးလား'

အတွေးတွေ ထွေလာရ၏။ နွေးကို ရှင်းပြရလျှင် နွေး နားလည်နိုင်ပါ့မလား၊ လက်ခံနိုင်ပါ့မလား။ ဒါတွေကို နွေးနှင့် တွေ့မှ သိရပါမည်။

တင်ဝင်းလူက သူ့စကားကို ဆက်၏။

'ငါတို့က မင်းနဲ့ နွေးက အစကတည်းက သဘောတူကြတာ၊ မထင်မှတ်ဘဲ ဖြစ်လာတဲ့အခြေအနေကြောင့် ကွဲသွားတာကို လက်မခံချင်ဘဲ ကာယကံရှင် မင်းဘက်က နာခဲ့သေးတာ၊ အခု မင်းကိုတိုက်တွန်းဖို့ ငါတို့မှာ တာဝန်ရှိတယ်ထင်တယ်လေ၊ မင်း နွေးကို သေသေချာချာ ရှင်းပြပါ ရဲမင်းသူ၊ ယောကျ်ားတစ်ယောက်ရဲ့

မာနကို အောက်ချပြီးသွားတာမဟုတ်ဘူး၊ မင်းချစ်တဲ့သူကို ပြောသင့်ပြောထိုက်တဲ့စကား သွားပြောတာ၊ ဒါ မင်းအတွက် ရှက်စရာမလိုဘူး'

'တကယ်လို့ နွေးကလက်ခံရင်ကောင်းတယ်၊ လက်မခံရင် ငါ့မဲ့ ထပ်ခံစားရမှာ တင်ဝင်းလူ'

'လက်မခံရင် ချစ်သူက မှုန်းအပေါ် အမြင်ရှင်းစေတဲ့ နောက်ဆုံးစကားဖြစ်သွားမှာပဲ၊လက်ခံရင်တော့ ချစ်သူဆီမှာ အဖြေတောင်းတဲ့စကား ဖြစ်သွားမယ်၊ အဲဒါကတော့ နွေးရဲ့စိတ်နဲ့ သက်ဆိုင်တယ်ဟေ့၊ ဒါပေမယ့် မင်းအပေါ်ထားခဲ့တဲ့ သံယောဇဉ်နဲ့ မရက်စက်ဘူးလို့ ထင်တာပဲ၊ သူကိုယ်တိုင်မုန်းခဲ့တာမှမဟုတ်တာ၊မင်းက ပြောပြီးသားစကား ရုပ်သိမ်းသွားတာ၊ အဲ့ဒီတော့ သွားသာရှင်းပြကွာ၊ မင်းကံကောင်းမှာပါ၊ အဖြစ်မှန်ကို သူ နားလည်ရင် ခွင့်လွှတ်စိတ်နဲ့ မနာကြည်းနိုင်တော့ဘူးလို့ ငါ ထင်တယ်'

'အေးလေ....ငါက နွေးကို တကယ်ချစ်တဲ့သူဆိုတော့ သူလက်ခံခံ မခံခံ ရှင်းတော့ပြရမှာမဲ့၊ ကြိုးတော့ ကြိုးစားကြည့်ပါဦးမယ်ကွာ'

ပြောပြီး လက်ဖက်ရည်ခွက်ကို မ,ယူသောက်သည်။
အနာဂတ်သည် မျှော်လင့်သလိုဖြစ်နိုင်ပါ့မလား တွေး၏။
အတွေးနှင့်ပင် ရင်ကမောလာရသည်။

*

(၃၃)

'ကံတရားက မင်းဘက်မှာရှိလာပြီ ရဲမင်းသူ'

'ဘာဖြစ်လို့လဲ'

'ဟိုမှာ နွေးတစ်ယောက်တည်း ထွက်လာပြီ'

ရင်မှာ အေးခနဲခံစားရသည်။

နွေးနှင့်တွေ့ဖို့ စောင့်စားလာရသည့်ရက်တွေ မနည်းတော့ပါဘူး။ နွေးကလည်း အပြင်လောကနှင့်အဆက်ဖြတ်ထားသည် ထင်ပါတယ်လေ။

စွယ်တော်ပင်အောက်မှာ ခပ်ကုန်းကုန်း ကလေးရပ်နေမိသည်။ အဖြစ်၊ နွေး သူ့ကိုကျော်သွားတော့....

'လိုက်....ရဲမင်းသူ၊ ဘာပဲဖြစ်ဖြစ် အဖြစ်မှန်ကို မင်း ရဲရဲဝံ့ဝံ့ ရှင်းပြရဲရမယ်'

မြိမ်းချမ်းနှင့် တင်ဝင်းလူက တွန်းထိုးသည်။

ခြေလှမ်းကိုရွေ့လျားလိုက်ပြီး နွေးနောက်မှ ခပ်ခွာခွာလိုက်သည်။

နွေးက သူ့ကို သတိထားမိဟန်မတူ။ လှိုင်းကို ဖြည်းဖြည်း မှန်မှန်ပင် လျှောက်နေ၏။ မြေနီသင်းချိုးကွေ့လေးမှာ လူရှင်း ပြတ်သည်ကိုသတိထားမိသည်။ သူ နွေးနောက်ကို မီအောင် လိုက်၏။

'နွေး....'

ခေါ်သံကို နွေး ကြားသည်။

ဖျတ်ခနဲ လှည့်အကြည့်မှာ အံ့ဩရိပ်များလွှမ်းသွားသော မျက်နှာကိုမြင်ရသည်။ သို့သော် နွေးမျက်နှာသည် ရှုံ့ခြည်း တင်းမာသွားပါ၏။



'ယူ ဘာလုပ်မလို့လဲ၊ ယူ တို့နဲ့ ပတ်သက်စရာမရှိဘူး'

ပြောပြီး နွေးက လှည့်ထွက်၏။

သည်နေရာမှာ စွန့်စားခြင်းကို ရဲမင်းသူ လုပ်သည်။

နွေးလက်ကို လှမ်းဆွဲထားလိုက်၏။ နွေးက အကင်းရုန်းသည်။

'နွေးကို ရှင်းပြပြီးရင် ကိုယ်သွားမှာပါ၊ ကိုယ်ရှင်းပြတာကို မကျေနပ်ဘူး၊ လက်မခံဘူးဆိုရင် နွေး လက်နဲ့ ကိုယ့်ပါးကို ဘယ်ပြန်ညာပြန်ရိုက်ပစ်လိုက်ပါ၊ ကိုယ် ရှင်းပြတာကိုတော့ နွေး နားထောင်ပါ'

နွေးအကြည့်က ရဲမင်းသူမျက်နှာဆီ ခပ်စိန်းစိန်းရောက်သည်။ အနေအထားက ဇွတ်ထားခဲ့ပြီးထွက်သွားလို့ မဖြစ်သည်ကို နွေး သဘောပေါက်လိုက်၏။ သူ့စကားကို နားမထောင်လျှင် အရာရာကို ရင်ဆိုင်မည်ဆိုသည့် ယောကျ်ားတစ်ယောက်၏ သတ္တိမှာနတွေ့ ရဲမင်းသူမျက်နှာမှာ ပေါ်နေ၏။

'ပြောစရာရှိရင် မြန်မြန်ပြော၊ အပြင်ထွက်လာတာ ယူ့ စကားနားထောင်ဖို့ မဟုတ်ဘူး၊ သည်လိုစောင့်နေမှန်း သိရင် တစ်သက်လုံး အိမ်အပြင်ကိုမထွက်ဘဲနေတယ်'

ပြောပြီး နွေးက မျက်နှာကိုလွှဲသည်။

'နားထောင်ပါနွေး၊ ခုပြောမယ့်စကားတွေဟာ ရေထူမြေထုကိုသက်သေတည်ဝန့်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အမှန်စကားတွေပါဟု စကားအစချီပြီး....'

* * *

'ခုပြောတာတွေဟာ အမှန်စကားပါနွေး၊ နွေး ကိုယ့်အပေါ်ထားတဲ့ အမျက်တွေပြေပါစေလို့ ရည်ရွယ်ပြီး ကိုယ်လာပြောတာပါ၊ နွေး အထင်ကြီးလေးစားတယ်ဆိုတဲ့လူမှာ ယုတ်ညံ့တဲ့ စိတ်ထားမျိုးတွေ မရှိခဲ့ပါဘူး နွေး၊ ကိုယ် လွယ်လွယ်နဲ့ ချစ်ခဲ့တာမဟုတ်လို့ လွယ်လွယ်နဲ့ မေ့လို့မရခဲ့ဘူးဆိုတာတော့ နွေးယုံပေးပါ၊ ကိုယ့်အပေါ်ကောင်းခဲ့တဲ့ သူငယ်ချင်းအတွက် နှလုံးသားကို စတေးပေးလိုက်တဲ့သူဆိုတာကိုတော့ နွေး အသိအမှတ်ပြုပေးပါ'

စကားတွေကို နားထောင်ရင်း နွေးမျက်နှာက အပြောင်းအလဲတွေကို သတိထားမိသည်။ တင်းမာသည့်မာန်များ တဖြည်းဖြည်း ယုတ်လျော့သွားပါ၏။



'ယုံပါလို့ ကိုယ်ထပ်ပြောပါရစေ နွေးရယ်'

'အဲဒါတွေ အမှန်နော်'

'အမှန်ပါ၊ ရဲမင်းသူဆိုတဲ့ကောင်ရဲ့ ရင်ထဲမှာ အမှန်တရားနဲ့ သစ္စာတရားတွေ အစဉ်ထာဝရရှိပါတယ် နွေး'

ပြောပြီး နွေးကိုကြည့်သည်။

နွေးက အကြည့်ကို ညင်သာစွာလွှဲ၏။

'နွေး'

ထပ်ခေါ်တော့ နွေးက မော့ကြည့်၏။

'ကိုယ့်ကို နွေးခွင့်လွှတ်ပါတယ်နော်'

'ဘာမှ မပြောရသေးပါဘူး'

'နွေးရယ်၊ နွေးမျက်လုံးထဲ သံသယဇဉ် အငွေ့အသက်တွေကို ကိုယ်မြင်ပါတယ်၊ နွေးမျက်နှာမှာ ဒေါသတွေ ကင်းမဲ့သွားတာကကို ခွင့်လွှတ်ခြင်းပဲ မဟုတ်လား နွေးရယ်'

နွေးမျက်နှာမှာ တည်ငြိမ်မှုတွေ စုစည်းလာ၏။

'နွေး'

စကားကို နွေးနားစွင့်နေသည်ကိုသိ၏။

'ကိုယ်တောင်းခံပါရစေ နွေးရယ်'

'ဘာကိုလဲ ကိုရဲမင်းသူ'

'မရနိုင်မှန်းသိလို့ အတင်းတောင်းတာ မဟုတ်ပါဘူး။ ရနိုင်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပါ နွေးကို ချစ်ခဲ့တာ ဘယ်အတိုင်းအတာထိဆိုတာ နွေးသိပါတယ်'

'ဟုတ်ပါပြီလေ ကိုရဲမင်းသူလိုရင်းက....'

'ကိုယ့် နွေးဆီက အဖြေကိုတောင်းခံပါရစေ၊ ကိုယ့်မှာ အပြစ်တွေရှိတယ်လို့ နွေးကသုံးသပ်ရင်လဲ ခွင့်လွှတ်နိုင်ပါစေ'

'ကိုရဲမင်းသူကို နွေးခွင့်လွှတ်ပါတယ်၊ အရင်တုန်းက ရိုးသားမှုနဲ့ ကူညီခဲ့တဲ့အပြုအမူတွေကို လေးစားခဲ့သလို အခု ကျေးဇူးတရားကို သိနားလည်တတ်သူ တစ်ဦးအဖြစ် နွေး ထပ်ပြီးလေးစားသွားပါမယ်၊ ဒါပေမယ့် ကိုရဲမင်းသူကို အဖြေပေးဖို့ကျတော့....'

စကားကိုတန့်ပြီး နွေးက စဉ်းစားဟန်ပြုသည်။

မျှော်လင့်ခြင်းကြီးစွာနှင့် မျက်နှာကိုကြည့်နေမိ၏။ ရင်ကတော့ အထိန်းချုပ်မဲ့စွာ တုန်ခတ်နေပါသည်လေ။

'ကိုရဲမင်းသူကို မချစ်နိုင်တော့ပါဘူးလို့ပဲ ဖြေပါရစေ'

'ဗျာ'



စိုးရွံ့ထိတ်လန့်ခြင်းများနှင့် စိတ်တစ်ခုလုံး ခြောက်ခြားစပြုသည်။ ဆုံးရှုံးပြီဆိုသောအသိက ခေါင်းထဲဝင်လာ၏။

'ကိုရဲမင်းသူနဲ့ ပတ်သက်လို့ နွေး ရန် ခုန် ခဲ့ ဖူး တယ်၊ ကိုရဲမင်းသူဆီက ပြန်ရုပ်သိမ်းတယ်ဆိုတဲ့ စကားကြားရတော့ ရှက်တာနဲ့ပြိုင်ပြီး မာနက ထူလာတယ်၊ နာကြည်းစိတ်နဲ့ မေ့ပျောက်ဖို့ကြိုးစားတယ်၊ မုန်းဖို့ကြိုးစားတယ်၊ ကိုရဲမင်းသူနဲ့ ပတ်သက်ခဲ့သမျှ ဖျောက်ဖျက်ပစ်ခဲ့တယ်၊ အမှန်အတိုင်းပြောရရင် ကိုမင်းဇော်ကို လက်ခံခဲ့တာကို ကိုရဲမင်းသူပြောခဲ့တဲ့စကားကြောင့်ပဲ၊ ကိုရဲမင်းသူနောက် တစ်ယောက်နဲ့တွဲသွားလို့ နွေးကတွဲပြတယ်လို့တော့မဆင်နဲ့ ကိုမင်းဇော်ကို လက်ခံပြီးချိန်အထိ နွေးစိတ်မှာ နာကြည်းနေတဲ့ ရှိပါသေးတယ်၊ အစွဲအလမ်းကြီးတယ်ပဲ ပြောရမလားမသိဘူး၊ ဒါနဲ့ နောက် မိုင်း ကျ တော့ ကိုမင်းဇော်ရဲ့အကြင်နာတွေ၊ အယုအယတွေကြားမှာ နွေးကြည်နူးခဲ့တယ်၊ ကိုမင်းဇော်က နွေးကို မြတ်မြတ်နိုးနိုးကိုချစ်ပါတယ်၊ နွေးလည်း အဲ့သလောက်မထင်ဘူး၊ စိတ်ထဲမှာလဲ ဘာမှမခံစားရဘူး၊ နောက်တော့ကိုရဲမင်းသူကို မေ့ချင် မုန်းချင် နာကြည်းချင်တဲ့စိတ်တွေကပဲ သူ့အပေါ် ချစ်တတ်သွားအောင် ပြောင်းလဲပေးလိုက်တယ် ထင်ပါတယ်'

'ဘာ....ဘာပြောတယ်နွေး'

နွေးကိုကြည့်ရင်း အံ့ဩစွာမေးသည်။

'ဟုတ်တယ်၊ နွေး ကိုမင်းဇော်ကို တကယ်ချစ်မိသွားတယ်။ အပြောင်းအလဲမြန်တဲ့ မိန်းကလေး တစ်ယောက်လို့ ကိုရဲမင်းသူ သတ်မှတ်ချင်သတ်မှတ်နိုင်ပါတယ်၊ အခုနေ နီးသူတွေဆိုတော့ နွေး သူ့အပေါ် ချစ်မိသွားတယ်လေ။ သူကားတိုက်ပြီး သေဆုံးသွားတော့ နွေးဘယ်လိုမှဖြေလို့ မရဘူး၊ ဒါနဲ့ သုံးသလောက် ခရီးထွက်ပြီး စိတ်ဖြေတယ်။ အိမ်ပြန်ရောက်တော့လဲ နွေးအပြင်ကို လုံးဝမထွက်ဘူး'

နွေးကို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေမိသည်။

'ဒါလဲ မေ့လို့မရပါဘူး၊ သူ့ကိုချစ်တဲ့အချစ်က အင်အားကြီးသွားတာ သိလိုက်ပြီလေ၊ အဲဒီအချိန်မှာ ကိုရဲမင်းသူကို ဘယ်လိုမှ သတိမရနိုင်တော့ပါဘူး။ အချိန်တိုတို အတွင်းမှာ နာကြည်းခဲ့ရသူဆိုတော့ သတိရရင်လဲ နာကြည်းနေရတော့ ချစ်ဖို့မကြိုးစားမိတော့ဘူးလေ၊ အခု အခြေအနေမှန်ကို သိရချိန်မှာ ကိုရဲမင်းသူကို ခွင့်လွှတ်နိုင်ပေမယ့် နွေးရဲ့ ရင်ထဲမှာ ကိုမင်းဇော်ရှိနေပြီ၊ နွေး ကိုရဲမင်းသူအတွက် တကယ်စိတ်မကောင်းပါဘူး'

'မင်းဇော် သူ့ဘာသာ လူ့လောကကြီးက အပြီးအပိုင် စွန့်ခွာသွားလို့ အချောင်စိတ်နဲ့ ကြားဝင်တယ်လို့တော့ နွေးမထင်ပါနဲ့နော်၊ ကိုယ့်ရင်ထဲမှာ နွေး အမြဲသာဝေ



ရှိနေပါတယ်၊ ဒါကြောင့်လဲ ကိုယ် အဖြေကို ပြန်လည် မျှော်လင့်မိတာပါ'

'နွေး နားလည်ပါတယ်၊ ကိုရဲမင်းသူကို နွေးမချစ်နိုင်လို့ ပြောတာပါ၊ မုန်းလို့မဟုတ်ပါဘူး၊ နွေးကို သူငယ်ချင်း အဖြစ်ပဲ ခင်မင်ပါလား ကိုရဲမင်းသူရယ်၊ အဲ့ဒါကိုတော့ နွေး လိုလိုလားလား ခွင့်ပြုနိုင်ပါတယ်'

ရင်မှာ လှပ်ဟာသွားရသည့်အဖြစ်ကို နွေးသိချင်မှ သိပါ မည်။

သူငယ်ချင်းအဖြစ်တဲ့လေ။

နွေး စိတ်ကျေနပ်အောင် ခေါင်းညိတ်လိုက်သည်ပဲထား၊ နှလုံးသားကို ဘယ်လိုလုပ် လိမ်ညာလို့ရမှာလဲ။

'နွေး'

ဘိုးညင်းစွာခေါ်မိသည်။

နွေးက မျက်နှာကိုမော့ကြည့်၏။

'ကိုယ် နွေးကိုချစ်တယ်၊ သည်စကားကို ကိုယ့်ဘ တစ်သက်တာမှာ ရုပ်သိမ်းမှုမရှိတဲ့ စကားလဲ ဖြစ်နေ ရပါစေမယ်'

'မဖြစ်နိုင်တော့ပါဘူး၊ ပထမတစ်ခါ ကိုရဲမင်းသူနဲ့တုန်း ကလဲ ခံစားခဲ့ရတယ်၊ ဒုတိယတစ်ခါ မင်းဇော်နဲ့ကျတော့ လဲ ခံစားခဲ့ရတယ်၊ ဒီတစ်ခါ ထပ်ခံစားရတဲ့ ဝေဒနာက နွေးကို အမြဲနှိပ်စက်နေဦးမှာပါ၊ နွေးဘဝ အေးငြိမ်းဖို့

ဆိုတာ ကြာဦးမှာပါ၊ နွေးကို နားလည်ပေးပါ၊ နွေး ခံစားရတာနဲ့ထပ်တူ ကိုရဲမင်းသူ ဘာလို့ခံစားနေမှာလဲ။

နွေး....နွေး သွားပါရစေ ကိုရဲမင်းသူ’

ထုံပါးမှ နွေး အပြေးကလေးထွက်သည်။

‘နွေး....နွေး’

လှမ်းခေါ်တော့ နွေး ခြေအစုံတန့်သွားသည်။

နွေး လည်းပြန်လှည့်ကြည့်ပါ၏။

‘နွေးနောက်ကို ပြေးလိုက်ဖို့ မကြိုးစားပါနဲ့ ကိုရဲမင်းသူ၊ နွေးရင်ထဲကအပူကို ကူပြီးနားလည်ပေးပါရှင်၊ သည်မြေ သည်ဒေသမှာ ကိုရဲမင်းသူ နွေးကို နောက်ဆုံးတွေ့ခြင်းပဲ နွေး နွေးလေ၊ ကိုရဲမင်းသူကို နှုတ်ဆက်လိုက်ပါတယ်’

ကျောခိုင်း ပြေးထွက်သည်။

နွေး၏ ရှိက်သံအပိုင်းအစများက နှလုံးသားဝန်ကျင်မှာပဲ တင်ထပ်ကျန်ခဲ့ပါ၏။

ဪ....နွေးရယ်။

တကယ်ဝေးပြီဆိုတာကို နားလည်လိုက်ပါတယ်။

( ၃၄ )

ခံစားမှုများစွာနှင့် ရင်အား စူးနစ်ဝင်ရောက်သည်အထိ စွဲမြဲ စွာ ချစ်ခဲ့ပါသည်နွေး။

ထာဝရအတွက် မဖြစ်ခဲ့သော်ငြား မကြာခဏတော့ အချစ်၊ ပတ်သက်သမျှ တပ်မက်လှစွာ သတိရနေပြန်ပါသည်လေ။

နာကြည်းစရာ စကားတွေဆိုခဲ့တာတောင် ခါးသီးခဲ့သူ၊ မဟုတ်တာ ခွင့်လွှတ်နိုင်တဲ့စကားတွေနဲ့ဆိုတော့ ဘယ်လို ပျောက်ပျက်မသွားနိုင်တာကို သိလိုက်ပါတော့နွေး။

ကာလ ဘယ်လိုရွေ့ရွေ့ ထာဝရ ကိုယ် မမေ့နိုင်တာ နွေးတစ်ယောက် သိပါစေလို့ ဆုတောင်းနေမိပါတယ်။

နှလုံးသားမှာ နေရာရပြီးမှ ဖယ်ခွာခဲ့ရတဲ့ ကိုယ့်အဖြစ်၊ မချစ်လို့မဟုတ်ဘဲ တမင်ပစ်ခဲ့ရတဲ့အဖြစ်တွေကို တွေးမိတိုင်း မျက်ရည်ဝိုင်းဆဲပါနွေး။

ခြံထောင့်က ပိတောက်ပင်မှာ ပိတောက်တွေဝေတိုင်း နွေကိုရောက်တိုင်း၊ သင်္ကြန်ကိုမြင်တိုင်း အမှတ်တရ ခြေရာတွေ ဖြစ်လို့ ဝေဒနာတွေ သစ်ကုန်ပါပြီလေ။

အခါမလပ် ကြားနေရတဲ့ နွေးအသံ၊ အခါမလပ်မြင်နေတဲ့ နွေးပုံရိပ်၊ အခါမလပ်ရရှိနေတဲ့ နွေးရဲ့ကိုယ်သင်းနံ့၊ ဒါတွေကို ပြန်ခံစားမိတိုင်း ဘယ်အခါမှ ပြန်မရက်နိုင်တဲ့ အိပ်မက်ဘစ်ခု နှယ်ပါနွေး။

ခွင့်လွှတ်စိတ်နဲ့ထပ်တူဖြစ်တဲ့အချစ်ဆိုတဲ့အရာ၊ ကာလဘယ်လို ကြာလို့ သစ်ပေမယ့် ထာဝရနွယ်လို့သာ ရစ်ပတ်နေဆဲပါနေး။ အဝေးကိုပြေးသော်လည်း အနီးမှာပဲ ရှိပါသေးတယ်လေ။

မျက်ဝန်းထဲက မထွက်နိုင်သေးတဲ့ အရိပ်တွေ။ နွေးနဲ့အတူ သွားလာခဲ့ စကားဖွဲ့ခဲ့တာတွေကို သတိရတိုင်း နွေးကို လွမ်းနေမယ်ဆိုတာ ယုံပါနွေး။

ခံစားလို့ ကျွမ်းမြေ့သမျှ နွေးကိုလွမ်း၍ မဝလို့သာပဲထင်ပါတယ်၊ နှလုံးသားမှာ ပူလောင်မှုတွေ ကြီးစိုးနေပါပြီနွေး။ ရာသီ



ဘယ်လိုပြောင်းပေမယ့်လဲ ကြာပြီဆိုပြီး ပျောင်းမှမသွားတာ နွေးရယ်။

နွေအခါ သစ်ရွက်လေးတွေကြွေလို့ ဥဩငှက်ငယ်ရဲ့ အသံကို နားထောင်ကြည့်ပါနွေး။ ချစ်သူကို တမ်းတနေတဲ့ကောင်လေး တစ်ယောက်ရဲ့ ငိုသံသဲ့သဲ့ကို ကြားရပါလိမ့်မယ်။

မိုးအခါ မိုးစက်လေးတွေကြွေလို့ တိမ်တိုက်တွေ မာန်ဟုန် စောင်းချိန်မှာ ကိုယ့်အငြိုးကြောင့် ရွာတယ်လို့ မထင်လိုက်ပါနဲ့။ နွေးကို ထာဝရခွင့်လွှတ်ချစ်ပြတတ်တဲ့ ကိုယ့်ရဲ့ရင်ထဲကလာတဲ့ မျက်ရည်စက်တွေကို မိုးစက်အဖြစ် ကူးပြောင်းစေခဲ့တာလို့ သိလိုက်ပါ။

ဆောင်းအခါ နှင်းပွင့်လေးတွေ ကြွေကျလာရင် ချစ်သူကို တမ်းတနေတဲ့ မျက်နှာတစ်ခုကို နှင်းထုကြားထဲမှာ မြင်ယောင် လိုက်ပါ၊ ရင်ထဲကအပူတွေ နှင်းစက်လေးတွေပေါ် ကူးဖြတ် ပေမယ့် နွေးကိုတော့ အေးမြစေမှာပါလေ။

ထာဝရအတွက် ကြေကွဲရင်း ထာဝရအတွက် ခံစားနေရ ဆဲပါ။

ဟိုအရင် ချစ်သူဘဝကို ရောက်ခဲ့ရင်ဆိုတဲ့ အတွေးတွေဝေးလို့ အဆေးဆိုတဲ့ ဒဏ်ရာကို ကိုယ်ရရှိနေပါပြီ။

နွေးရယ်....

ဘယ်လိုပဲမုန်းမုန်း

ခံစားပြီး နှလုံးသားထဲမှာ နွေးရှိတယ်ဆိုတာရယ်၊ နွေးပေးသွားတဲ့ ဝေဒနာကြောင့် နှလုံးသားလေး နွေး ကျန်ရစ်ခဲ့တာရယ်....

ဒါကြောင့်လေ....

နှလုံးသားမှာ နွေးနေသည်....လို့ပဲ........